ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ တနင်္လာနေ့။ Monday, 23 November 2020 ၁၀၂၀၅

# ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဂျိုးဖြူဓာတ်အားခွဲရုံနှင့် သိမ်ကုန်းဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားများ ကျင်းပ



၁၁/၁၁ ကေဗွီ(၅)အမ်ဗွီအေ ဂျိုးဖြူဓာတ်အားခွဲရုံကို တွေ့ရစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ၏ ၂၀၁၉-၂၀၂၀ ဘတ်ဂျက်ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂျိုးဖြူဓာတ်အားခွဲရုံနှင့် ဥက္ကံမြို့ သိမ်ကုန်းဓာတ်အားခွဲရုံတို့၏ ဖွင့်ပွဲ အခမ်းအနားများကို ယနေ့တွင် အဆိုပါ ဓာတ်အားခွဲရုံများ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားများသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဥက္ကဋ္ဌနှင့် အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံ ယနေ့ ဖတ်စရာ

ရန်ကုန်တက္ကသိုလ်ကျောင်းတော်သား ကျွန်တော်
ဆောင်းပါး စာမျက်နှာ » ၆

ဆင်းရဲသည့်နိုင်ငံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး မျှတစွာရရှိရေး ကူညီဆောင်ရွက်ပေးရန် ဂျီ-၂၀ ခေါင်းဆောင်များ ကတိပြု
စာမျက်နှာ » ၁၂


အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့ သမိုင်းဝင်ရွေးကောက်ပွဲကြီးနဲ့ MRTV
ဆောင်းပါး စာမျက်နှာ » ၁၄

## ပြည်ပနိုင်ငံများရောက် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် တရုတ်(တိုင်ပေ)၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၂၀ အပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၉ ဦးအား ဟောင်ကောင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ အစီအစဉ်ဖြင့် (၇)ကြိမ်မြောက်အဖြစ် China Airlines လေကြောင်းကုမ္ပဏီလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၆ သို့ ✻



တရုတ်(တိုင်ပေ)မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

## ကြေးမုံ

# ကလေးသူငယ်အခွင့်အရေးကာကွယ်

မျက်မှောက်ကာလတွင် လူမှုဘဝနယ်ပယ်၌ စီးပွားရေး၊ လူမှုရေး စသည့် အရေးကိစ္စအမျိုးမျိုးတို့ဖြင့် နိစ္စဓူဝ နေ့စဉ်နှင့်အမျှ အလုပ်ရှုပ်ကြသည် မှန်သော်ငြားလည်း မိမိတို့၏ရင်သွေး၊ မိမိတို့၏ကလေးသူငယ်များကို မေ့လျော့ပစ်ပယ်ထားခြင်း အလျင်းမပြုမိစေဘဲ သတိပြုစောင့်ရှောက်ပေးသင့် ပေသည်။ ကလေးသူငယ်ဆိုသည်မှာ အသိမကြွယ် အားငယ်သောအရွယ်ဖြစ်၍ မဖြစ်သင့်မဖြစ်ထိုက်သော အမှုကိစ္စများမဖြစ်ရလေအောင် ဂရုစိုက် စောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

ယခုအခါ ကလေးသူငယ်များနှင့်ပတ်သက်၍ လျစ်လျူရှုစွန့်ပစ်မှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ ပြစ်မှုကျူးလွန်မှုများကို စိတ်မချမ်းမြေ့ဖွယ် ကြားသိ နေရသည်။ မြန်မာနိုင်ငံတွင် မသန်စွမ်းကလေးသူငယ်များ၊ ပညာမသင်ရဘဲ အလုပ်လုပ်နေရသော ကလေးသူငယ်များ၊ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းကလေးသူငယ်များ၊ တိုက်ပွဲရှောင်ကလေးသူငယ်များ၊ လူကုန်ကူး ခံရသော ကလေးသူငယ် လူငယ်လူရွယ်များ၊ စွန့်ပစ်ခံ ရင်ခွင်မဲ့ကလေးငယ်များ၊ လမ်းပေါ်နေ လေလွင့်ကလေးသူငယ်များ၊ သက်ငယ်မုဒိမ်းမှု ကျူးလွန်ခံရသော ကလေးငယ်များ၊ ဥပဒေနှင့် ရင်ဆိုင်နေရသောကလေးသူငယ်များ ရှိနေသည်။

အဆိုပါ ကလေးသူငယ် ငယ်ရွယ်သူများ၏ဘဝများ လုံခြုံစိတ်ချမှု ရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုအသိုက်အဝန်း အတွင်း၊ မိသားစုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အဓိကဆောင်ရွက်ပေးလျက်ရှိသည်။ သို့သော်အခြားဆက်စပ်ဌာနများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်း(ယူနီဆက်) အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူ များနှင့်ပါ ပူးပေါင်းလက်တွဲပြီး ကလေးသူငယ်များဆိုင်ရာအရေးကိစ္စများ ကို အချိန်နှင့်တစ်ပြေးညီ ဖော်ထုတ်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်မည် ဖြစ်သည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းတည်ဆောက် နေပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးကို ဦးတည်ရည်မှန်း ထားရာ တိုင်းရင်းသားဒေသများမှ ကလေးသူငယ်များအပါအဝင် ပြည်သူ တစ်ဦးချင်းစီအပေါ်တွင် လူမျိုး၊ ဘာသာ၊ ဒေသ၊ အဆင့်အတန်းမခွဲခြားဘဲ၊ တိုင်းရင်းသားပြည်သူများ တစ်ဦးတစ်ယောက်မျှ ချန်လှပ်မထားဘဲ သာတူ ညီမျှ အခွင့်အရေးရရှိခံစားနိုင်ရေး၊ ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးတို့ကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့၌ ကလေး သူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အပြည်ပြည်ဆိုင်ရာ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ယနေ့ထက်တိုင် ပါဝင်ဆောင်ရွက်နေသည်။ ကလေးသူငယ်များနှင့်ပတ်သက်၍ အခြားနိုင်ငံ များနည်းတူ တက်ကြွစွာလုပ်ကိုင်ဆောင်ရွက်နေပြီး ရှေးဦးအရွယ်ကလေး သူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာများ ရေးဆွဲပြဋ္ဌာန်းဆောင်ရွက်နေသည်။ ၂၀၁၂ ခုနှစ်တွင် ကလေးသူငယ်အားရောင်းချခြင်းနှင့် ညစ်ညမ်းရုပ်ပုံများဆိုင်ရာ နောက်ဆက်တွဲ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေသစ် အဖြစ် ရေးဆွဲအတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ကုလသမဂ္ဂကွန်ဗင်းရှင်း၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲအခြေပြ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။

ကလေးသူငယ် တစ်ဦးချင်းစီအတွက် ကလေးသူငယ်အခွင့်အရေးများ နှင့်အညီ နည်းမှန်လမ်းမှန် ပြုစုကာကွယ်စောင့်ရှောက်ပေးနိုင်ရန် စနစ်ကျ သည့်မူဝါဒများ၊ ဥပဒေများ လိုအပ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကလေး သူငယ်ဆိုင်ရာ ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ငါးနှစ်တာ ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ယခုနှစ်ကုန်တွင် ကုလသမဂ္ဂကွန်ဗင်းရှင်းသို့ အစီရင်ခံတင်ပြရမည်ဖြစ်၍ ဒီမိုကရေစီစံနှုန်း များနှင့်အညီ ကလေးသူငယ်အခွင့်အရေးများကို လက်တွေ့အကောင် အထည်ဖော်နိုင်မှုအား ထုတ်ဖော်သက်သေပြနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် ကလေးသူငယ်များ၏ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်မှုပေးရေးများတွင် အခက်အခဲများ ရှိနိုင်သော်လည်း လတ်တလောဖြစ်ပေါ်နေသော ကလေးသူငယ်ဆိုင်ရာ ပြဿနာများ၊ အခက်အခဲများ၊ လိုအပ်ချက်များအား အားလုံးဝိုင်းဝန်းပူးပေါင်း လက်တွဲဆောင်ရွက်ပေးခြင်းအားဖြင့် အနာဂတ်မျိုးဆက်များအား ပစ်ပယ် ထားရာမရောက်ဘဲ တိုးတက်ဖွံ့ဖြိုးလုံခြုံစိတ်ချအောင် စောင့်ရှောက်ပေးရာ ရောက်မည် ဖြစ်ပါကြောင်း။ ။

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ကာကွယ်တုံ့ပြန်ဖို့၊ သီးသန့်ရန်ပုံငွေထားရှိလို့ အချက်အလက်ကောက်ယူစို့"

"Orange the World: Fund, Respond, Prevent, Collect!"

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာ စိပ်စိပ်၊ ကချင်ပြည်နယ်တွင် နေရာ ကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ... ရောဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည် နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ် အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် အများ အားဖြင့် သာယာမည်။ **မိုး/ဇလ**

## ကမ္ဘောဇဘဏ်က ရှာငံနှင့်မြို့ကြီးသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**တောင်ကြီး နိုဝင်ဘာ ၂၂**

ကမ္ဘောဇဘဏ်က ယနေ့နံနက်ပိုင်း တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံ မြို့နှင့် မြို့ကြီးမြို့ရှိ ပြည်သူ့ဆေးရုံ များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ် ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်း သည်။

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများက ရှာငံမြို့နှင့်မြို့ကြီး မြို့ ပြည်သူ့ဆေးရုံများရှိ ပိုးတွေ့လူနာ များနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှု ပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ဆေးရုံသုံးနှာခေါင်းစည်း ၄၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၂၄၀ နှင့် ဆေးရုံကြီးများအတွက် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ စီတို့ကို ရှာငံမြို့နယ် ပြည်သူ့ဆေးရုံ သို့ သွားရောက်ပေးအပ်လှူဒါန်းရာ ရှာငံမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးမင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းစိုးတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ အတွက် တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် ငွေကျပ်သိန်းပေါင်း ၈၄၄၀၄ သိန်း လှူဒါန်းထားပြီး ဆက်လက်၍ နိုင်ငံတော်နှင့် ပြည်သူအတွက် လူမျိုး မရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို အချိန်နှင့် တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့ လှူဒါန်းရန် စီစဉ်ထားကြောင်း သိရ သည်။

**ကိုကျော်**



## ချောင်းဦးမြို့နယ် ကျော်ဇေယျာ နှီးလက်မှုကုန်ထုတ် သမဝါယမအသင်းမှ အိမ်သုံးနှီးပစ္စည်းရက်လုပ်လျက်ရှိ

**ချောင်းဦး နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ကျော်ဇေယျာနှီးလက်မှု ကုန်ထုတ်သမဝါယမအသင်းမှ EXIM Bank ၏ ပံ့ပိုးချေးငွေကျပ် ၇၁၄ သိန်းရယူ၍ အသင်းသား ၂၅၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၂၈၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးခဲ့ပြီး ကျေးရွာကုန်ထုတ်လုပ်ငန်းဖြစ်သည့် နှီးလက်မှုလုပ်ငန်းဖြစ်သော ယပ်တောင်၊ ဆန်ကော၊ ဆန်ခါခုံး၊ တင်းတောင်း၊ ခွဲတောင်းနှင့် တောင်းအမျိုးမျိုးရက်လုပ်လျက်ရှိရာ ကိုဗစ်-၁၉ ကာလအတွင်း မိသားစုတစ်ပိုင်တစ်နိုင်ဝင်ငွေရရှိပြီး တစ်ဦးလျှင် တစ်လပုံမှန် ဝင်ငွေကျပ် ၁၇၀၀၀၀ ခန့်ရရှိ၍ အသင်းသားများ၏ လူမှုရေး၊ စားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## လှည်းကူးမြို့နယ် ငွေလှည်းကူးလယ်ယာဝန်ဆောင်မှုသမဝါယမအသင်းမှ ရိတ်သိမ်း၊ ထွန်ယက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ငွေလှည်းကူးလယ်ယာဝန်ဆောင်မှု သမဝါယမ အသင်းမှ အသင်းသားပိုင် ရိတ်သိမ်းခြွေလှေ့စက် တစ်စီး၊ ထွန်စက် သုံးစီးတို့ဖြင့် လယ်ယာ မြေများကို ဒေသပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ရိတ်သိမ်း၊ ထွန်ယက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဗိုက်ကြီးကျေးရွာ၊ လက်ပံကျေးရွာ၊ ကျန့်ကုန်းကျေးရွာ များရှိ စုစုပေါင်း လယ်မြေဧက ၁၅၀ ကို တစ်ဧကလျှင် ငွေကျပ် ၄၀၀၀၀ နှုန်းဖြင့် ရိတ်သိမ်း ပေးခဲ့သည်။ ထို့ပြင် ဆောင်းသီးနှံများ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် မြေတစ်လွှာလျှင် ငွေကျပ် ၁၇၀၀၀ နှုန်းဖြင့် ဧကပေါင်း ၂၀၀ ကျော်ကို ထွန်ယက်ပေးခဲ့ပြီး သီးနှံများအချိန်မီ ရိတ်သိမ်းထွန်ယက်စိုက်ပျိုးနိုင်သည့်အတွက် တောင်သူများသီးနှံအထွက်တိုး၍ ဝင်ငွေများ တိုးပွားလာသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သည်။

**သတင်းစဉ်**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အငယ်တန်း** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | - | ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | - | ဦးခင်မောင်ဝင်း |
| | | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | - | ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| **အကြီးတန်း** | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့ |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်၊ ဦးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းတို့က သိမ်ကုန်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာ မော်ကွန်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

❖ ရွှေဖုံးမှ

ရွှေဦးစွာ တိုက်ကြီးမြို့နယ်ရှိ ၃၃/၁၁ကေဗွီ(၅)အမ်ဗွီအေ ဂျိုးဖြူ ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာ မော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသ ကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ရှိန်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ခွဲရုံအတွင်း လှည့်လည် ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ရှိ ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ သိမ်ကုန်း ဓာတ်အားခွဲရုံ ဖွင့်ပွဲ၌ အဖွင့်အမှာစကား ပြောကြားရာတွင်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်တိုင်း ဒေသကြီး အစိုးရ၏ ရန်ပုံငွေအသုံးပြု၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ခဲ့သော ဓာတ်အားခွဲရုံ ၁၃ ရုံ ရှိရာ မြောက်ပိုင်း ခရိုင်အတွင်း တည်ဆောက်ရန်ဖြစ်သော ဓာတ်အားခွဲရုံ ခြောက်ရုံအနက် မှော်ဘီမြို့နယ်တွင် ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ ခွဲရုံများဖြစ်သည့် ရေကျော်ဓာတ်အားခွဲရုံနှင့် ဝါးနက်ချောင်းဓာတ်အားခွဲရုံ နှစ်ရုံတို့ကို လည်းကောင်း၊ ထန်းတပင်မြို့နယ်အတွင်း ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေခွဲရုံများဖြစ်သည့် ကျူတောဓာတ်အားခွဲရုံနှင့် တက်သစ်ကျွန်းဓာတ်အားခွဲရုံတို့ကို လည်းကောင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ယနေ့တွင် တိုက်ကြီးမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ ဂျိုးဖြူခွဲရုံအား ဖွင့်လှစ်ပေးခဲ့ပြီး ယခုအခါ ၃၃/၁၁ ကေဗွီ(၅)အမ်ဗွီအေ သိမ်ကုန်း ခွဲရုံအား ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း။

**တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်**

ယခုကဲ့သို့ ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ကျေးရွာပေါင်း ၁၂ ရွာ၊ အိမ်ထောင်စုပေါင်း ၈၀၀ ကျော်မှာ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း၊ ယနေ့အထိ မြောက်ပိုင်းခရိုင်အတွင်း ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေဓာတ်အားခွဲရုံသစ် စုစုပေါင်း ခြောက်ရုံကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့ ပူးပေါင်းပြီး မိမိတို့၏ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများနှင့် စက်မှုလက်မှု လုပ်ငန်းများတွင် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးခွဲရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ တည်ဆောက်၍ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများသို့ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလကုန်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ကျေးလက်နေ ပြည်သူများ အားလုံး ၁၀၀ ရာခိုင်နှုန်းအထိ လျှပ်စစ်ဓာတ်အားရရှိအောင် ရည်မှန်းချက်ထား စီမံဆောင်ရွက်လျက်ရှိကြောင်း၊ သို့ပါ၍ လျှပ်စစ်မီး ထပ်မံရရှိသွားသည့် ပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အစစထပ်မံ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလွင်စိုးမင်းက ကျေးဇူးတင်စကား ပြောကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် သိမ်ကုန်းဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာ မော်ကွန်းအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးလွင်စိုးမင်းတို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ခွဲရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



၃၃/၁၁ကေဗွီ(၅)အမ်ဗွီအေ သိမ်ကုန်းဓာတ်အားခွဲရုံကို တွေ့ရစဉ်။

❋ ပြည်ပနိုင်ငံမှ

ထို့ပြင် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ မြန်မာသံရုံးနှင့် မြန်မာပင်လယ်ရေကြောင်းအလုပ်သမားများအဖွဲ့ချုပ် (MMWF) တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ၊ အင်ချွန်းအပြည်ပြည် ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ အဆိုပါ ကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၈၂ ဦး၊ ဒိုဟာနိုင်ငံမှ ၁၅ ဦး၊ ယူအေအီးမှနှစ်ဦး၊ တရုတ်(တိုင်ပေ)မှ တစ်ဦး၊ အီဂျစ်မှ ခြောက်ဦး၊ တူရကီမှ သုံးဦး စုစုပေါင်း ၁၀၉ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည် ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိမြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တီးတိန်နှင့် မတူပီ မြို့နယ်တို့၌ ဖောက်လုပ်သည့် ဒေသဖွံ့ဖြိုးရေးလမ်းများ ရာနှုန်းပြည့်ပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် မတူပီမြို့နယ်တို့၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ရန်ပုံငွေဖြင့် ဖောက်လုပ်သည့် ဒေသဖွံ့ဖြိုးရေးလမ်းများမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ချင်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(ဟားခါး) မှ သိရသည်။

**သွားလာနိုင်ပြီဖြစ်**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(မတူပီ)မှ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၃၁၁ ဒသမ ၀၂၃ သန်းဖြင့် ဆောင်ရွက်သည့် မတူပီမြို့နယ် လိုင်လင်းပီ-မာလာကြားမြေလမ်း ၁၅ မိုင်အနက် ခုနစ်မိုင် ဖောက်လုပ်ပြီး ကျန် ရှစ်မိုင်အား လမ်းမျက်နှာပြင်အကျယ် ၂၆ ပေ တောင်ကမ်းပါးယံဘက်ခြမ်းရေမြောင်း သုံးပေ အပါအဝင် စုစုပေါင်း ၂၉ ပေအကျယ် အပြီးသတ်ဖောက်လုပ်မှုမှာ ယခုအခါ ပြီးစီးပြီဖြစ်သဖြင့် မတူပီမြို့နယ်ရှိ ပြည်သူများအနေဖြင့် လိုင်လင်းပီမြို့နှင့် မတူပီမြို့သို့ အချိန်တိုအတွင်း အလွယ်တကူ ကူးလူးသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အလားတူ မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး(တီးတိန်)မှ နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေကျပ် ၅၇၂ ဒသမ ၇၈ သန်းဖြင့် တီးတိန်မြို့နယ်ရှိ ခိုင်ကမ်း-ပိန်းပိလမ်း ၁၀ မိုင် အနက်နှစ်မိုင် ကွန်ကရစ်ခင်းပြီး ကျန် ရှစ်မိုင်အနက် ကွန်ကရစ်လမ်း နှစ်မိုင်အား ၁၂ ပေအကျယ်၊ ကျောက်ခြောက်လက်မဒု၊ ကွန်ကရစ် ခုနစ်လက်မဒု ခင်းခြင်းလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့်ကျေးရွာအုပ်စု ကိုးအုပ်စု၊ ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၆၆၈ အိမ်၊ လူဦးရေ ၂၈၀၀ တို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ယင်း ခိုင်ကမ်း-ပိန်းပိလမ်း ၁၀ မိုင်အား သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေလျာထားပြီး ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ကွန်ကရစ်လမ်း လေးမိုင်အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း တစ်မိုင်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



**ဇော်ရှိန်း(ဓာတု)**

# Oxygen Donors & Volunteers လူမှုကူညီရေးအဖွဲ့က ကိုဗစ် – ၁၉ ရောဂါ ကုသရေးဌာနများသို့ အလှူငွေနှင့် ကုသရေးပစ္စည်းများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၂**

Oxygen Donors & Volunteers လူမှုကူညီရေးအဖွဲ့က ကိုဗစ် – ၁၉ ရောဂါ ကုသရေးဌာနများသို့ ငွေကျပ်သိန်း ၁၃၄၃၀ နှင့် နှလုံးခုန်စက် ငါးလုံး၊ အောက်ဆီဂျင်စက် ၁၁၇ လုံး ပေးအပ်လှူဒါန်းခြင်းကို ယနေ့မွန်းလွဲ ၂ နာရီက သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘူမိ Event Park ရှိ Oxygen Donors & Volunteers လူမှုကူညီရေးအဖွဲ့ရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကူညီထောက်ပံ့လှူဒါန်းရေးဦးစီးကော်မတီ အကြီးတန်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာနများတွင် ပြုပြင်မွမ်းမံရေးနှင့် ကူညီထောက်ပံ့လှူဒါန်းမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ခဲ့မှုများ၊ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများ စီမံဆောင်ရွက်ထားရှိမှုများနှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနနှင့် စေတနာ့ဝန်ထမ်းများ၏ ကိုဗစ်–၁၉ စင်တာများတွင် တာဝန်ထမ်းဆောင်နေမှုအခြေအနေများကို ပြောကြားသည်။



ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးက ဆေးရုံတွင် ကိုဗစ်–၁၉ လူနာများ ကုသပေးနေမှုများ၊ ဆေးရုံပြန်လည်ပြုပြင်မွမ်းမံခဲ့မှုအခြေအနေများ၊ ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာ၊ ဒဂုံဆိပ်ကမ်း (၁) နှင့် (၂) မှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာအေးအောင်က စင်တာတွင် ရောဂါကုသပေးနေမှုများ၊ စင်တာများသို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းသည့်အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတရုတ်ကုန်သည်ကြီးများအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာဗုဒ္ဓဘာသာ သာသနာ့နုဂ္ဂဟအသင်း ဒုတိယဥက္ကဋ္ဌနှင့် ခရစ်ယာန်၊ တမီးလ်၊ ဟိန္ဒူ၊ အစ္စလာမ်ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့များမှ ဥက္ကဋ္ဌများက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကြသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီလီမိတက် (SKY NET) နှင့် ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့က ငွေကျပ် ၄၇၂၂၅၂၂၆၄ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အခြေခံစားသောက်ကုန်များကို တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ပရဟိတဂေဟာများ၊ ဘိုးဘွားရိပ်သာ၊ ဘာသာရေးစာသင်တိုက်များသို့ လှူဒါန်းခဲ့မှုများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ ထို့နောက် ရွှေသံလွင်ကုမ္ပဏီလီမိတက် (SKY NET) နှင့် မြန်မာနိုင်ငံ လိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ် (MLCA)တို့မှ ဦးဆောင်မတည်ထောက်ပံ့ကူညီလှူဒါန်းမှုများဖြင့် Oxygen Donors & Volunteers လူမှုကူညီရေးအဖွဲ့က ကိုဗစ်–၁၉ ရောဂါ ကုသရေးဌာနများသို့ တန်ဖိုးငွေကျပ်သိန်း ၁၃၄၃၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နှလုံးခုန်စက် ငါးလုံး၊ အောက်ဆီဂျင်စက် ၁၁၇ လုံးကို အလှူရှင်များက လှူဒါန်းရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# ဇန်းမောက်မြို့၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ကျန်းမာရေးသုံးပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း



**ဇန်းမောက် နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဇန်းမောက်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ဆောင်ရွက်ရန်အတွက် မံအင်မင်းကုန်းကျေးရွာအုပ်စုမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စေတနာအလှူရှင်များက မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့သို့ ယမန်နေ့ညနေ ၅ နာရီက အလှူငွေနှင့်ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

လှူဒါန်းရာတွင် မံအင်မင်းကုန်းကျေးရွာအုပ်စုမှ စီးပွားရေးလုပ်ငန်းရှင် ဦးစံမြ၊ မံအင်မင်းကုန်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်နှင့် စေတနာအလှူရှင်များက အလှူငွေကျပ် ၁၃၅၀၀၀၀ နှင့် နှာခေါင်းစည်း သုံးဖာတို့ကို လှူဒါန်းခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်လင်းနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဇန်းမောက်)**



# ရေတ်ကောင်းမြို့၌ စားသောက်ဆိုင်များအား ပြန်လည်ဖွင့်လှစ်နိုင်ရန် ကွင်းဆင်းစစ်ဆေး

**ငရုတ်ကောင်း နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းမြို့၌ လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များ ကိုဗစ်–၁၉ စံသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များ ပြင်ဆင်ထားရှိမှုရှိ/မရှိကို ယနေ့နံနက်ပိုင်းက ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်လင်းနှင့်အဖွဲ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရှိရမည့်အချက်များ၊ သန့်ရှင်းရေးလုပ်ငန်းများ၊ စားသုံးသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ ပြင်ဆင်ထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

စားသောက်ဆိုင်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ထပ်မံစစ်ဆေး၍ ကျေနပ်မှုရှိမှသာ ဖွင့်လှစ်ရောင်းချခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြုံးမောင်မောင်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ လူနာ ၄၄ ဦး ထပ်တိုးတွေ့ရှိ၍ ပိုးတွေ့လူနာပေါင်း ၁၁၅၇ ဦးထိ ရှိလာ

**မကွေး နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး၌ ကိုဗစ်–၁၉ ပိုးတွေ့အတည်ပြုလူနာ ၄၄ ဦး ထပ်တိုးတွေ့ရှိ၍ ပိုးတွေ့လူနာပေါင်း ၁၁၅၇ ဦးထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

“ဒီကနေ့ ပိုးတွေ့လူနာ ၄၄ ဦး ထပ်တိုးတွေ့ရှိတာပါ။ ပိုးတွေ့တဲ့မြို့နယ်တွေက မြိုင် ခြောက်ဦး၊ ကံမ တစ်ဦး၊ အောင်လံ တစ်ဦး၊ မကွေး တစ်ဦး၊ နတ်မောက် လေးဦး၊ မင်းဘူး ငါးဦး၊ ရေစကြို တစ်ဦး၊ ဂန့်ဂေါ တစ်ဦး၊ စလင်း ရှစ်ဦး၊ တောင်တွင်းကြီး တစ်ဦး၊ ချောက် ကိုးဦးနဲ့ ရေနံချောင်း ခြောက်ဦးတို့ ဖြစ်ပါတယ်။ ပိုးတွေ့လူနာတွေထဲက မကွေး တစ်ဦး၊ မင်းဘူး တစ်ဦးနဲ့ ရေစကြို တစ်ဦးတို့က ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေပါ။ ကျန်တဲ့သူတွေက ရန်ကုန်၊ မန္တလေး၊ ပဲခူးပြန် (ကန့်သတ်စောင့်ကြည့်ရေးစခန်း)တွေက ဖြစ်ပါတယ်။ ဒီကနေ့အထိ မကွေးတိုင်းဒေသကြီးအတွင်းမှာ ကိုဗစ်–၁၉ ပိုးတွေ့အတည်ပြုလူနာ စုစုပေါင်း ၁၁၅၇ ဦး ရှိပြီဖြစ်တယ်” ဟု တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်သန်းက ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ယခုအချိန်ထိ ကိုဗစ်–၁၉ ပိုးတွေ့ရှိလူနာ စုစုပေါင်း ၁၁၅၇ ဦးထိ ရှိပြီဖြစ်ပြီး တိုင်းဒေသကြီးမှ ဆေးရုံအသီးသီးတွင် ဆေးရုံ



တက်ရောက်ဆဲ ၃၁၅ ဦးရှိကာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံဆင်းခွင့်ရရှိသူ ၈၄၀ နှင့် သေဆုံးသူ နှစ်ဦးရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး Virtual Meeting ပုံစံဖြင့် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၂၉) ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်တွင် Virtual Meeting ပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။

အသင်းသားများ ပါဝင်တက်ရောက်ကြရန်နှင့် ဆွေးနွေးအကြံပြုချက်များကို ကုန်သည်/စက်မှုအသင်းချုပ် အသင်းသားရေးရာဌာနသို့ ဒီဇင်ဘာ ၁၀ ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာကို အသင်းသားများထံ အီးမေးလ်ဖြင့် ပေးပို့သွားမည်ဖြစ်ပြီး အစီရင်ခံစာ CD ခွေကို ကုန်သည်/စက်မှုအသင်းချုပ်အသင်းသားရေးရာဌာနတွင် သွားရောက်ထုတ်ယူနိုင်သည်။

နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်နိုင်ရန်အတွက် Online Registration ဖြင့် www.umfcci.com.mm နှင့် Facebook UMFCCI – Union of Myanmar Federation of Chambers of Commerce and Industry တို့တွင် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပြီး Meeting Link၊ Meeting ID နှင့် Passcode များကို ပြန်လည်ပေးပို့မည်ဖြစ်ကြောင်း သိရသည်။

**အောင်သူရ**

# မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရေး လူထုလှုပ်ရှားမှု ဆောင်ရွက်



ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေး သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များအား လက်ကိုင်အသံချဲ့စက်များဖြင့် အသိပညာပေးနှိုးဆော်စဉ်။
ခရိုင်(ပြန်/ဆက်)



ရခိုင်ပြည်နယ် မြောက်ဦးမြို့ပေါ်ရပ်ကွက်ရှိ လူအဝင်/အထွက်များသောနေရာများတွင် နှာခေါင်းစည်း အခမဲ့ပေးဝေကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်စဉ်။
ဦးကိုရွှေ(ပြန်/ဆက်)



ရခိုင်ပြည်နယ် မာန်အောင်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လူစည်ကားရာနေရာများတွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေကာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။
မြို့နယ်(ပြန်/ဆက်)



ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လမ်းသွား၊ လမ်းလာများအား နှာခေါင်းစည်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ပေးဝေစဉ်။
မြို့နယ်(ပြန်/ဆက်)



ကချင်ပြည်နယ် ကန်ပိုက်တီမြို့ လူစည်ကားရာနေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေကာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ကချင်ပြည်နယ် မိုးကောင်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေကာ လက်ကိုင်အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။
မြို့နယ်(ပြန်/ဆက်)



မွန်ပြည်နယ် လမိုင်းမြို့ လူစည်ကားရာနေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေကာ ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာများ အခမဲ့ဖြန့်ဝေပေးစဉ်။
ကျင်မောင်

# ရန်ကုန်တက္ကသိုလ်ကျောင်းတော်သား ကျွန်တော်

## စိန်ဝင်း



ပင်းယဆောင်။ ဓာတ်ပုံ – မြင့်စိုး

ယခုနှစ် ရာပြည့်ပွဲတော်ကျင်းပလျက်ရှိသည့် ရန်ကုန်တက္ကသိုလ်ကြီးတွင် ကျွန်တော်သည် ကျောင်းသားနှစ်ကြိမ် ဖြစ်ဖူးပါ၏။ ပထမအကြိမ်မှာ ၁၉၇၂ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိဖြစ်ပြီး ဒုတိယတစ်ကြိမ်မှာ ၁၉၈၇ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၏ စိန်ရတုကာလ ကျောင်းသားဖြစ်ခဲ့ပြီး ယင်းကာလနှင့်ပတ်သက်၍ ရေးသားမှုများစွာ မတွေ့ရသောကြောင့် ကျွန်တော်တို့ကာလ အတွေ့အကြုံများကို ပြန်လည်မျှဝေလိုစိတ် ဖြစ်ပေါ်မိပါသည်။

ကျွန်တော်သည် ၁၉၇၂ ခုနှစ် မတ်လတွင် ကျင်းပသော အခြေခံပညာအထက်တန်းစာမေးပွဲကို မေမြို့(ယခု–ပြင်ဦးလွင်)မှ ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ဆေးတက္ကသိုလ်တက်ရန် အမှတ်မီသော်လည်း မိဘများမှာ ငွေကြေးဖူလုံသူများမဟုတ်သဖြင့် ဆေးတက္ကသိုလ်တက်ရန် ထောက်ပံ့မည့်သူ နှစ်ဦးရှိသည့်ကြားမှ ရန်ကုန်တက္ကသိုလ်တက်လိုသဖြင့် အခြေခံသိပ္ပံပညာချွန်ဆု လျှောက်ထားခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ်တက်လိုရခြင်းမှာ တက္ကသိုလ်ဘုန်းနိုင်၏ စာပေသြဇာကြောင့်ဟု ဆိုနိုင်ပါသည်။ ဒုတိယတန်း အတန်းတင်စာမေးပွဲအပြီး နွေကျောင်းပိတ်ရက်တွင် တက္ကသိုလ် ဘုန်းနိုင်၏ “မိုးညအိပ်မက်မြူ” ကို စတင်ဖတ်ရှုမိပါသည်။ အိန္ဒိယ–မြန်မာ နယ်စပ်သို့ မြေတိုင်းထွက်ရသော လူပျိုဦးလေးမြေတိုင်းစာရေးတစ်ဦး၏ ပစ္စည်းများ ကျွန်တော်တို့အိမ်လာထားရာမှ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုအထပ်လိုက် ပါရှိလာခြင်းဖြစ်သည်။ စာဖတ်တတ်ခါစဖြစ်၍ “မောင်ညိုမှိုင်း”ကို စွဲသွားပါတော့သည်။ ထိုမှစ၍ တက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုအမြောက်အမြားဖတ်ရှုမိခဲ့ရာ ဆရာ၏ဝတ္ထုနောက်ခံအများစုတွင် တက္ကသိုလ်နယ်မြေပါဝင်ပြီး ဇာတ်လိုက်အများစုမှာ တက္ကသိုလ်ဆရာဖြစ်သောကြောင့် တက္ကသိုလ်ဆရာဖြစ်လို၊ ရန်ကုန်တက္ကသိုလ် တက်လိုရခြင်းဖြစ်သည်။

### သင်္ချာလူရည်ချွန်များ

ထိုစဉ်က အခြေခံသိပ္ပံပညာချွန်ဆုအဖြစ် သင်္ချာ၊ ရူပဗေဒနှင့် ဓာတုဗေဒ ဘာသာရပ်သုံးခုကို ချီးမြှင့်ပြီး သတ်မှတ်ချက်မှာ ယင်းသုံးဘာသာ ဂုဏ်ထူးရရှိရမည့်အပြင် အဓိကယူမည့် ဘာသာရပ်၌ အမှတ် ၉၀ ကျော်လွန်ရမည် ဖြစ်သည်။ ကျွန်တော်က လေးဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး သင်္ချာနှင့် ရူပဗေဒဘာသာရပ်တို့၌ အမှတ် ၉၀ ကျော်သောကြောင့် အခြေခံသိပ္ပံပညာချွန်ဆု (သင်္ချာ)နှင့် (ရူပဗေဒ) တို့ကို ပထမနှင့် ဒုတိယ ဦးစားပေးအဖြစ် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားခဲ့ပါသည်။ တက္ကသိုလ်ဝင်ခွင့် အကြောင်းပြန်ကြားရာတွင် သင်္ချာဘာသာရပ်ဖြင့် တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ သင်္ချာ လူရည်ချွန်ရရှိသူများလည်း ဤဆုကို လျှောက်ထားနိုင်ရာ ကျွန်တော်၏ သူငယ်ချင်းများဖြစ်ကြသော ဗိုလ်မှူးဇော်ဝင်းနိုင် (ကျောက်မျက် ပြတိုက်–ငြိမ်း) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တို့နှစ်ဦးမှာ သင်္ချာလူရည်ချွန်များလည်း ဖြစ်ကြပါသည်။

### ပညာသင်ထောက်ပံ့ကြေး

ထိုစဉ်က ပညာသင်ထောက်ပံ့ကြေး(စတိုင်ပင်)မှာ ၇၅ ကျပ်ဖြစ်ပြီး အခြေခံသိပ္ပံပညာချွန်ဆု(စကောလားရှစ်)မှာ ကျပ် ၁၀၀ ဖြစ်ပါသည်။ အစိုးရဝန်ထမ်း အနိမ့်ဆုံးလစာမှာ ၈၂ ကျပ် ဖြစ်သဖြင့် ပညာချွန်ဆု ကျပ် ၁၀၀ မှာ မက်မောလောက်ဖွယ်ဟု ဆိုနိုင်ပါသည်။ ထို့အပြင် ကျောင်းပိတ်ရက်များအပါအဝင် တစ်နှစ်ပတ်လုံးချီးမြှင့်သဖြင့် စာမေးပွဲအောင်မြင်ပါက တစ်နှစ်လျှင် ကျပ် ၁၂၀၀ ရရှိပါသည်။ မဟာသိပ္ပံတန်း တက်ရောက်လျှင် တစ်လ ၁၂၅ ကျပ်နှုန်း ချီးမြှင့်ပါသည်။ ကျောင်းလခမှာ တစ်လလျှင် ၁၅ ကျပ်ဖြစ်ပြီး နှစ်လ တစ်ကြိမ် ပေးသွင်းရကာ အဆောင်ကြေးမှာ ၅၇ ကျပ်ဖြစ်ပြီး လစဉ်ပေးသွင်းရပါသည်။ ကျောင်းလခ/အဆောင်ကြေးများ အကြွေးကျန်ပါက အောင်စာရင်းထုတ်မပေးပါ။ အချို့သော ကျောင်းသားများမှာ အောင်စာရင်းထွက်ချိန် ပါမလာသဖြင့် အကြွေးများသွင်းပြီးမှသာ အောင်စာရင်းထုတ်ပေးခြင်းများ ရှိခဲ့ပါသည်။ အဆောင်ကြေး ၅၇ ကျပ်တွင် အဆောင်ခ (မီး/ရေအပါအဝင်) သက်သက်မှာ ၁၄ ကျပ်ဖြစ်ပြီး စားသောက်စရိတ်မှာ ၄၃ ကျပ် ဖြစ်သည်။ တစ်နှစ်တွင် အခါကြီးရက်ကြီး သုံးကြိမ်ခန့် အဆောင်ပိတ်ပါသည်။ အဆောင်ပိတ်ရက်တွင် ထမင်းမကျွေးဘဲ တစ်ကျပ် လေးဆယ်ပြား ပြန်ထုတ်ပေးပါသည်။ ထိုကာလက ထမင်းအဝစား နှစ်ကျပ်ခန့် ဖြစ်နေသဖြင့် ပြန်အမ်းငွေဖြင့် ထမင်းမစားလောက်ပါ။ အဆောင်ရှေ့တွင် လာရောင်းသော ဝက်သားလိပ် ငါးမူးဖိုး (ပြား ငါးဆယ်)၊ “ဦးချစ်”ဆိုင်အနီး ညဈေးတန်းတွင်ရောင်းသော ကြာဇံကြော် ငါးမူးဖိုးစား၍ အဆာဖြေရပါသည်။ နောက်ပိုင်းတွင် ရင်းနှီးကျွမ်းဝင်လာပြီဖြစ်သော ရန်ကုန်တွင်အမျိုးရှိသည့် သူငယ်ချင်းများ၏အိမ်များရှိရာ လမ်းမတော် ကိုင်းတန်းလမ်း (သို့မဟုတ်) သုဝဏ္ဏ ကောက်လျင်လမ်းတို့သို့ အလည်လိုက်ပါ ထမင်းစားရပါတော့သည်။ ထမင်းအကြိမ်ကြိမ်စားရသဖြင့် သူငယ်ချင်းများ၏အမျိုးများမှာလည်း ယခုအချိန်အထိ ကျွန်တော်၏အမျိုးရင်းကဲ့သို့ ဖြစ်လာပါတော့သည်။ မြိန်ရာဟင်းကောင်း၊ ခင်ရာဆွေမျိုးပါပေ။

### အခြေခံသိပ္ပံပညာချွန်ဆု

ကျွန်တော်တို့မှာ အခြေခံသိပ္ပံပညာချွန်ဆုရ စတုတ္ထအသုတ်ဖြစ်ပြီး ပထမဆုံးအသုတ်မှ ကိုတင်အောင်လွင် (အမေရိကန်ပြည်ထောင်စု)၊ ကိုမောင်မောင်စိုး (ကထိက–ငြိမ်း)၊ ကိုဝင်းနိုင် (ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)(ကွယ်လွန်)တို့မှာ ထင်ရှားပါသည်။ ပထမအသုတ် လေးယောက်အနက်ကျန်တစ်ဦးဖြစ်သော ကိုကျော်နိုင်(လက်ရှိအမျိုးသားလွှတ်တော်ကိုယ်စားလှယ်)မှာ နေ့ကျောင်းသားအဖြစ် ကျောင်းတက်သဖြင့် ကျွန်တော်တို့နှင့် ရင်းနှီးမှုနည်းပါသည်။

ဒုတိယအသုတ်မှ ကိုဇော်ဝင်း [ရန်ကုန်တက္ကသိုလ် သင်္ချာပါမောက္ခ(ငြိမ်း) ဒေါက်တာဇော်ဝင်း]၊ ကိုသန့်စင်မောင် (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)၊ ကိုစောဝင်းမောင်(ဒေါက်တာစောဝင်းမောင်–ငြိမ်း) တို့မှာ ထင်ရှားပါသည်။ ဒုတိယအသုတ် ခြောက်ဦးတွင် ကိုတိုင်းအေး၊ ကိုဝင်းကိုနှင့် ကိုထွန်းလင်းတို့လည်း ပါဝင်ပါသည်။

တတိယအသုတ် ၁၁ ဦးတွင် မရီမြင့်(ဒေါက်တာဒေါ်ရီမြင့် သင်္ချာပါမောက္ခ–ငြိမ်း)၊ ကိုယဉ်ဝင်းမောင် (ပါမောက္ခချုပ်–ငြိမ်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ်)၊ ကိုရဲမြင့် (သင်္ချာပါမောက္ခ–ငြိမ်း)၊ ကိုတိုးအောင် (သင်္ချာပါမောက္ခ–ငြိမ်း)၊ ကိုမျိုးချစ်(ကြီး) (တွဲဖက်ပါမောက္ခ–ငြိမ်း)၊ မကြည်ကြည်မြင့်(တွဲဖက်ပါမောက္ခ–ငြိမ်း)တို့ ထင်ရှားပါသည်။ ကိုကျော်ငွေး(ကလေး)၊ ကိုတင်ထွန်း(မြင်းခြံ)၊ ကိုစောလှထွန်း(ပခုက္ကူ)၊ ကိုဝင်းမြင့်(ကသာ)တို့လေးဦးမှာ ကွယ်လွန်သွားနှင့်ကြပြီဖြစ်သည်။ ကိုဟန်ရှင်ဝင်းမှာ ထူးခြားစွာ ရှေ့နေလုပ်လျက်ရှိပါသည်။

### အငြိမ်းစားယူသွားကြပြီဖြစ်

ကျွန်တော်တို့စတုတ္ထအသုတ်သည် လူအများဆုံး ၂၀ အပြည့်ဖြစ်ပြီး ကျောင်းသူ ငါးဦး ပါရှိရာ မခင်လွင်မေ၊ မစန်းတင်၊ မမူမူ၊ မမာမာ၊ မခင်ခင်အေးတို့ဖြစ်ပြီး မခင်ခင်အေးမှာ စတုတ္ထနှစ်တွင် ကွန်ပျူတာဘာသာရပ်ဘက်သို့ ပြောင်းရွှေ့သွားပြီးနောက် အဆက်အသွယ်ပြတ်တောက်သွားပါသည်။ ကျန်လေးဦးမှာ တက္ကသိုလ်ဆရာမကြီးများအဖြစ် တာဝန်ထမ်းဆောင်ကြပြီး အငြိမ်းစားယူသွားကြပြီဖြစ်သည်။ ယောကျ်ားလေးများတွင် ကောလင်းသား ကိုကျော်ဆွေတင့်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့်အငြိမ်းစားယူပြီး ဝန်းသိုသား ကိုခင်မောင်ကြွေမှာ လက်ရှိအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ကိုကျော်ဆွေတင့်မှာ ညနေစောင်းတွင် တက္ကသိုလ်ဓမ္မာရုံသို့ ပရိတ်ရွတ်သွားလေ့ရှိရာ ကျွန်တော်က အဖော်လိုက်လေ့ရှိပါသည်။ သူက ပရိတ်များ အလွတ်ရွတ်ဆို ပူဇော်ပြီး ကျွန်တော်က စာအုပ်ကြည့်၍ လိုက်ဖတ်ပါသည်။ **စာမျက်နှာ ၇ သို့** ■



ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ။ ဓာတ်ပုံ – မြင့်မောင်မောင်

**ရန်ကုန်တက္ကသိုလ်တက်လိုရခြင်းမှာ တက္ကသိုလ်ဘုန်းနိုင်၏ စာပေသြဇာကြောင့်ဟု ဆိုနိုင်ပါသည်။ ဒုတိယတန်း အတန်းတင် စာမေးပွဲအပြီး နွေ ကျောင်းပိတ်ရက်တွင် တက္ကသိုလ်ဘုန်းနိုင်၏ “မိုးညအိပ်မက်မြူ” ကို စတင်ဖတ်ရှုမိပါသည်။ အိန္ဒိယ-မြန်မာ နယ်စပ်သို့ မြေတိုင်းထွက်ရသော လူပျိုဦးလေး မြေတိုင်းစာရေး တစ်ဦး၏ ပစ္စည်းများ ကျွန်တော်တို့အိမ်လာထားရာမှ တက္ကသိုလ် ဘုန်းနိုင်၏ ဝတ္ထုအထပ်လိုက် ပါရှိလာခြင်းဖြစ်သည်။ စာဖတ် တတ်ခါစဖြစ်၍ “မောင်ညိုမှိုင်း”ကို စွဲသွားပါတော့သည်။**

■ စာမျက်နှာ ၆ မှ

ယခု ပရိတ်ကြီးများ အလွတ်ရွတ်ဆိုနိုင်ခြင်းမှာ သူ့ကျေးဇူးပါပေ။ ရေဦးသား ကိုသန်းညွန့်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပို့ဆောင်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသော ဦးသန်းညွန့်ဝင်းဖြစ်ပြီး မုံရွာသား ကိုမြင့်သိန်းနှင့် ကိုမျိုးချစ်(လေး)တို့မှာ မုံရွာတွင် ပုဂ္ဂလိကလုပ်ငန်း လုပ်နေကြပါသည်။ မြင်းမူသား ကိုစောလွင်မြင့်မှာ မီးသတ်ဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ရာမှ အငြိမ်းစားယူပြီးဖြစ်သည်။

မြောင်သား ကိုမင်းစိန်သည် ကွယ်လွန်သွားရှာပြီဖြစ်ပါသည်။ ရေစကြိုသား ကိုအောင်သူမှာ ပညာရေးဌာနတွင် တောက်လျှောက်အမှုထမ်းခဲ့ပြီး တောင်ငူတက္ကသိုလ်ပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူချိန်တွင် နိုင်ငံရေးနယ်ပယ်သို့ ကူးပြောင်းရောက်ရှိသွားခြင်း ဖြစ်ပါသည်။ မန္တလေးသား ကိုစောထွန်းမှာ အမေရိကန်နိုင်ငံတွင် အခြေချလျက်ရှိပါသည်။ မြင်းခြံသား ကိုဇော်ဝင်းနိုင်မှာ တပ်မတော်တွင် တာဝန်ထမ်းဆောင်ရာမှ မျက်စိရောဂါကြောင့် သတ္တုတွင်းဝန်ကြီးဌာနသို့ ကူးပြောင်းခဲ့ပြီး ကျောက်မျက်ပြတိုက်မှ အငြိမ်းစားယူခဲ့ပါသည်။ တောင်သာ၊ ဝဲလောင်သား ကိုမျိုးသန့်ထွန်းမှာ သင်္ချာဆရာအဖြစ် ရန်ကုန်တွင် အခြေကျနေပါသည်။ ရေနံချောင်းသား ကိုသန်းဝင်းမှာ စစ်တက္ကသိုလ်တွင် သင်္ချာပါမောက္ခ/ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အလုပ်သမားဝန်ကြီးဌာနသို့ ကူးပြောင်း၍ ညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် အငြိမ်းစားယူခဲ့ပါသည်။

ပဲခူးသား ကိုတင်အောင်မှာ ပညာရေးဌာနတွင် တောက်လျှောက်အမှုထမ်းခဲ့ပြီး ပါမောက္ခချုပ်အဖြစ် အငြိမ်းစားယူခဲ့ကာ လက်ရှိတွင် ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်ဇာတိ ကိုသိန်းဌေးမှာ သစ်တောအမှုထမ်းမိဘများ ပြောင်းရွှေ့ရာသို့ လိုက်ပါရာမှ ၁၀ တန်းအောင်မြင်ချိန်တွင် ရခိုင်တိုင်း၊ ကျောက်ဖြူခရိုင်၊ အထက(မြေပုံ)မှ အောင်မြင်လာခြင်း ဖြစ်သည်။ တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး နယ်ဘက်သို့ကူးပြောင်းခဲ့ရာ အကောက်ခွန်ဦးစီးဌာနမှ အငြိမ်းစားယူခဲ့ပါသည်။ ပင်းယဆောင်တွင် အတူနေထိုင်ခဲ့ကြသော ရူပဗေဒနှင့် ဓာတုဗေဒမှ သူငယ်ချင်းများ အကြောင်း ရေးလိုသော်လည်း စာမျက်နှာငဲ့ရသဖြင့် ချန်လှပ်ထားခဲ့ရသည်ကို ခွင့်လွှတ်ကြပါရန်။

**ပညာသင်ဆုများ**

ကျွန်တော်တို့ တက္ကသိုလ်စတင်တက်ရောက်ချိန်က ပါမောက္ခချုပ်မှာ ဒေါက်တာမောင်မောင်ခဖြစ်ပြီး မော်ကွန်းထိန်းမှာ ဒေါ်စိန်စိန် ဖြစ်သည်။ ဆရာကြီး၏ အမည်ကို ၉ တန်း/ ၁၀ တန်း တက်စဉ်ကတည်းက ရင်းနှီးပါသည်။ အကြောင်းမူ ထိုစဉ်က သင်ကြားရသော ရူပဗေဒသင်ရိုးစာအုပ်များကို ပြုစုသူမှာ ဒေါက်တာမောင်မောင်ခနှင့် ဦးစံသာအောင်တို့ ဖြစ်သောကြောင့်တည်း။ ဆရာကြီး ဒေါက်တာမောင်မောင်ခ (ဆရာခဟုလည်းခေါ်ကြသည်)၏ မျက်နှာမှာ အစဉ်ပြုံးနေပါသည်။ မှတ်မှတ်ရရ ကျွန်တော်တို့ ပထမနှစ်ကျောင်းသားတစ်စု ပါမောက္ခချုပ်ရုံးခန်းသို့ အရေးဆိုရန် သွားဖူးပါသည်။ ပညာသင်ဆုများ ကျောင်းဖွင့်ပြီး သုံး၊ လေးလကြာသည်အထိ ထုတ်ယူခွင့်မရသေးသောကြောင့် ဖြစ်သည်။ 'စာမေးပွဲကြေးသွင်းရန်' ငွေစာရင်းဌာနက နောက်ဆုံးရက်သတ်မှတ်၍ ကြေညာသောအခါ ငွေပြတ်လပ်နေပြီ ဖြစ်ကြသဖြင့် အရေးဆိုရန်သွားကြခြင်း ဖြစ်သည်။ ဆရာကြီးက သူ့စားပွဲရှေ့ရှိ ကုလားထိုင်များတွင် ထိုင်စေပြီး အကျိုးအကြောင်း မေးမြန်းပါသည်။ အကြောင်းစုံသိသောအခါ ဆောင်ရွက်ပေးမည်ဟု ပြောသဖြင့် ဝမ်းမြောက်စွာ ပြန်ခဲ့ကြသည်။ ၁၉၆၂ ခုနှစ် အရေးအခင်းတွင် ကျောင်းသားများက ပါမောက္ခချုပ် (ဦးကာဟုထင်သည်)၏ကားကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဖတ်ရှုခဲ့ရသည့် ကျွန်တော်က "ဘယ်လိုအရေးအခင်းပဲဖြစ်ဖြစ် ဆရာခကိုတော့ ရန်မူမယ်မထင်" ဟု ပြောမိပါသေးသည်။ ဆရာခ အငြိမ်းစားယူသောအခါ ပါမောက္ခချုပ်ဖြစ်လာသူမှာ ဒေါက်တာမောင်ဒီ ဖြစ်သည်။ "က ကြီး၊ ခ ခွေး ပြီးတော့ အေ၊ ဘီ၊ စီ၊ ဒီ" ဟု ဆိုကြပါသေးသည်။

**ကျောင်းအုပ်ကြီးတာဝန်ထမ်းဆောင်**

ကျွန်တော်တို့ သင်္ချာဌာန၏ ပါမောက္ခမှာ ဗိုလ်မှူး ဒေါက်တာချစ်ဆွေ ဖြစ်သည်။ ဗိုလ်မှူးမှာ တက္ကသိုလ်အရန်တပ်၏တပ်မှူးဖြစ်သဖြင့် တပ်မတော်က ခန့်အပ်ထားခြင်းဖြစ်ပါသည်။ နွေရာသီစခန်းချလေ့ကျင့်ရာတွင် လိုက်ပါနိုင်ပါက ဗိုလ်မှူးအဆင့် စစ်ဝတ်စုံ ဝတ်ဆင်ရပြီး ဗိုလ်မှူးလစာ ခံစားခွင့်ရှိပါသည်။ သင်္ချာဌာနမှူးမှာ ဦးမျိုးညွန့်ဖြစ်ပြီး နောက်ပိုင်းတွင် နိုင်ငံခြားဘာသာသင်တက္ကသိုလ်၏ကျောင်းအုပ်ကြီးတာဝန် ထမ်းဆောင်ခဲ့ပါသည်။

ပထမနှစ်တွင် သင်ကြားရသော အခြေခံကဲကုလသင်္ချာကို ကထိက ဒေါ်သိန်းတင့် (မဟာဝိဇ္ဇာ)က သင်ကြားပေးပါသည်။ ကျွန်တော်တို့ သင်္ချာဘာသာရပ်မှာ မူလက လက်တွေ့ဆောင်ရွက်ရမှု မပါရှိသဖြင့် ဝိဇ္ဇာဘာသာတွဲတွင် ပါဝင်သည်ဟုဆိုပါသည်။ နောက်ပိုင်းကျမှသာ အခြေခံသိပ္ပံပညာရပ်အများစု၌ သင်္ချာမပါလျှင်/သင်္ချာ မတတ်လျှင် မဖြစ်သောကြောင့် သိပ္ပံဘာသာတွဲ ဖြစ်လာသည်ဟု ဆိုပါသည်။ သိရှိသူများ အတည်ပြုပေးကြပါကုန်။

**တက္ကသိုလ်ကျောင်းသားဘဝကို ပျော်ရွှင်စွာ ဖြတ်သန်း**

၁၉၇၂ ခုနှစ် ရန်ကုန်တက္ကသိုလ် (ထိုစဉ်က ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်) သို့ တက်ရောက်ရာတွင် ကျွန်တော်တို့နယ်ကျောင်းသားအားလုံးမှာ ပင်းယဆောင်တွင်လည်းကောင်း၊ နယ်ကျောင်းသူအားလုံးမှာ အင်းလျားဆောင်တွင်လည်းကောင်း နေထိုင်ကြရပါသည်။ ကျွန်တော်တို့ အခြေခံသိပ္ပံပညာချွန်ဆုရ (သိပ္ပံချွန်) ကျောင်းသားအားလုံးကို ပင်းယဆောင် အဆောင်မှူး ဒေါက်တာသန်းထိုက် (ကုန်ထုတ်ဓာတုဗေဒ) (အိမ်တွင်းစက်မှုလက်မှု ညွှန်ကြားရေးမှူးချုပ်အဆင့်ဖြင့် အနားယူသည်) က အပေါ်ဆုံးထပ်တွင် နေရာချထားပေးပါသည်။ ကျွန်တော်တို့အချင်းချင်း မကြာမီ ရင်းနှီးသွားပြီး တက္ကသိုလ်ကျောင်းသားဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းကြပါတော့သည်။

အဆောင်ကျောင်းသားဘဝတွင် ညနေစာ စားပြီးချိန်တိုင်းလိုလို အင်းလျားကန်ဘက်သို့ လမ်းလျှောက်ထွက်လေ့ရှိကြပါသည်။ အဓိပတိလမ်းအတိုင်း ဘွဲ့နှင်းသဘင်အနီး တံခါးပေါက်မှ အင်းလျားလမ်းသို့၊ ၎င်းမှ ကန်ပေါင်သို့ လမ်းလျှောက်ကြပါသည်။ ရံဖန်ရံခါတွင် ကန်ပေါင်အဆုံးအထိလျှောက်ပြီး များသောအားဖြင့် ကန်ပေါင်အလယ် (တံတားဖြူတည့်တည့်) လောက်မှ ပြန်လှည့်ကာ ပြည်လမ်းမကြီးအတိုင်း လှည်းတန်းလမ်းဆုံသို့လျှောက်ကြပါသည်။ လှည်းတန်းလမ်းဆုံတွင် ဈေးဆိုင်တန်းများ၌ လျှောက်ကြည့်ပြီး စာအုပ်ဆိုင်တွင် အသစ်ထွက်သောစာအုပ်များ မြည်းစမ်းကြပါသည်။ ထိုစဉ်က လစဉ်စာအုပ် အမြောက်အမြားထွက်ရှိပြီး စိတ်ဝင်စားသော စာအုပ်ကို စာအုပ်ဆိုင်တွင် ဖတ်ရှုနိုင်ပါသည်။ မှတ်မှတ်ရရ ဘာသာပြန်ဝတ္ထုတစ်အုပ်ဆိုလျှင် နေ့စဉ်နည်းနည်းစီ ဖတ်သွားရာ စာအုပ်တစ်အုပ်လုံး မကြာမီဖတ်ရှုပြီးစီးသွားပါတော့သည်။

**အဆောင်မှာ နာမည်ကျော် ဂျီဟောဖြစ်**

လှည်းတန်းမှ အပြန်တွင် ရာမညဆောင်ရှေ့ရှိ အပေါက်မှဝင်၍ "ဦးချစ်"ဆိုင် အနီးမှဖြတ်ကာ တောင်ငူဆောင်အရှေ့မှထွက်ပြီး ရွှေဘိုဆောင်ရှေ့ဖြတ်လျက် အဓိပတိလမ်းအတိုင်း အဆောင်သို့ပြန်လေ့ရှိပါသည်။ ရံဖန်ရံခါ ပြည်လမ်းလိပ်ခုံးတွင် ပန်းချီပြပွဲ၊ စာအုပ်ပြပွဲ၊ သံရုံးများမှ ပြပွဲများရှိပါက လမ်းလျှောက်၍ သွားကြည့်ကြပါသည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင် ရံဖန်ရံခါ ရွှေတိဂုံဘုရားသို့ လမ်းလျှောက်၍ သွားဖူးကြပါသေးသည်။ အင်းလျားလမ်းအတိုင်းသွား၍ ဘောင်ဒရီလမ်း၊ လင့်လမ်းမှတစ်ဆင့် အာဇာနည်ကုန်းအနီးမှဖြတ်၍ မြောက်ဘက်မုခ်မှ တက်ရောက်ဖူးမြော်ကြပါသည်။ ဆောင်းရာသီ လူထုအားကစားလ လမ်းလျှောက်ပွဲများ ကျင်းပရာတွင်လည်း အဆောင်များမှထွက်၍ ပြည်လမ်းမအတိုင်း ဟံသာဝတီအဝိုင်းအထိ အသွား၊ အပြန် လမ်းလျှောက်ကြပါသည်။ ထိုစဉ်က ကားအစီးရေ မများသေးသဖြင့် လမ်းလျှောက်ရ အင်မတန်ကောင်းပါသည်။ ထိုစဉ်က ရန်ကုန်မြို့တွင် ကျွန်တော်မှတ်မိသလောက် ဘတ်စ်ကားလိုင်း ၁၇ လိုင်းရှိပြီး ကျွန်တော်တို့ကျောင်းအနီးတွင် ဖြတ်သောဘတ်စ်ကားများမှာ "၈"၊ "၉" နှင့် "၁၆" တို့ ဖြစ်ပါသည်။ "၈" ကားသည် အင်းစိန်မှ ဗိုလ်တထောင်သို့ ပြေးဆွဲပြီး "၉"ကားသည် ထောက်ကြံ့မှ ဗိုလ်တထောင်သို့ ပြေးဆွဲပါသည်။ "၁၆" ကားမှာ သဃ်န်းကျွန်းမှ တောင်ဥက္ကလာသို့ ပြေးဆွဲပါသည်။ ကျွန်တော်တို့ကျောင်းမှ မြို့ထဲ (ဆူးလေ)သို့ ကားခ ပြား ၂၀ ဖြစ်ပြီး အင်းစိန်သို့လည်း ပြား ၂၀ ပင် ဖြစ်ပါသည်။ လှိုင်နယ်မြေရှိ သမိုင်းကျောင်းဆောင်များသို့ ၁၀ ပြား ဖြစ်ပါသည်။ စက်မှုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်နှင့် တိ/ မွေး/ ကုတက္ကသိုလ်တက်သော ကျောင်းသားများမှာ သမိုင်းဆောင်များတွင် နေထိုင်ကြရပါသည်။ ကိုယ့်သူငယ်ချင်း၊ သူ့သူငယ်ချင်းရှိရာ သမိုင်းကျောင်းဆောင်များသို့ ရံခါသွားရောက်လည်ပတ်ကြပါသည်။ ထိုကျောင်းဆောင်များမှ ကျောင်းသားများ ကျောင်းတက်ရန် လပေးလက်မှတ်ပြုလုပ်ခွင့်ပေးထားသဖြင့် ထိုကျောင်းသားအများစုမှာ လပေးလက်မှတ်ဖြင့် ဘတ်စ်ကား စီးကြပါသည်။ စက်မှုတက္ကသိုလ်မှ အတန်းကြီးကျောင်းသားများမှာမူ စက်မှုတက္ကသိုလ်ဝင်းအတွင်းရှိ အဆောင် A မှ F အထိ ကျောင်းဆောင်များတွင် နေထိုင်ကြပြီး မိန်းကလေးများ၏ အဆောင်မှာ နာမည်ကျော် ဂျီဟောဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်)**


ရန်ကုန်တက္ကသိုလ်ကျောင်းသားကြီးများ ကွန်းခိုရာ မန္တလေးဆောင်။ ဓာတ်ပုံ-မြင့်မောင်မောင်



## စာရေးသူ၏ အတ္ထုပ္ပတ္တိအကျဉ်း

- ❖ အမည်ရင်းမှာ စိန်ဝင်း ဖြစ်သည်။
- ❖ မွေးသက္ကရာဇ်မှာ ၂၄-၇-၁၉၅၆ ဖြစ်သည်။
- ❖ ပြင်ဦးလွင်မြို့ ဇာတိ ဖြစ်သည်။
- ❖ ရန်ကုန်တက္ကသိုလ်သို့ ၁၉၇၂ ခုနှစ်တွင် တက်ရောက်ပြီး ၁၉၇၇ ခုနှစ်တွင် သိပ္ပံဘွဲ့(သင်္ချာ) ရရှိခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် တွက်ချက်ရေး ဒီပလိုမာနှင့် ၂၀၀၃ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ (ကာကွယ်ရေး) ရရှိခဲ့သည်။
- ❖ ၁၉၇၈ ခုနှစ်မှ ယနေ့အထိ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး လက်ရှိ ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တာဝန် ထမ်းဆောင်လျက်ရှိသည်။


ရန်ကုန်တက္ကသိုလ်ဝန်းကျင်မှ အင်းလျားကန်နှင့်စိမ်းပန်းအလှ။ ဓာတ်ပုံ-မြင့်မောင်မောင်

# တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်နှင့် ဆေးတက္ကသိုလ်(၁)ရဲ့တေးသီချင်းများ

ပါမောက္ခသိန်း
(ဆေးတက္ကသိုလ် (၁) ရန်ကုန်)



ဆေးတက္ကသိုလ် (၁) ရန်ကုန်

ရန်ကုန်တက္ကသိုလ် (Rangoon University )ကို ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်ကောလိပ် (Rangoon College) နဲ့ ယုဒသန်ကောလိပ် ( Judson College) နှစ်ခုနဲ့စတင်တည်ထောင်ခဲ့တာမို့ လာမယ့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှာ နှစ် (၁၀၀) ပြည့်တော့မှာဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ကာလမို့ ရာပြည့်အထိမ်းအမှတ်ကို ကျန်းမာရေး ထိခိုက်မှုမရှိစေမယ့် နည်းလမ်းအမျိုးမျိုးနဲ့ စီစဉ်ကျင်းပနေရာမှာ မြန်မာ့ရုပ်မြင်သံကြားမှ တက္ကသိုလ်နဲ့ ပတ်သက်တဲ့ တေးသီချင်းအပုဒ် (၁၀၀) ရိုက်ကူးထုတ်လွှင့်မှုလည်း ပါဝင်ပါတယ်။

ရန်ကုန်တက္ကသိုလ်အောက်မှာ ပထမဆုံး ဆေးပညာဌာန (Medical Department)၊ နောက် ဆေးကောလိပ် (Medical College)၊ ပြီးတော့ ဆေးပညာမဟာဌာန (Faculty of Medicine under Rangoon University) အဆင့်ဆင့် ပြောင်းလဲလာပြီး ၁၉၆၄ ခုနှစ်မှာ သီးခြားတက္ကသိုလ်ဖြစ်လာတဲ့ မိမိတို့ ဆေးတက္ကသိုလ်(၁) ရန်ကုန်အနေနဲ့ အခြားညီအစ်ကိုမောင်နှမတက္ကသိုလ်များက သားသမီးတွေလိုပဲ မိခင်ဆေးပညာသင်ကြားဆည်းပူးကြရင်း အနုပညာဘက်မှာလည်း မလစ်ဟင်းခဲ့ကြပါဘူး။

မိမိတို့ ဆေးတက္ကသိုလ်(၁) ရန်ကုန်ရဲ့ မြန်မာလူမျိုးထဲက ပထမဆုံးပါမောက္ခချုပ်မှာ **ပါမောက္ခ ဆရာကြီး ဒေါက်တာဦးဘသန်း** ဖြစ်ပါတယ်။ ဆရာကြီးဟာ ခွဲစိတ်ပါရဂူ ဆရာဝန်ကြီးဖြစ်ပေမယ့် အနုပညာကို မြတ်နိုးသူမို့ သူကိုယ်တိုင် ပတ္တလား၊ စန္ဒရားတွေ ကျင်ကျင်လည်လည် တီးခတ်နိုင်သလို ကျောင်းသား ကျောင်းသူတွေကိုလည်း အနုပညာလုပ်ဖို့ အားပေးပြီး ဆေးတက္ကသိုလ်(၁) ရဲ့ နာမည်ကျော် ဂန္ထဝင် **"ခွဲ"** အငြိမ့်ကိုလည်း ဖွဲ့စည်းတည်ထောင်ပေးခဲ့ပါတယ်။ **"ခွဲ"** အငြိမ့်ခေတ်က ဆေးတက္ကသိုလ်(၁) ရဲ့ ဘွဲ့နှင်းသဘင်ညစာစားပွဲ ၊ ကပွဲတွေရဲ့ အဖွင့်သီချင်း၊ အပိတ်သီချင်းတွေဟာ အမိတက္ကသိုလ်ရဲ့ အနုပညာအသင်းမျိုးဆက်များစွာ သီဆိုခဲ့ကြရတဲ့ ဂန္ထဝင်ကျောင်းသီချင်းနှစ်ပုဒ်ပါပဲ။

**အဖွင့်သီချင်း**

(ခြေဆင်း ) ဘွဲ့နှင်းသဘင်ခန်းမသို့၊ လှမ်းကြွလို့ပင်၊ (ကြွလာကြသူကုန်စင်)၂၊ မိုးဆန်းပန်းအသွင် လန်းဆန်းစေချင်
(မ) ဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်၊ ပျော်ပျော်ရွှင်ရွှင်နွဲ့ကြလို့ပင်
(ကျား) ဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်၊ ပျော်ပျော်ရွှင်ရွှင်နွဲ့ကြလို့ပင်
(ကျား+မ) တူစုံမောင်မယ်ယှဉ်၊ နွဲ့ကြလို့ပင်၊ ငွေတိမ်ယံတွင်၊ ထွန်းတောက်သစ်လွင်၊ အောင်မြင်သောလမ်း၊ စခန်းမုခ်ဦးအဝင်၊ အများမြော်မြင်၊ သမားတော်ပင်၊ ဆေးပညာရှင် (ခွဲ….ရှိဖို့အဓိကပင်) ၂
(ကျား) တောင်ကမ်းပါးယံတွေကို၊ ကျော်လွှားလို့ဖြင့်
(မ) ပေးအပ်တဲ့တာဝန်ကျေစေချင်
(ကျား) မြစ်ချောင်း အင်းအိုင် ကူးဖြတ်လို့ဖြင့်
(မ) ဂရုဓမ္မနဲ့ ကုသပါစေချင်
(ကျား) အောင်မြင်သောလမ်း၊ စခန်းမုခ်ဦးအဝင်
(မ) လုပ်သားပြည်သူအရေး ၊ တွေးမြင်ကာပင်၊ ဆေးပညာရှင်
(ကျား+မ) (ခွဲရှိဖို့အဓိကပင်)၂ ( ခွဲ × × ခွဲ× × ခွဲ× × ခွဲ)
(ကျား+မ) ငွေအသပြာဆရာဝန်မဟုတ်တဲ့၊ စေတနာဆရာဝန်အလုပ်နဲ့၊ အားထုတ်ကြိုးစားပွားများဂုဏ်အင်။ အဆင့်အတန်းမခွဲခြား၊ သွေးသားရင်းအသွင်၊ အများမြော်မြင်၊ သမားတော်ပင်၊ ဆေးပညာရှင်။ (ခွဲရှိဖို့အဓိကပင်)၂ ( ခွဲ × × × ခွဲ × × × ခွဲ× × × ခွဲ)

**အပိတ်သီချင်း**

(ကျား) (မိုးဆန်းပန်းလိုလန်းစေချင် )၂၊ ကြွလာကြသူအများပရိသတ် စိတ်ဓာတ်တွေ ပီတိတွေလွှိုင်မြိုင်ဆိုင်ဝေ
(မ) (မိုးဆန်းပန်းလိုလန်းစေချင်)၂၊ ကြွလာကြသူအများပရိသတ် စိတ်ဓာတ်တွေ ပီတိတွေလွှိုင်မြိုင်ဆိုင်ဝေ
(ကျား+မ)(ဆေးတက္ကသိုလ်ချိုသံတေး)၂၊ဟစ်ကြွေးလာလေ၊ အပြစ်ဘေးဘယာတွေ၊ ကြည်လင်ရွှင်လန်းချမ်းမြေ့ပါစေ
(ကျား) ဆေးကျောင်းသားတွေ
(မ) ဆေးကျောင်းသူတွေ
(ကျား+မ)ပေါင်းစုလို့ ညီညီညာညာ ဆင်နွှဲကာနေ
(ကျား) နောင်နှစ်ကျရင်တွေ့စို့လေ
(မ) နောင်နှစ်ကျရင်တွေ့စို့လေ
(ကျား) ပြန်လည်၍တွေ့မယ့်နေ့ကို
(မ) ပြန်လည်၍တွေ့မယ့်နေ့ကို
(ကျား+မ)မျှော်လင့်စောင့်စားလို့ကြိုနေ
**(ပြန်ဆို အစအဆုံး)**

အဲဒီခေတ်မှာပဲ **"ခွဲ"** အငြိမ့်အတွက် နောက်ထပ် ဂန္ထဝင် တေးတစ်ပုဒ်ကတော့ **"ခွဲ"** သီချင်းလေးပါ၊ တေးပြုစာဆိုကတော့ နိုင်ငံကျော် ဂီတလုလင်မောင်ကိုကိုပါ။

**"ခွဲ"**

တိုင်းပြည်ကိုပြုပြင်စေကြောင်းနဲ့ စိတ်ထား
ကောင်းလို့ ဆရာဝန်တွေဖြစ်ခဲ့ပါသည်
တောအနှံ့တောင်တစ်ခိုမရှောင်လိုကြသည်
ပေးတဲ့တာဝန်ကျေပွန်ကြမည်
ငွေကိုမခင် စေတနာရှင်မို့ လေးလေးစားစား
အရေးထားကာပင် ဂုဏ်ပြုသည်
အတိကျမလွဲ ရှိရစမြဲ
အဓိက ခွဲ× × ခွဲ× × ခွဲ× × ခွဲ ရှိဖို့လိုသည်
(ခွဲ × ခွဲ × ခွဲ × ခွဲ × ခွဲ × ခွဲ × ခွဲ)

၂၀၁၃ ခုနှစ် **ပါမောက္ခချုပ် ဒေါက်တာသန်းချို** (ကွယ်လွန်) ခေတ်မှာ သူရယ်၊ ခွဲစိတ်ဌာနမှူး ပါမောက္ခထွန်းဦးရယ်၊ မိမိရယ် သုံးဦးသားဦးဆောင်ပြီး ကျောင်းနဲ့ပတ်သက်လို့ ဖောက်ထွက်ဆောင်ရွက်မှုတွေ လုပ်ခဲ့ကြရာမှာ စာသင်ခန်းပြင်ပ လှုပ်ရှားမှု (Extracurricular activities) တွေထဲက တစ်ခုကတော့ အရင်မရှိသေးတဲ့ ကျောင်းသီချင်းရေးဆိုပြိုင်ပွဲပါပဲ။ အဲဒီတုန်းက ကျောင်းသား ကျောင်းသူတွေရော ဆရာတွေပါ ရေးသားစပ်ဆိုကြလို့ ကျောင်းပိုင်သီချင်းလေးတွေ ပေါ်ပေါက်လာပါတယ်။

၂၀၁၇ ခုနှစ် **ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး** လက်ထက် အမိဆေးတက္ကသိုလ်(၁) ရန်ကုန်ရဲ့ နှစ်(၉၀) ပြည့် နဝရတ်ရတု အထိမ်းအမှတ် ပြုလုပ်ခါနီးမှာ နှစ်(၉၀) ပြည့် မိခင်အတွက် ဂုဏ်ပြုတေးလေးတွေကို ဆေး(၁) ရဲ့ သားသမီးတွေက ထပ်မံဂုဏ်ပြုစပ်ဆို ရေးသားခဲ့ကြပြန်ပါတယ်။

အဲဒီနှစ်ကြိမ်မှာ ရေးသားစပ်ဆိုခဲ့ကြတဲ့ တေးသီချင်းတွေအထဲက အခုအချိန် အမိဆေး တက္ကသိုလ်(၁) ရန်ကုန်ရဲ့ ဘွဲ့နှင်းသဘင်ဂုဏ်ပြုညစာစားပွဲ၊ မိသားစုပျော်ပွဲရွှင်ပွဲ (Funfair) အပါအဝင် ကျောင်းရဲ့ ပွဲလမ်းသဘင်တွေတိုင်းမှာ **"ကျောင်းသီချင်း"** အနေနဲ့ နောက်မျိုးဆက်သားသမီးလေးတွေ မြတ်မြတ်နိုးနိုးဆိုနေကြတဲ့ တေးသီချင်းအချို့ကို မှတ်တမ်းမှတ်ရာအဖြစ် ကျန်နေရအောင် ဖော်ပြလိုပါတယ်။

ပထမတစ်ပုဒ်က ကျောင်းသီချင်းပြိုင်ပွဲမှာ ပထမဆုရခဲ့တဲ့ **"တို့ဆေးကျောင်း အမိရင်ခွင်"** ပါ။ တေးရေးသူ/သံစဉ်စာသားက **အမရာ( ဆေး–၁) (ဒေါက်တာနုနုဆွေ)** ပါ။ ပြိုင်ပွဲနဲ့ နဝရတ်ရတုပွဲမှာ သီဆိုခဲ့ကြတာတော့ **(ဒေါက်တာ) ဖြိုးပြည့်စုံနဲ့အဖွဲ့** ပါ။

**တို့ဆေးကျောင်းအမိရင်ခွင်**

ဤကမ္ဘာမြေမဟာအတွက်၊ ပညာဝေဖြာလျက်၊ ပင်စည်ပင်မ အမြစ်မှ အခြေတည် ပုံပမာလေ၊ ဟိုယခင်ရဲ့ သမိုင်းအစ ၊ ကမ္ဘာမကြေ ညီညာရုန်းထ ၊ စစ်များအပြီးမှ စလို့ သန္ဓေတည် ပီပြင်နေ
(Cho) အသွေးအသားတွေကို၊ စတေးပြုစေတနာ၊ ပေးဆပ်နေ၊ တို့ဘဝဆေးကျောင်း၊ အမိ × × အမိ × × အမိရဲ့ရင်ခွင်၊ ဒါဟာတို့အမိမြေ၊ ဆေး ၁ ဆေး ၁ ကျောင်းတော်တို့များ အနှစ်အမွေ၊ ဆေး ၁ ဆေး ၁ ကျောင်းတော်၊ တို့သွေးသမိုင်းမြေ၊ ဆေး ၁ ဆေး ၁ ကျောင်းတော်ဟေ့၊ ဘယ်အခြေအနေ အခက်အခဲ၊ ဘယ်သူဘယ်သူ ဘယ်ဝါမခွဲ၊ အရိပ်ထဲ တတ်မြောက်ခိုဝင် ဆရာဝန်တွေအသချေ × ကမ္ဘာမြေရယ်အနှံ့၊ ဘယ်ကိုခြေဆန့်၊ ဘယ်တွေရောက်လည်း တို့ကျောင်းပေးခဲ့၊ ပညာတောင်ပံအမွေ
(Cho) အသွေးအသားတွေကို၊ စတေးပြုစေတနာ၊ ပေးဆပ်နေတို့ဘဝ ဆေးကျောင်း၊ အမိ × × အမိ × × အမိရဲ့ရင်ခွင်။ ဒါဟာတို့အမိမြေ၊ ဆေး ၁ ဆေး ၁ ကျောင်းတော်၊ တို့များ အနှစ်အမွေ၊ ဆေး ၁ ဆေး ၁ ကျောင်းတော်၊ တို့သွေးသမိုင်းမြေ၊ ဆေး ၁ ဆေး ၁ ကျောင်းတော်ဟေ့ ဝေဒနာတွေ ဖေးမ၊ ကမ္ဘာမြေကို နိုးထ၊ မငယ်ရတို့များမျက်နှာမော်ကာယှဉ်နိုင်ပေ။

စာမျက်နှာ ၉ သို့ ❖

ဆရာကြီးဟာ ခွဲစိတ်ပါရဂူဆရာဝန်ကြီးဖြစ်ပေမယ့် အနုပညာကို မြတ်နိုးသူမို့ သူကိုယ်တိုင် ပတ္တလား၊ စန္ဒရားတွေ ကျင်ကျင်လည်လည် တီးခတ်နိုင်သလို ကျောင်းသား ကျောင်းသူတွေကိုလည်း အနုပညာလုပ်ဖို့အားပေးပြီး ဆေးတက္ကသိုလ် (၁)ရဲ့ နာမည်ကျော်ဂန္ထဝင် "ခွဲ" အငြိမ့်ကိုလည်း ဖွဲ့စည်းတည်ထောင်ပေးခဲ့ပါတယ်။ "ခွဲ" အငြိမ့်ခေတ်က ဆေးတက္ကသိုလ်(၁) ရဲ့ ဘွဲ့နှင်းသဘင်ညစာစားပွဲ၊ ကပွဲတွေရဲ့ အဖွင့်သီချင်း၊ အပိတ်သီချင်းတွေဟာ အမိတက္ကသိုလ်ရဲ့ အနုပညာအသင်းမျိုးဆက်များစွာ သီဆိုခဲ့ကြရတဲ့ ဂန္ထဝင်ကျောင်းသီချင်းနှစ်ပုဒ်ပါ။

❖ စာမျက်နှာ ၈ မှ

လောကဆေးပညာ၊ ဒါတွေဟာအများအတွက်ပေ၊ လောကရဲ့အသိအမြင်တွေ၊ စောင့်သိကြကျင့်ဝတ်တွေ၊ မွန်မြတ်စိတ်ထား၊ တို့များစေစား သမားဂုဏ်အင်။

(Cho) အသွေးအသားတွေကို၊ စတေးပြုစေတနာ၊
ပေးဆပ်နေတို့ဘဝ ဆေးကျောင်း၊ အမိ × × အမိ
× × အမိရဲ့ရင်ခွင်။ ဒါဟာ တို့အမိမြေ၊ ဆေး ၁
ဆေး ၁ ဆေး ၁ ကျောင်းတော်၊ တို့များအနှစ်အမွေ၊
ဆေး ၁ ဆေး ၁ ဆေး ၁ ကျောင်းတော် တို့သွေး
သမိုင်းမြေ၊ ဆေး ၁ ဆေး ၁ ကျောင်းတော်ပေ့

Slow ; တို့ရဲ့အမိ ကျောင်းကိုပင်၊ စောင့်သိအစဉ် ကျေးဇူး
တင်၊ မွန်မြတ်စိတ်ထား၊ ကမ္ဘာပြန့်စေသား
သမားဂုဏ်အင် × × ×

ဒုတိယအပုဒ်ကတော့ **ပါမောက္ခဒေါက်တာညွန့်သိန်း (ပါမောက္ခသိန်း)**ရေးပြီး သံစဉ်ကို **ဒေါက်တာနေမျိုးဝင်း (နေမျိုးဆေး)** ထည့်ပေးတဲ့ **" သမိုင်းတွင်ရစ်၊ ဆေးတက္ကသိုလ်-၁"** သီချင်းပါ။ ပြိုင်ပွဲဝင်တုန်းက Medicine Ward မှာ အလုပ်သင်ဆရာဝန်လုပ်နေကြတဲ့ **အာကာမင်း၊ ရတနာကိုကို၊ ရတီမောင်မောင်မြင့်၊ ရာဇာအောင်ဝင်း** တို့ သီဆိုခဲ့ကြပြီး အကဲဖြတ်တွေပေးတဲ့ တတိယဆုနဲ့ Poplular Choice Award ရခဲ့ပါတယ်။ နဝရတ်ရတုနီးတော့ **ဒေါက်တာရဲလင်းမောင်(လူမောင်ဆေး-၁)** က သံစဉ်အချို့ထပ်ထည့်ပြီး **ဒေါက်တာဖြိုးပြည့်စုံ**နဲ့အတူ သီချင်းကောင်းကောင်းဆိုနေကြ၊ ဆိုတတ်ကြတဲ့ သမီးလေးယောက်၊ **ဒေါက်တာ စုမြတ်သီဂီ၊ ဒေါက်တာနိုင်လျှန်ဇန်း၊ ဒေါက်တာရှိုင်းဝတ်ရည်သိန်းနဲ့ ယမုံ**တို့က သီဆိုဖျော်ဖြေခဲ့ကြပါတယ်၊ ဒီသီချင်းလေးကတော့ စာသားလေးတွေမခက်လို့ သိပ်မကြာခင်ပဲ ကလေးတွေပါးစပ်ထဲရောက်ခဲ့ပြီး ကျောင်းရဲ့ပွဲတိုင်းမှာ မဆိုမဖြစ် တေးသီချင်းတစ်ပုဒ် ဖြစ်နေပါတယ်။

**သမိုင်းတွင်ရစ်၊ ဆေးတက္ကသိုလ်(၁)**

ဟေး × × × လာကြပေါ၊ တို့တက္ကသိုလ်ရဲ့ကျောင်းတော်သားတွေ ၊ ဟေး × × လာကြပေါ၊ တို့တက္ကသိုလ်ရဲ့ ကျောင်းတော်သူတွေ။ ဟေး × × လာကြပေါ၊ ဆေးတက္ကသိုလ်(၁)ကျောင်းတော်သားတွေ ၊ ဟေး-- လာကြပေါ၊ ဆေးတက္ကသိုလ်(၁)ကျောင်းတော်သူတွေ။ လာလေလာလေလာလိုက်ကြပေါ၊ အမိတက္ကသိုလ်ရဲ့ သားကောင်းတို့ရေ ၊ ပျော်ပျော်ရွှင်ရွှင်လာလိုက်ကြပေါ၊ အမိတက္ကသိုလ်ရဲ့သမီးကောင်းတို့ရေ။ စုံစုံညီညီ လက်ကိုတွဲကာ၊ အမိတက္ကသိုလ်ဂုဏ် မြှင့်တင်ကြမလေ၊ ဟေး × × × × လာကြပေါ၊ ဆေးတက္ကသိုလ်(၁)ကျောင်းတော်သားတွေ ၊ ဟေး× ×လာကြပေါ၊ ဆေးတက္ကသိုလ်(၁) ကျောင်းတော်သူတွေ။ ၁၉၂၇ ခုရဲ့ ဖေဖော်ဝါရီ ၂ ရက်မှာ မွေးဖွားခဲ့တယ်၊ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လည်း၊ ဆေးလောကကို ဦးဆောင်ခဲ့ပေ ပညာအရာ၊ အားကစားအနုပညာ၊ ကျင့်ဝတ်သိက္ခာထိပ်တန်းကနေ၊ ဟေး ×××× လာကြပေါ၊ ဆေးတက္ကသိုလ်(၁)ကျောင်းတော်သားတွေ၊ ဟေး××လာကြပေါ၊ ဆေးတက္ကသိုလ်(၁)ကျောင်းတော်သူတွေ။ ဆေးတက္ကသိုလ်(၁)၊ မွေးဖွားလာအောင်၊ တို့ဘိုးဘွားတွေစတင်ခဲ့တယ်။

ဆေးတက္ကသိုလ်(၁)၊ ဂုဏ်ရှိန်မြင့်အောင်၊
တို့မိဘတွေ ကြိုးပမ်းခဲ့တယ်၊

ဆေးတက္ကသိုလ်(၁) ကမ္ဘာကသိအောင်၊ တို့အစ်ကိုအစ်မတွေ ဆောင်ရွက်ခဲ့တယ်။ ဟေး × × လာကြပေါ၊ ဆေးတက္ကသိုလ်(၁)ကျောင်းတော်သားတွေ ၊ ဟေး-- လာကြပေါ၊ ဆေးတက္ကသိုလ်(၁)ကျောင်းတော်သူတွေ။ ဆေးတက္ကသိုလ်(၁) ဝင့်ထည်ရအောင်၊ သမိုင်းပေးတာဝန် တို့အပေါ်ရောက်နေ ဆေးတက္ကသိုလ်(၁) အဆင့် မြင့်မားအောင်၊ သမိုင်းပေးတာဝန်ဆောင်ရွက်ရမလေ၊ အမိတက္ကသိုလ်၊ ကမ္ဘာ့အလယ်တင့်အောင်၊ သမိုင်းရဲ့တာဝန်ထမ်းဆောင်ရမယ်လေ၊ (Rap: ) ဆေးလောကထိပ်တန်း MC-1၊ မြန်မာ့အစွမ်း I M -1၊ ထိပ်ဆုံးရည်မှန်း U M-1 နိုင်ငံ့ရင်နှစ်၊ တို့ဆေး-၁၊ ပြည်သူ့ရင်နှစ်၊ တို့ဆေး-၁၊ သမိုင်းတွင်ရစ်၊ ဆေးတက္ကသိုလ်-၁ ကျောင်းရဲ့ဆောင်ပုဒ်၊ ရွတ်ကြည့်လိုက်ပါ၊ သီလ၊ သမာဓိ၊ ဖွဲနဲ့ပညာ၊ ဤလေးချက်ကို လက်ကိုင်ပြုပါ၊ ဆေး-၁ ဆိုတာမမေ့နဲ့ ရင်မှာ မျိုးဆက်သစ်တို့ ဆောင်ရွက်စို့၊ မျိုးဆက်သစ်တို့ ဝိုင်းဝန်းစို့ ၊ သမိုင်းပေးတာဝန်၊ ထမ်းဆောင်ကြစို့ ဟေး ×××× လာကြပေါ၊ ဆေးတက္ကသိုလ်(၁) ကျောင်းတော်သားတွေ၊ ဟေး× ×လာကြပေါ၊ ဆေးတက္ကသိုလ်(၁) ကျောင်းတော်သူတွေ။ ဟေး× ×လာကြပေါ။

နောက်တစ်ပုဒ်ကတော့ နဝရတ်ရွှေရတုအတွက် မိမိပြောလို့ နိုင်ငံရပ်ခြားရောက်နေတဲ့ **ဒေါက်တာဆောင်းဦးလှိုင်**က အမိဆေးတက္ကသိုလ်အတွက် ကျေးဇူးဆပ်ဂုဏ်ပြုတဲ့အနေနဲ့ ကိုယ်တိုင်ရေး၊ ဆို၊ တီး၊ အသံဖမ်းခဲ့တဲ့ **"ဒို့ကျောင်း"** လို့ ခေါင်းစဉ်ပေးထားပြီး အခုကျောင်းပွဲတိုင်းမှာလည်း တစုတဝေးဝိုင်းဆိုနေကျ တေးသီချင်းလေးပါ။

**"ဒို့ကျောင်း"**

ဒို့ကျောင်း၊ သမားကောင်းတွေရဲ့ကျောင်း၊ သမိုင်းကြောင်းအစဉ်အလာကောင်း၊ ပြည့်ခဲ့နှစ် ကိုးဆယ်။ ဒို့ကျောင်း၊ ဆေးတက္ကသိုလ် (၁) ကျောင်း၊ မေ့မရနိုင်တဲ့ကျောင်း၊ လေးစားယုံကြည်မြတ်နိုးဖွယ်။ ဒီ ဒို့ကျောင်းရဲ့ သူရဲကောင်းတွေ၊ ကမ္ဘာမြေကြီးအနှံ့ပျံ့နှံ့နေ၊ ကယ်တင်အများ အကျိုးထမ်းရွက်ရင်း၊ ဂုဏ်ယူစရာတွေ၊ မကုန်ဆုံးတော့၊ ဒီ ဒို့ကျောင်းရဲ့သူရဲကောင်းတွေ၊ မြန်မာကြီးအနှံ့ပျံ့နှံ့နေ၊ ကယ်တင်အများအကျိုး၊ ထမ်းရွက်ရင်း၊ ဂုဏ်ဆောင်နေပြီ၊ ဒို့ကျောင်းအတွက်။ ကျေးဇူးတွေကို မမေ့ဘူး၊ တစ်ခါကဘဝ၊ ပညာဆည်းပူး၊ ဒီကျောင်းကြီးအရိပ်မှာ ခိုဖူးတာ။

ဂန္ထဝင်၊ ဒို့ဆေး(၁)ရဲ့ သမိုင်းကောင်းများအတွက်၊ ဒို့ကျောင်းသားတို့၊ သယ်ပိုးထမ်းရွက်၊ ကုစားဝေဒနာများစွာ ဂန္ထဝင်၊ ဒို့ဆေး(၁)ရဲ့ သမိုင်းကောင်းများအတွက်၊ ဒို့ကျောင်းသားတို့၊ သယ်ပိုးထမ်းရွက်၊ အသက်များ၊ ကယ်တင်ပေးပါ။ ဒီဒို့ကျောင်းရဲ့ သူရဲကောင်းတွေ၊ ကမ္ဘာမြေကြီးအနှံ့ပျံ့နှံ့နေ၊ ကယ်တင်အများ အကျိုးထမ်းရွက်ရင်း၊ ဂုဏ်ယူစရာတွေ၊ မကုန်ဆုံးတော့။ ဒီဒို့ကျောင်းရဲ့ သူရဲကောင်းတွေ၊ မြန်မာပြည်ကြီးအနှံ့ပျံ့နှံ့နေ၊ ကယ်တင်အများ အကျိုးထမ်းရွက်ရင်း၊ ဂုဏ်ဆောင်နေပြီ၊ ဒို့ကျောင်းအတွက်။

ဂန္ထဝင်၊ ဒို့ဆေး(၁)ရဲ့ သမိုင်းကောင်းများအတွက် ဒို့ကျောင်းသားတို့၊ သယ်ပိုးထမ်းရွက်၊ ဖယ်ရှားဝေဒနာများစွာ ဂန္ထဝင်၊ ဒို့ ဆေး(၁)ရဲ့ သမိုင်းကောင်းများအတွက်၊ ဒို့ကျောင်းသားတို့၊ သယ်ပိုးထမ်းရွက်၊ ဘဝများ၊ ကယ်တင်ပေးပါ။ ဒို့ကျောင်း၊ သမားကောင်းတွေရဲ့ကျောင်း၊ မေ့မရနိုင်တဲ့ကျောင်း၊ လေးစားယုံကြည်မြတ်နိုးဖွယ်။

နောက်ထပ်သီချင်းလေးကတော့ နှစ်(၉၀) နဝရတ်ရတုအတွက်ပဲ ဆေး(၁) ရဲ့သမီး **ဒေါက်တာဖြူဖြူကျော်သိန်း**က သူ့ရဲ့တေးရေး **"စိမ့်"** ကိုရေးခိုင်းပြီး ကိုယ်တိုင်သီဆိုဂုဏ်ပြုခဲ့တဲ့ **"တို့ကျောင်းရဲ့နှစ်ပတ်လည်"** ပါပဲ။

**"တို့ကျောင်းရဲ့နှစ်ပတ်လည်"**

ပညာမစုံခင်မှာ၊ ခိုလှုံရင်ခွင်ဒီကျောင်းအရိပ်၊ ဝေးသွားလည်းတစ်နေ့မှမမေ့နိုင်။ အတိတ်က သူငယ်ချင်းတို့ရေ- -ဟေ တပည့်အတွက်၊ ဆရာကမိဘပမာ၊ သမားတော်ကောင်းများ။ မွေးထုတ်ပေးရာ၊ ဂုဏ်သတင်းများမွှေးလို့ရပ်တည်၊ ဆေးတက္ကသိုလ် (၁) ရာစုနှစ်ဆက်ပြီ။ ငါတို့ရဲ့ တတ်မြောက်ခဲ့တဲ့ဆေးပညာ၊ အယုတ်အလတ်အမြတ် မရွေး၊ ပေးဆပ်ဖို့ရာ။ ဆန္ဒနဲ့ကတိတို့ဖြစ်တည်၊ ဆေးတက္ကသိုလ် (၁) ရာစုနှစ်ဆက်ချီ။ ကျင်လည်ရာနေရာစုံမှာ၊ ပြန်မြင်ယောင်တာ ဒီကျောင်းအရိပ်၊ ဘဝရဲ့အမောခဏလောက်မေ့ကာ၊ အပြုံးနဲ့ဆုံစည်းပါရစေ× × × × ဟေး မခွဲခွာ တစ်နယ်စီကျွံလည်း၊ အရောက်လာ၊ အတူဆုံချင်သေးတယ်.... အောင်မြင်မှုများနဲ့၊ မမေ့ပါ အတောင်စုံပျံကြတဲ့ခါ၊ ခိုလှုံဖူးတဲ့၊ တို့ကျောင်းရဲ့ နှစ်ပတ်လည်။ ပညာမစုံခင်မှာ၊ ခိုလှုံရင်ခွင် ဒီကျောင်းအရိပ် × × × × အယုတ်အလတ်အမြတ်မရွေး၊ ပေးဆပ်ဖို့ရာ။ ဆန္ဒနဲ့ကတိတို့ဖြစ်တည်၊ ဆေးတက္ကသိုလ်(၁)ရာစုနှစ်ဆက်ချီ။ × × × × ခိုလှုံဖူးတဲ့၊ တို့ကျောင်းရဲ့နှစ်ပတ်လည်။ ဟေး × × × × တို့ကျောင်းရဲ့နှစ်ပတ်လည်။

အကျွန်ုပ်သည်၊ တတ်မြောက်ထားသော ဆေးပညာဖြင့်၊ လူသားတို့၏ဘဝနှင့် စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရှိစေရန် လေးစားစွာကာကွယ်စောင့်ရှောက်ပါမည်။ ဤကတိသစ္စာပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ပါက အကျွန်ုပ်သည် ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံပါစေသား။

နောက်သီချင်းလေးတစ်ပုဒ်ကတော့ တက္ကသိုလ်နဲ့ပတ်သက်တဲ့ လူအများ ကြိုက်ကြ၊ ဆိုကြတဲ့ "သတိရနေမှာပါ" အပါအဝင် တက္ကသိုလ်တေးသီချင်းတွေ အတော်များများရေးခဲ့တဲ့ **ဒေါက်တာရဲလင်းမောင် ( လူမောင် ဆေး-၁)** က အမိဆေးတက္ကသိုလ်(၁) ရဲ့ နှစ်(၉၀) နဝရတ်ရတုအတွက်ဂုဏ်ပြုစပ်ဆိုရေးသားခဲ့တဲ့ **"ပြန်ဆုံမယ်သူငယ်ချင်း"** ဆိုတဲ့သီချင်းလေးပါ။ နဝရတ်ပွဲတော်မှာ ဒေါက်တာရှိုင်းဝတ်ရည်သိန်းနဲ့အဖွဲ့က သီဆိုခဲ့ကြပါတယ်။

**"ပြန်ဆုံမယ်သူငယ်ချင်း"**

သီဆိုမယ်သီချင်းသစ်လေးတစ်ပုဒ် လုပ်လိုက်ပါတော့× × ဟေ့ဟေ့

Verse 1 : ယိမ်းနွဲ့နွဲ့လေပြည်ငယ်လေး နှလုံးသားကို အတိတ်
ဆီကိုဆောင်ကျဉ်းလို့အစပြုခဲ့ မယ်ဒီကယ်
ကောလိပ်အစကို ခဏပြန်မြင်ယောင်ကြည့်စို့
× × IM-1, UM-1 သူ့အရိပ်အောက်ပညာသင်ဖူး
ကျေးဇူးကို ပြန်ဂုဏ်ပြုတဲ့ဒီသီချင်း ဆေး(၁)ရဲ့
ပျော်ရွှင်ဖွယ်မွေးနေ့

Chorus ; ဟေး...ပြန်ဆုံမယ်သူငယ်ချင်း အိုဟိုး အို.. ဆေး(၁)
မွေးနေ့ရောက်တိုင်းမှာလေ ဟေး × × × × ပြန်လာ
ပါသူငယ်ချင်း အိုဟိုးအို× × ဆေး(၁)မွေးနေ့
ရောက်တိုင်းမှာလေ ရောက်တိုင်းမှာလေ

Verse 2 ; သက္ကရာဇ်တို့မှန်မှန် ခုတ်မောင်းရထားတစ်စင်းလို
ပြက္ခဒိန်တွေအသစ်လဲလို့ ရွက်သစ်တို့စည်ဝေ
နေဆဲ အမိတက္ကသိုလ် နှစ် (၉၀) တောင်တိုင်ခဲ့ပေ့ါ
ပြည်သူတွေအတွက် ဆရာဝန်များ မွေးထုတ်ပေး
တာဝန်ကျေခဲ့ကျေးဇူးကို ပြန်ဂုဏ်ပြုတဲ့ဒီသီချင်း
ဆေး(၁)ရဲ့ပျော်ရွှင်ဖွယ်မွေးနေ့
(>>>>Chorus)

Rapping – ဟေး အားလုံးရဲ့မိခင် ကျေးဇူးရှိတယ် ပညာ
ရင်ခွင်ခိုကာလှုံ သူ့အရိပ်အောက်ဝယ်
လိုနေတာတွေ ပြန်ကူညီမယ် အလံမနိုင်တွေလို ဗော်လန်
တီယာတွေ အတန်းကငယ်ငယ် စတက်ချိန်လိပ်ခုံးမှာလေ
စိန်ပန်းပွင့်တွေလည်း ရဲရဲနီအောင်ပွင့်ကာနေ လမ်းမတော်ကို အတန်းကြီးလာရင်ရောက်မယ်ပေ့ တစ်ထောင်နဲ့
ကိုးရာ နှစ်ဆယ့်ခွန်နှစ် ဖေဖော်ဝါရီလရဲ့ နံပါတ်နှစ်
တည်ထောင်ခဲ့တယ် ဂုဏ်ယူလိုက်စို့ နာမည်တွေမျိုးစုံ
တွင်ကျန်ရစ် အရင်အမ်စီကနေ အိုင်အမ်ဖြစ် အိုင်အမ်က
နေ ယူအမ်အဖြစ်သို့

>>>>> (Chorus ; 2times )

မိမိအခုဖော်ပြခဲ့တဲ့တေးသီချင်းအားလုံးက အမိဆေးတက္ကသိုလ်(၁) ကမွေးဖွားပေးခဲ့တဲ့ သားသမီးတွေ ရေးစပ်သီဆိုခဲ့ကြတဲ့ တေးသီချင်းတွေထဲက တချို့ပါ၊ ကာယကံရှင်တွေကိုလည်း ဆက်သွယ်အကြောင်းကြားပြီးမှ တင်ပြထားပါတယ်၊ အမှန်တော့ ပြိုင်ပွဲဝင်ခဲ့တုန်းက ရေးသားသီကုံးစပ်ဆိုခဲ့ကြတဲ့ တေးသီချင်းတွေ မိမိဆီမှာ အများကြီးရှိနေပါသေးတယ်။ အချိန်နဲ့ စာမျက်နှာ အခက်အခဲကြောင့် မိမိဆက်သွယ်လို့ ရသလောက်ကိုပဲ ရေးသားဖော်ပြလိုက်ပါတယ်။ ရာပြည့်သဘင် ဆင်နွှဲနေတဲ့ မိခင်ရန်ကုန်တက္ကသိုလ်ကြီးရော အမိဆေးတက္ကသိုလ်ပါ ကမ္ဘာတည်သရွေ့ နှစ်ပေါင်းထောင်ချီတည်တံ့ခိုင်မြဲပါစေလို့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဆန္ဒပြုရင်း။

**ပါမောက္ခသိန်း၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်**
**၁၉-၁၁-၂၀၂၀**

**(ရေးခေတ်က သီချင်းများကို ရှာဖွေပေးပါသော ဒေါက်တာ သန်းထွဋ်( လင်း၊ ဆေး-၁) နှင့် ဤဆောင်းပါးတွင် ဖော်ပြထားသည့် သီချင်းများ ရေးသားဖော်ပြခွင့်ပြုပေးခဲ့ကြသည့် ဆေးတက္ကသိုလ် (၁) ၏ သားသမီးတေးရေးတေးဆိုအားလုံးကို ကျေးဇူးတင်အပ်ပါသည်။)**

## စာရေးသူ၏ ကိုယ်ရေးအကျဉ်း



အမည်ရင်းမှာ ပါမောက္ခ ဒေါက်တာညွန့်သိန်းဖြစ်သည်။ ၈-၉-၁၉၅၃ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့ပြီး အခြေခံပညာကို မြို့မကျောင်း( အထက-၂ ဒဂုံ) တွင် ဆည်းပူးခဲ့ကာ ၁၉၆၉ ခုနှစ်တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ စကောလားရှစ်( အစိုးရပညာသင်ဆု) ရရှိတက်ရောက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ဆေးပညာဘွဲ့( M.B.,B.S) ရရှိခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် အစိုးရဝန်ထမ်းဖြစ်ခဲ့ပြီး ဆေးတက္ကသိုလ်(၁) မှ ရောဂါဗေဒ ဘွဲ့လွန်ဒီပလိုမာ(၁၉၈၆) နှင့် ဆေးပညာသင်ကြားရေးဒီပလိုမာ (၂၀၀၅) တို့ရရှိခဲ့သည်။ ယူကေနိုင်ငံမှ MRCP(UK), FRCP(Edinburgh),FRCP(London), FRCP(Glasgow) ဘွဲ့များ ချီးမြှင့်ခံခဲ့ရသည်။ ၁၉၈၁ ခုနှစ်တွင် နိုင်ငံ့ဝန်ထမ်းဖြစ်ခဲ့ပြီး ဆေးတက္ကသိုလ်(၂) ရောဂါဗေဒဌာန သရုပ်ပြ ဆေးတက္ကသိုလ်(၁) ရန်ကုန်ရောဂါဗေဒဌာန လက်ထောက်ကထိက၊ ဆေးပညာဌာနတွင် လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ၊ ပါမောက္ခ/ဌာနမှူးရာထူး အဆင့်ဆင့်တာဝန်ယူခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် သက်ပြည့်အငြိမ်းစားယူကာ ဆေးတက္ကသိုလ်(၁) ၏ ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဘွဲ့ကြိုဘွဲ့လွန်သင်ကြားရေးနှင့် တက္ကသိုလ်၏ လိုအပ်သည့်ကဏ္ဍများတွင် ဆက်လက်ပံ့ပိုးလျက်ရှိသည်။

ယူကေနိုင်ငံ တော်ဝင်သမားတော်ကောလိပ်များက ချီးမြှင့်သည့် MRCP နောက်ဆုံးအဆင့်စာမေးပွဲကို မိမိတို့နိုင်ငံတွင်ပင် စာစစ်ဌာနဖွင့်လှစ် စစ်ဆေးနိုင်ရန် ကြိုးပမ်းခဲ့ရာ အောင်မြင်ခဲ့ပြီး ယခုအချိန်တွင် အမိနိုင်ငံအတွက် MRCP (၇၀၀) ကျော်နှင့် FRCP(၁၀၀) ကျော် မွေးထုတ်ပေးနိုင်ခဲ့သည်။ ယူကေတော်ဝင်ကောလိပ်အုပ်စုကြီး(RCP Federation Group) က ကမ္ဘာပေါ်တွင် ပထမဆုံးချီးမြှင့်သည့် MRCP PACES Champion တံဆိပ်ကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း၊ RCP Edinburgh က ချီးမြှင့်သည့် ဂုဏ်ပြုတံဆိပ်(College Medal) ကို ၂၀၁၈ ခုနှစ်တွင် လည်းကောင်း မြန်မာသမားတော်တစ်ဦးအနေဖြင့် နိုင်ငံ့ကိုယ်စားပြုရယူနိုင်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနက ချီးမြှင့်သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက်"ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆု" "Best Teacher Award" ကိုလည်း ရရှိထားပါသည်။ "ပါမောက္ခသိန်း" ကလောင်အမည်ဖြင့် သုတ၊ ရသဆိုင်ရာ စာအုပ် လေးအုပ်ရေးသားခဲ့ရာ "ဆရာဝန်တင်ရွှေစာပေဆု"၊ " ထွန်းဖောင်ဒေးရှင်းစာပေဆု"၊ "သုတစွယ်စုံ စာပေဆု" များ ချီးမြှင့်ခံခဲ့ရသည်။ ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူဟောင်းများအသင်းကြီး၏ဥက္ကဋ္ဌ၊ ခေတ်သစ်ဖောင်ဒေးရှင်း၏နာယက၊ နာရေးကူညီမှုအသင်းကြီး၏ ကုသိုလ်ဖြစ်သမားတော်နှင့် ဒါရိုက်တာအဖွဲ့ဝင်အဖြစ် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

လက်ရှိ ကိုဗစ်-၁၉ အချိန်တွင် "Book Land by Myanmar Book Center" မှ တပည့် သားသမီးများနှင့် ဦးဆောင်ပြီး အလှူရှင်များနှင့်အတူ ကျန်းမာရေးဝန်ထမ်း Front Liners များအတွက် လိုအပ်သည့် ကာကွယ်ရေးပစ္စည်းများ၊ နေ့လယ်၊ ညနေစာများကို ရောဂါစဖြစ်သည့်အချိန်မှစ၍ ယခုအချိန်အထိ ပံ့ပိုးလှူဒါန်းလျက်ရှိသလို နိုင်ငံတော်မှဖွဲ့စည်းထားသည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင်အဖြစ်လည်း ထမ်းဆောင်လျက်ရှိပါသည်။

# ကျေးရွာချင်းဆက်တံတားချဉ်းကပ်လမ်းနှင့် ကျောက်ရောမြေ လမ်းခင်းခြင်းလုပ်ငန်း ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပဲခူး နိုဝင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ရေတာရှည်မြို့နယ် စည်ပိုင်းကျေးရွာအုပ်စုနှင့် နဂျပ်ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်တံတား ချဉ်းကပ်လမ်းနှင့် ကျောက်ရောမြေ လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ထားမှုကို တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စည်ပိုင်းကျေးရွာအုပ်စုနှင့် နဂျပ်ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းမပေါ်တွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ပိုလျှံရန်ပုံငွေ ကျပ်သိန်း ၂၂၅၀ ဖြင့် ဆောင်ရွက်ခဲ့သည့် (၁၅၀ x ၁၈ x ၁၀)ပေရှိ သံကူကွန်ကရစ်တံတား၏ ချဉ်းကပ်လမ်းနှင့် တံတားနှင့် ဆက်သွယ်သည့်လမ်းအား ကျောက်ရောမြေလမ်း ၁ ဒသမ ၇ မိုင် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူခရိုင်နှင့် နေပြည်တော်သို့ ဆက်သွယ်မည့် ဇရစ်ရိုးကုန်း- မီးချောင်းအိုင် ခရိုင်ချင်းဆက်လမ်း (၁/၀ မိုင် x ၁၄'x ၁၄") ကျောက်ချောလမ်းခင်းမည့် အခြေအနေကိုလည်းကောင်း၊ ရေတာရှည်မြို့နယ် ရွှေသောင်ကျေးရွာဟောင်းသို့သွားရောက်သည့် ကျေးလက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားကို သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားမှုအပေါ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် "ရာပြည့်တက္ကသိုလ် မြကျွန်းညို" ကဗျာပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၂**
ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ကဗျာစာမူများ ရေးသားပေးပို့နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ခဲ့သည်။


အဆိုပါကဗျာပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၁၁၈ ဦးက ကဗျာစာမူပေါင်း ၁၂၈ ပုဒ်ကို ရေးသားပေးပို့ယှဉ်ပြိုင်ခဲ့ကြပြီး ကဗျာစာမူဆု စိစစ်ရွေးချယ်ခြင်းကို နိုဝင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး ကဗျာပညာရှင်များက ပြိုင်ပွဲဝင်စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်စိစစ်ရွေးချယ်ခဲ့ကြသည်။

ကဗျာပြိုင်ပွဲတွင် ပထမဆုအဖြစ် မောင်ကျော်ဇော(ရှင်မတောင်နံ့သာ မြေ)က "ရာပြည့်တက္ကသိုလ် မြကျွန်းညို"ကဗျာဖြင့် လည်းကောင်း၊ ဒုတိယဆုအဖြစ် ချစ်စုအောင်က "ရာပြည့် လက်စုံ ပန်းကြာမုံ" ကဗျာဖြင့်လည်းကောင်း၊ တတိယဆုအဖြစ် ရေနံ့သာမောင်ကျော်ညွန့်က "ကမ္ဘာအသိ ဆင်နွဲတဲ့ ရာပြည့်သဘင်ပွဲ" ကဗျာဖြင့်လည်းကောင်း၊ အထူးဆု-၁ အဖြစ် သပြေထွန်းက "အလင်းလွှတ်ကြယ်တို့ရဲ့ စကြဝဠာ ရာပြည့်တက္ကသိုလ် မြကျွန်းသာ" ကဗျာဖြင့်လည်းကောင်း၊ အထူးဆု-၂ အဖြစ် သက်မွန်(မော်ကျွန်း)က "တမ်းတမိတယ် မြကျွန်းညို" ကဗျာဖြင့်လည်းကောင်း၊ အထူးဆု-၃ အဖြစ် လှတိုး(ဒဿနိက)က "အလွမ်းတက္ကသိုလ်" ကဗျာဖြင့်လည်းကောင်း၊ အထူးဆု-၄ အဖြစ် မောင်စုမြင့်(ညောင်လေးပင်)က "ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် မွေးနေ့ဆုတောင်း" ကဗျာဖြင့်လည်းကောင်း၊ အထူးဆု-၅ အဖြစ် မင်းသစ်ဝင်း(ကျောက်တံခါး)က "စိမ်းစိုသာမော ပန်းတို့တောက ချစ်သောအမိတက္ကသိုလ်" ကဗျာဖြင့်လည်းကောင်း အသီးသီးဆုများ ရရှိခဲ့ကြသည်။ အဆိုပါ ကဗျာပြိုင်ပွဲ ဆုပေးပွဲကျင်းပမည့်ရက်ကို ထပ်မံအသိပေးအကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**အုပ်မှူးဇော် (ပြန်/ဆက်)**

# မဟာဝိဇယစေတီတော်ရှိ ငါးကန်မှငါးများ ပြောင်းရွှေ့

**ရန်ကုန် နိုဝင်ဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန လှော်ကားငါးလုပ်ငန်းစခန်းမှ စခန်းတာဝန်ခံ ဦးရဲထွန်းနိုင်နှင့်အဖွဲ့သည် မဟာဝိဇယစေတီတော်ရှိ ငါးကန်၌ ငါးများကျပ်နေ၍ အင်းလျားကန်အတွင်းသို့ ပြောင်းရွှေ့ပေးခြင်းကို ယနေ့ နံနက် ၈ နာရီမှစတင်၍ လှော်ကားငါးလုပ်ငန်းစခန်းမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်မှ ဝန်ထမ်းများနှင့် ဘုရားဂေါပကများစုပေါင်း၍ ငါးကောင်ရေ ၂၀၀၀ အား ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ဘုရားကန်တွင် အများဆုံး တွေ့ရသောငါးမှာ ငါးမြစ်ချင်း၊ ငါးတန်နှင့် တီလားပီးယားငါးတို့ဖြစ်ပြီး စုပ်ခွက်ငါးနှင့် လိပ်များအား ယာယီကန်ပြုလုပ်၍ ထိန်းသိမ်းထားကာ ကန်ပြုပြင်ပြီးစီးပါက ပြန်လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ကျိုက်မရောမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာရွေးချယ်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၂**
မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးရွာများကို စီမံကိန်းလက်စွဲစာအုပ်ပါ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ယနေ့ နံနက် ၁၀ နာရီတွင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆွေးနွေးညှိနှိုင်း ရွေးချယ်ခဲ့ကြသည်။

ရှေးဦးစွာ ကျိုက်မရောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျိုက်မရောမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးရွာတစ်ရွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း၊ သို့ပါ၍ စီမံကိန်း ကျေးရွာများ ရွေးချယ်ပေးရာတွင် အမှန်တကယ် စိတ်ပါဝင်စားမှုရှိပြီး ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် စိတ်အားထက်သန်သည့် ကျေးရွာများအား ဦးစားပေးရွေးချယ်ပေးစေလိုကြောင်းနှင့် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ပေးကြစေလိုကြောင်း ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင် စီမံကိန်း ဆောင်ရွက်ရန် နတ်စမ်းကျေးရွာကို ပထမဦးစားပေး၊ ကော့ခလိန်တောင်ကျေးရွာကို ဒုတိယဦးစားပေးနှင့် ကျိုက်ထော်ကျေးရွာကို တတိယဦးစားပေးအဖြစ် စီမံကိန်း လက်စွဲစာအုပ်ပါ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆွေးနွေးညှိနှိုင်း ရွေးချယ်ပေးခဲ့ကြကြောင်း သိရသည်။

ကျိုက်မရော မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ၂၁ ယူနစ်၊ ကျေးရွာ၂၃ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အဆိုပါကျေးရွာများအနက် ယခုအချိန်အထိ စီမံကိန်းအတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာ ၁၃ ရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။



**ဂျိုင်းလော(သတင်းစဉ်)**

# မတ္တရာမြို့နယ်ရှိ ငါးမွေးကန်များ GAqP စနစ်ဖြင့် အကောင်အထည်ဖော်မည်

**မတ္တရာ နိုဝင်ဘာ ၂၂**
မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ငါးမွေးတောင်သူများ ငါးမွေးမြူရာတွင် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်(Good Aquaculture Practice – GAqP) စနစ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လျှောက်ထားလာသည့်အပေါ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုး၊ ဒုတိယဦးစီးမှူး ဦးခင်မောင်ထွန်းနှင့်အဖွဲ့က ယမန်နေ့ က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်ရန် ပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို အဆိုပါ ငါးမွေးကန်တွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

# မောင်တောမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းလုပ်ငန်းများ ဆောင်ရွက်မည်

**နေပြည်တော် နိုဝင်ဘာ ၂၂**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မောင်တောမြို့နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၂၅၅ ဒသမ ၄၈၆ သန်းဖြင့် ဆောင်ရွက်မည့် မောင်တောမြို့နယ် ခရေမြိုင် (နတလ)ကျေးရွာမှ မောင်တော-အလယ်သံကျော်လမ်းပိုင်းတွင် ပေ ၅၁၅၀ ကွန်ကရစ်ခင်းခြင်းနှင့် ခြောက်ပေ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများကို မောင်တောခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးပါက ခရေမြိုင်ကျေးရွာနေပြည်သူများအနေဖြင့် မောင်တော-အလယ်သံကျော်လမ်းမှတစ်ဆင့် မောင်တောမြို့သို့ ရာသီမရွေး ကူးလူးဆက်သွယ်သွားနိုင်မည်ဖြစ်ပြီး မောင်တောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်လာကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းကြည်**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် နိုဝင်ဘာ ၂၂**
လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# ဘရက်ဆစ်အလွန် ကုန်သွယ်ရေးသဘောတူညီချက် ကနေဒါနှင့်ဗြိတိန် လက်မှတ်ရေးထိုး

**တိုရွန်တို နိုဝင်ဘာ ၂၂**

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အသက်ဝင်မည့် ဘရက်ဆစ်အလွန် ယာယီကုန်သွယ်ရေးစာချုပ်တစ်ခုအဖြစ် ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့က ကုန်သွယ်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူးဒေါနှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်တို့ ယမန်နေ့ကပြုလုပ်သည့် တိုက်ရိုက်ထုတ်လွှင့်သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ သဘောတူညီချက်ကို ကြေညာခဲ့သည်။ “လာမယ့်နှစ်တွေအတွင်း ကုန်သွယ်မှုအခွင့်အလမ်းတွေ အများဆုံးဖြစ်လာစေမယ့် ဘက်စုံပါဝင်တဲ့ သဘောတူညီချက်တစ်ရပ်ကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်” ဟု ထရူးဒေါက ပြောသည်။

“လွတ်လပ်တဲ့ကုန်သွယ်မှုက ကိုဗစ်-၁၉ ကပ်ဘေးကနေ ပြန်လည်ဦးမော့လာဖို့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ကနေဒါနဲ့ ဗြိတိန်က တူညီတဲ့အမြင်ရှိပါတယ်” ဟု ဘောရစ်ဂျွန်ဆင်က ဆိုသည်။ သဘောတူညီချက်သစ်ကြောင့် ဗြိတိန်နိုင်ငံက ဇန်နဝါရီ ၁ ရက်မှစ၍ ကနေဒါ-ဥရောပသမဂ္ဂ ဘက်စုံပါဝင်သော စီးပွားရေးနှင့် ကုန်သွယ်ရေးသဘောတူညီချက် (စီးအီးတီအေ) တွင် ပါဝင်တော့မည်မဟုတ်ပေ။ သဘောတူညီချက်သစ်က ဗြိတိန်သို့တင်ပို့သည့် ကနေဒါ ပို့ကုန်များ၏ ၉၈ ရာခိုင်နှုန်းအပေါ် စည်းကြပ်ခွန်သက်သာခွင့်ရရှိစေမည်ဖြစ်သည်။

ဗြိတိန်က အမေရိကန်၊ တရုတ်၊ မက္ကဆီကိုနှင့် ဂျပန်ပြီးလျှင် ကနေဒါနိုင်ငံ၏ ပဉ္စမမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ကျော်ထိုက်စိုး**



# စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးက အခြားကိုဗစ်ကာကွယ်ဆေးများထက် ဈေးသက်သာမည်ဟု ရုရှားတာဝန်ရှိသူ ဆို

**မော်စကို နိုဝင်ဘာ ၂၂**

ရုရှားနိုင်ငံထုတ် စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေးတစ်လုံး ဈေးနှုန်းမှာ အမေရိကန်ဆေးဝါးကုမ္ပဏီများဖြစ်သော Pfizer နှင့် Moderna တို့၏ ကိုဗစ်ကာကွယ်ဆေးများထက် များစွာသက်သာမည်ဟု တာဝန်ရှိသူတစ်ဦးက တွစ်တာလူမှုကွန်ရက်၌ ယနေ့ ပြောကြားလိုက်သည်။

Pfizer ကုမ္ပဏီထုတ် ဗိုင်းရပ်စ်ကာကွယ်ဆေးတစ်လုံးလျှင် ၁၉ ဒသမ ၅ ဒေါ်လာနှင့် Moderna ကုမ္ပဏီထုတ် ကိုဗစ်ကာကွယ်ဆေးတစ်လုံးလျှင် ၂၅ ဒေါ်လာမှ ၃၇ ဒေါ်လာအထိ ရှိလာမည်ဖြစ်ရာ လူတစ်ဦးလျှင် ၃၉ ဒေါ်လာမှ ၇၄ ဒေါ်လာအထိ ကျသင့်မည်ဖြစ်သည်။ Pfizer၊ Sputnik V နှင့် Moderna ကုမ္ပဏီများထုတ် ကိုဗစ်ကာကွယ်ဆေးများက လူတစ်ဦးလျှင် ဆေးနှစ်လုံးစီ ထိုးပေးရန် လိုအပ်မည်ဖြစ်သည်။ စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ်ကာကွယ်ဆေး ဈေးနှုန်းက အခြားကာကွယ်ဆေးများထက် များစွာလျော့နည်းမည်ဟု ၎င်းက ဆိုသည်။



လာမည့်သီတင်းပတ်တွင် စပွတ်ညစ်-ဗွီ ဗိုင်းရပ်စ် ကာကွယ်ဆေးဈေးနှုန်းကို ကြေညာမည်ဟု ရုရှား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ “စပွတ်ညစ်-ဗွီ ကိုဗစ်ကာကွယ်ဆေးဈေးနှုန်းကို လာမယ့်သီတင်းပတ်မှာ ကြေညာမှာဖြစ်ပါတယ်” ဟု ၎င်းက ပြောသည်။

**ကိုးကား - စပွတ်ညစ်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီ၌ ကြီးမားသည့် ကိုဗစ်-၁၉ စစ်ဆေးစမ်းသပ်မှုပြုလုပ်

**နယူးဒေလီ နိုဝင်ဘာ ၂၂**

အိန္ဒိယနိုင်ငံ မြို့တော်ဒေလီ၏ အုပ်ချုပ်ရေးအဖွဲ့သည် မြို့တော်နေလူထုတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့်လက္ခဏာများ ရှိ၊ မရှိ စစ်ဆေးရန် ငါးရက်ကြာ ကျန်းမာရေးစစ်ဆေးမှုကြီးတစ်ရပ်ကို ပြုလုပ်ခဲ့သည်။

ယင်းကိုဗစ်-၁၉ ရှိ၊ မရှိ စစ်ဆေးသည့်အစီအစဉ်သည် နယူးဒေလီမြို့တော်ရှိ လူဦးရေ ၅ ဒသမ ၇ သန်း သို့မဟုတ် မြို့တော်နေ လူဦးရေပမာဏ၏ သုံးပုံတစ်ပုံကို လွှမ်းခြုံပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁၄ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ဟိန္ဒူဘာသာဝင်တို့၏ ဒီပါဝလီပွဲတော်အပြီးတွင် အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုနှုန်းများ မြင့်တက်လာမည်ကို ဒေသအာဏာပိုင်များက စိုးရိမ်နေကြသည်။ နိုဝင်ဘာလအစောပိုင်းကတည်းက မြို့တော်နယူးဒေလီ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုသည် လူဦးရေ ၈၀၀၀ ကျော်အထိ ရှိခဲ့သည်။

နယူးဒေလီမြို့တော် အုပ်ချုပ်ရေးအဖွဲ့က ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကုသရေးအတွက် အထူးကြပ်မတ်ကုသမှု ခုတင် ၁၄၀၀ ထပ်မံရရှိလိမ့်မည်ဟုလည်း ကြေညာချက် ထုတ်ပြန်ခဲ့သည်။ မြို့တော်နယူးဒေလီတွင် အများပြည်သူဆိုင်ရာနေရာများ၌ နှာခေါင်းစည်း ဝတ်ဆင်ခြင်းမရှိပါက ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၂၇ ဒေါ်လာအထိ ချမှတ်မည်ဟု နိုဝင်ဘာ ၁၉ ရက်တွင် တိုးမြှင့်သတ်မှတ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ ကိုးသန်းကျော်အထိရှိပြီး ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စု၏နောက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူဦးရေ ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားသူ လေးသိန်းလေးသောင်းကျော်ရှိပြီး ၆၃၈၈ ဦး သေဆုံး

**ဒါကာ နိုဝင်ဘာ ၂၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ နိုဝင်ဘာ ၂၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူအသစ် ၂၀၆၀ ရှိခဲ့ပြီး ယင်းရောဂါဖြင့် သေဆုံးသူ ၃၈ ဦးရှိကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ကိုရိုနာဗိုင်းရပ်စ် စတင်ကူးစက်ဖြစ်ပွားစဉ်မှ ယခုလက်ရှိအချိန်ထိ လူပေါင်း ၄၄၇၃၄၁ ဦး ရောဂါကူးစက်ခံရပြီး သေဆုံးသူဦးရေ စုစုပေါင်းမှာ ၆၃၈၈ ဦးရှိကြောင်း ကျန်းမာရေးဌာနညွှန်ကြားရေးမှူးချုပ်ရုံးက နိုဝင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဓာတ်ခွဲစမ်းသပ်မှုအရေအတွက် ၁၃၈၇၀ အား စမ်းသပ်စစ်ဆေးမှုပြုခဲ့သည်ဟု တရားဝင်ထုတ်ပြန်ချက်တွင် ဖော်ပြသည်။



နိုဝင်ဘာ ၂၂ ရက်တွင် ရောဂါကူးစက်မှုမှ ပြန်လည်ကျန်းမာလာသူ ၂၀၇၆ ဦး အပါအဝင် နိုင်ငံတစ်ဝန်းလုံး၌ ရောဂါကင်းစင်လာသူဦးရေပေါင်း ၃၆၂၄၂၈ ဦး ဖြစ်ကြောင်း ယင်းဌာနက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၄၃ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကျန်းမာလာသည့် ဦးရေမှာ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ ၈၁ ဒသမ ၀၂ ရာခိုင်နှုန်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တစ်ရက်အတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ အများဆုံးစံချိန်တင်ခဲ့သည်မှာ ဇူလိုင် ၂ ရက်ကဖြစ်ပြီး ယင်းနေ့တွင် လူပေါင်း ၄၀၁၉ ဦး ကူးစက်ခံခဲ့ရသည်။ ယင်းဗိုင်းရပ်စ်ဖြင့် သေဆုံးသူဦးရေ အများဆုံး စံချိန်တင်ခဲ့သည်မှာ ဇွန်လ ၃၀ ရက်ဖြစ်ပြီး သေဆုံးဦးရေ ၆၄ ဦးရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဇော်ဝင်း**

# အလုပ်လုပ်နိုင်သည့်အသက်အရွယ်ရှိ ဂျပန်အမျိုးသားများ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်မှု မြင့်တက်လာ

**တိုကျို နိုဝင်ဘာ ၂၂**

ဂျပန်နိုင်ငံတွင် အလုပ်လုပ်နိုင်သည့်အသက်အရွယ်ရှိ အမျိုးသားများ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်မှုများ မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ဂျပန်နိုင်ငံတစ်ဝန်းလုံးတွင် ယခုနှစ် စက်တင်ဘာလအတွင်းက အသက် ၂၀ ကျော်မှ ၅၀ ကျော်အကြားရှိ အမျိုးသား ၇၀၅ ဦးတို့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယမန်နှစ်အလားတူကာလကထက် ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သူ ၅၆ ဦးပိုမိုခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၈ ဒသမ ၆ ထိမြင့်တက်ခဲ့သည်။

ယခုနှစ် ဩဂုတ်လအတွင်းက အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိအမျိုးသားများ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်သူ ၇၀၆ ဦးရှိပြီး ယမန်နှစ်အလားတူကာလထက် ၆ ဒသမ ၆ ရာခိုင်နှုန်းပိုမိုခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အမျိုးသမီးများ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်မှုတွင် ယခုနှစ်စက်တင်ဘာလအတွင်း ဦးရေ ၆၄၀ ရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ပိုမိုများပြားသည်။

ဂျပန်အမျိုးသားများသည် ၎င်းတို့၏ပြဿနာများကို တိုင်ပင်ဆွေးနွေးမှုများ မပြုလုပ်ဘဲ ၎င်းတို့ကိုယ်တိုင်သာ ထိန်းသိမ်းထားရှိကြကြောင်း တိုကျိုအခြေစိုက်အန်ပီအိုလိုက်ဖ်လင့် အမည်ရှိ သုတေသနအဖွဲ့က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပုံမှန်အလုပ်အကိုင်မဟုတ်သော အလုပ်သမားများနှင့် ကိုယ်ပိုင်အလုပ်များကို အကျဉ်းအကျပ်ထဲသို့ မောင်းနှင်နေကြောင်း အဆိုပါအဖွဲ့အစည်းကို ဦးဆောင်သည့် ဂျီအီဇုယာဆုယုကိက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း**

# ဆင်းရဲသည့်နိုင်ငံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး မျှတစွာရရှိရေး ကူညီဆောင်ရွက်ပေးရန် ဂျီ-၂၀ ခေါင်းဆောင်များ ကတိပြု




**ပေကျင်း နိုဝင်ဘာ ၂၂**

ဆင်းရဲသည့် နိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သာတူညီမျှရရှိစေရေးအတွက် ရန်ပုံငွေနှင့် ဆေးဝါးအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ထိပ်တန်း စီးပွားရေးအင်အားကြီး ဂျီ-၂၀ နိုင်ငံ့ခေါင်းဆောင်များက ကတိပြုပြောကြားခဲ့သည်။

**မျှတစွာရရှိရေးအခြေခံအကျဆုံး**

ဆော်ဒီနိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့် ယင်း ဂျီ-၂၀ အစည်းအဝေးပွဲတွင် ကမ္ဘာ့နိုင်ငံများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေး မျှတစွာရရှိရေးမှာ ပြည်သူတစ်ရပ်လုံးအကျိုးစီးပွားအတွက် အခြေခံအကျဆုံး ဆောင်ရွက်ချက်အဖြစ် ခေါင်းဆောင်များအားလုံးက ရှုမြင်သည်။

ကိုဗစ်-၁၉ ရောဂါမှာ ဆင်းရဲ၊ ချမ်းသာ ကွာဟမှုမြင့်မားသည့်နိုင်ငံများကြား ပိုင်းခြားမှုကို ဖြစ်စေနိုင်သဖြင့် စီးပွားရေးအင်အားကြီးနိုင်ငံများအနေဖြင့် ဆင်းရဲသည့်နိုင်ငံများအားလုံးကို ကူညီနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ခေါင်းဆောင်များက ယူဆသည်။

ပြင်သစ်သမ္မတ မက်ခရွန်က "ချမ်းသာတဲ့ နိုင်ငံတွေအနေနဲ့ ပုံမှန်အခြေအနေပြန်ရောက်ဖို့နဲ့ ကိုဗစ်-၁၉ ရောဂါကို ကာကွယ်နိုင်ဖို့ ကိစ္စနှစ်ရပ်စလုံးကို လျင်လျင်မြန်မြန် ဖော်ဆောင်နိုင်ပါလိမ့်မယ်။ ဆင်းရဲတဲ့နိုင်ငံတွေအနေနဲ့ အခြေအနေတွေ ပြတ်ကျန်ခဲ့တာမျိုး ကျွန်တော်တို့ မလိုလားပါဘူး။ သူတို့ ပြန်လည်နာလန်ထူလာဖို့ ဝိုင်းကူဖို့လိုပါတယ်" ဟု ပြောကြားခဲ့သည်။ ဂျာမနီအဓိပတိ မာကယ်လ်ကလည်း ဂျာမနီနိုင်ငံအနေဖြင့် ယူရိုသန်း ၅၀၀ ကျော်ကို ကူညီပံ့ပိုးပေးမည်ဖြစ်သလို အခြားနိုင်ငံများအနေဖြင့်လည်း ရန်ပုံငွေထည့်ဝင်လှူဒါန်းရန် တိုက်တွန်းလိုက်သည်။

**လှူဒါန်းရန်ကတိပြု**

ရုရှားသမ္မတ ပူတင်က ရုရှားထုတ်အလားအလာကောင်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို လှူဒါန်းမည်ဖြစ်ကြောင်း ကတိပြုခဲ့ပြီး တရုတ်သမ္မတ ရှီကျင့်ဖျင်ကမူ သုတေသန၊ ဆေးဝါးထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးတို့တွင် အခြား ဂျီ-၂၀ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုလားကြောင်း ဆိုသည်။

ဆွေးနွေးပွဲအတွင်း အမေရိကန်သမ္မတထရမ့်က စီးပွားရေးပြန်လည်ကောင်းမွန်လာရေး ကိစ္စရပ်များကိုသာ အလေးထားဆွေးနွေးခဲ့ပြီး ယမန်နေ့ ညပိုင်းကထုတ်ပြန်ခဲ့သည့် အိမ်ဖြူတော်အစီရင်ခံစာအကျဉ်းတွင်လည်း အမေရိကန်မှ ဆင်းရဲသည့်နိုင်ငံများသို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ဖြန့်ဖြူးရေးကိစ္စရပ်ကိုမူ ထည့်သွင်းဖော်ပြခဲ့ခြင်းမရှိကြောင်း သိရသည်။

**ကိုးကား – စီအင်န်အေ၊ ဘာသာပြန် – မေလွဲ့သင်း**



# အမေရိကန်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂ သန်းအထိ ရှိလာခြင်းကြောင့် ကယ်လီဖိုးနီးယား၌ ညမထွက်ရအမိန့်စတင်ချမှတ်

**ဝါရှင်တန် နိုဝင်ဘာ ၂၂**

အမေရိကန်နိုင်ငံ၏ အနောက်ပိုင်းပြည်နယ်တစ်ခုဖြစ်သည့် ကယ်လီဖိုးနီးယားပြည်နယ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုမြင့်တက်လာခြင်းကို ထိန်းချုပ်ရန်ကြိုးပမ်းသည့်အနေဖြင့် နိုဝင်ဘာ ၂၁ ရက်တွင် ညမထွက်ရအမိန့်ကို စတင်ချမှတ်ခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံတစ်ဝန်းတွင် မေလနောက်ပိုင်းမှစတင်ကာ ကိုဗစ်-၁၉ ရောဂါနှင့်ဆက်နွယ်သည့် သေဆုံးသူအရေအတွက်မှာ နေ့စဉ် ၂၀၀၀ အထိ ရှိကြောင်းလည်း သိရသည်။ လက်ရှိတွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၂ သန်းကျော်နှင့် သေဆုံးသူ စုစုပေါင်း ၂၅၅၀၀၀ ကျော် ရှိပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။

အဆိုပါအရေအတွက်သည် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း အမေရိကန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ၁၈၇၀၀၀ ခန့်ရှိခဲ့သည်။

အမေရိကန်ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာကလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုတိုးမြင့်လာခြင်းကို ကြိုတင်ကာကွယ်ရန်အတွက် နိုဝင်ဘာ ၂၆ ရက်တွင် ကျရောက်မည့် အားလပ်ရက်တွင် ခရီးသွားလာခြင်းကို ရှောင်ရှားရန် အမေရိကန်နိုင်ငံသားများအား တောင်းဆိုထားကြောင်းသိရသည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် ပြီးခဲ့သည့် သီတင်းပတ်က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း တစ်သန်းအထိရှိကာ တက္ကဆက်ပြည်နယ်ပြီးပါက ဒုတိယမြောက်ကူးစက်မှုအများဆုံးဖြစ်ကြောင်း သိရသည်။ **ကိုးကား – ဘီဘီစီ၊ ဘာသာပြန် – အလင်းသစ်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၅၈၆၃၂၅၉၃ | ဦး |
| သေဆုံးသူ | ၁၃၈၈၉၂၅ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၄၀၅၈၇၂၄၉ | ဦး |

# မိုက်ပွန်ပီယိုက တာလီဘန်နှင့် အာဖဂန်အစိုးရမှ ဆွေးနွေးပွဲအဖွဲ့ဝင်များအား တွေ့ဆုံ

**ဒိုဟာ နိုဝင်ဘာ ၂၂**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် အာဖဂန်အစိုးရနှင့် တာလီဘန်အုပ်စုမှ ငြိမ်းချမ်းရေးဆွေးနွေးပွဲ အဖွဲ့ဝင်များကို ယမန်နေ့က ကာတာနိုင်ငံ ဒိုဟာမြို့၌ တွေ့ဆုံခဲ့ရာ အမေရိကန်ပြည်ထောင်စုအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းမှု အရှိန်မြင့်လုပ်ဆောင်နေစဉ် ၎င်းတို့၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကို အရှိန်မြှင့်လုပ်ဆောင်ရန် တိုက်တွန်းလိုက်သည်။

ထို့အပြင် ပွန်ပီယိုသည် အငြင်းပွားမှု သိသိသာသာလျှော့ချရေးအတွက် ဆွေးနွေးပွဲအဖွဲ့ဝင်များအား တောင်းဆိုထားသလို နိုင်ငံရေးလမ်းပြမြေပုံနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ပြည့်ဝစုံလင်သောပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ဆွေးနွေးမှုအပေါ် အားပေးခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ပွန်ပီယိုသည် အာဖဂန်အစိုးရနှင့် တာလီဘန်အုပ်စုမှ ဆွေးနွေးပွဲအဖွဲ့ဝင်များကို ဒိုဟာမြို့ရှိ ဇိမ်ခံဟိုတယ်တစ်ခု၌ သီးခြားတွေ့ဆုံခဲ့ပြီး တာလီဘန်အုပ်စုမှ ဆွေးနွေးပွဲအဖွဲ့ဝင်များနှင့်တွေ့ဆုံစဉ် အချိန်တစ်နာရီကျော် ကြာမြင့်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ လူဦးရေထူထပ်သောနေရာများ၌ ဒုံးကျည်ဖြင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီး ရှစ်ဦးထက်မနည်း သေဆုံးပြီးနောက် အမေရိကန်ထိပ်တန်း သံတမန်အနေဖြင့် ကာတာနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ တာလီဘန်အုပ်စုက မိမိတို့၏ လက်ချက်မဟုတ်ကြောင်း ငြင်းဆန်ခဲ့ပြီး အိုင်အက်စ်စစ်သွေးကြွအုပ်စုက မိမိတို့၏ လက်ချက်ဖြစ်သည်ဟု ဆိုသည်။



ထို့အပြင် မိုက်ပွန်ပီယိုသည် ဒိုဟာမြို့၌ ခရီးတစ်ထောက်ရပ်နားစဉ် ကာတာဘုရင်ရှိတ်ခ်တာနိမ်ဘင်ဟာမက် အယ်လ်သာနီနှင့် ကာတာနိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဘင်အဗ္ဗဒူလ်ရာမန်အယ်လ်သာနီ တို့ကိုလည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

သို့သော် ပွန်ပီယိုသည် ဒိုဟာမြို့မှ မထွက်ခွာမီ တာလီဘန်နှင့် အာဖဂန်အစိုးရအကြား ဆွေးနွေးညှိနှိုင်းမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှ သတင်းထုတ်ပြန်ခဲ့ခြင်းမရှိကြောင်း သိရသည်။

အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ အာဖဂန်နစ္စတန်နိုင်ငံ၏ အထက်တန်းကောင်စီဥက္ကဋ္ဌ အဗ္ဗဒူလ်လာ အဗ္ဗဒူလ်လာကမူ အစိုးရနှင့် တာလီဘန်အုပ်စုတို့သည် ၎င်းတို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အပြီးသတ်ခါနီးပြီဟု အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလက အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား သဘောတူချက်အရ အမေရိကန်ပြည်ထောင်စုသည် အာဖဂန်နစ္စတန်ရှိ ၎င်း၏ တပ်ဖွဲ့ဝင် ၂၀၀၀ ခန့်ကို မကြာမီ ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ယခုသီတင်းပတ်အစောပိုင်းတွင် ပြောကြားသည်။

**ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ**

# Moderna ဆေးမှာ ဝယ်ယူသည့် ပမာဏပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိမည်

**ဖရန့်ဖတ် နိုဝင်ဘာ ၂၂**

၉၅ ရာခိုင်နှုန်းနီးပါး ထိရောက်မှုရှိကြောင်း အတည်ပြုခဲ့ပြီးဖြစ်သည့် Moderna ဆေးမှာ ဝယ်ယူမည့်ပမာဏပေါ်မူတည်ပြီး ဆေးတစ်လုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅ မှ ၃၇ ဒေါ်လာကြား ကုန်ကျမှုရှိမည်ဖြစ်ကြောင်း Moderna ၏ အမှုဆောင်ချုပ် ဘန်ဆဲလ်က ဂျာမနီအပတ်စဉ်ထုတ် ဝမ်းအက်စ်ဂျာနယ်သို့ ပြောကြားခဲ့သည်။

ဘန်ဆဲလ်က "ဒီဆေးက တုပ်ကွေးကာကွယ်ဆေးတစ်လုံး တန်ဖိုးလိုပဲ ၁၀ ဒေါ်လာကနေ ဒေါ်လာ ၅၀ ကြား ကုန်ကျပါလိမ့်မယ်" ဟု ယေဘုယျပြောကြားခဲ့သည်။

ဥရောပသမဂ္ဂ (အီးယူ) က ဆေးအလုံးသန်းပေါင်းများစွာ မှာယူမည်ဖြစ်သဖြင့် ဆေးတစ်လုံးလျှင် ၂၅ ဒေါ်လာအောက်သာကျသင့်မည်ဖြစ်ကြောင်း ဆိုခဲ့သော်လည်း နှစ်ဖက်သဘောတူစာချုပ်ချုပ်ဆိုနိုင်မှု မရှိသေးကြောင်း သိရသည်။ အီးယူမှာ Moderna ၏ အစောပိုင်း စမ်းသပ်မှုအဆင့်ကတည်းက ဆေးဝယ်ယူရန် ဆွေးနွေးခဲ့ဖူးပြီး ၉၀ ရာခိုင်နှုန်းကျော် ထိရောက်မှုရှိကြောင်း ကြေညာမှုအပြီးတွင် ဝယ်ယူရန် အလျင်အမြန် ပြင်ဆင်လာခြင်းဖြစ်သည်။

Moderna ဆေးမှာ Pfizer နှင့် BioNTech တို့မှ ထုတ်ဝေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပြီးလျှင် ၉၀ ရာခိုင်နှုန်းကျော် ထိရောက်မှုရှိသည့် ဆေးအဖြစ် ကမ္ဘာသို့ကြေညာခဲ့သည့် ဒုတိယမြောက်ဆေးအမျိုးအစားဖြစ်သည်။

**ကိုးကား – ဂါးဒီးယန်း
ဘာသာပြန် – မေလွဲ့သင်း**

# ကမ္ဘာတစ်ဝန်းမှ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရေးအတွက် တွန်းအားပေးလုပ်ဆောင်ရန် ဂျီ-၂၀ အုပ်စုအား ဂျပန်ဝန်ကြီးချုပ် တောင်းဆို



**တိုကျို နိုဝင်ဘာ ၂၂**

ကမ္ဘာတစ်ဝန်းမှ ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ဆေးနှင့် ကုသမှုများရရှိရေး တွန်းအားပေးလုပ်ဆောင်ရန် ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါက ဂျီ-၂၀ အုပ်စုအား တောင်းဆိုလိုက်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါသည် ဆော်ဒီအာရေဗျနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် အွန်လိုင်းမှတစ်ဆင့် ကျင်းပသည့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးတွင် အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် နှစ်ရက်ကြာ ကျင်းပသည့် အဆိုပါ ဂျီ-၂၀ ထိပ်သီးအစည်းအဝေး၏ ပထမနေ့တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပြန်လည်တိုးမြှင့်ရေးနှင့် နိုင်ငံတကာခရီးသွားလာမှု ပြန်လည်စတင်ရေးတို့တွင် ဦးဆောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက ပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာတစ်ဝန်းလုံးတွင် ကုထုံးများ၊ ကာကွယ်ဆေးများနှင့် ရောဂါရှာဖွေနိုင်ခြင်းကို ရယူနိုင်မည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးရန် အရေးကြီးကြောင်းလည်း ဂျပန်ဝန်ကြီးချုပ် ဆူဂါက မှတ်ချက်ပြုပြောကြားခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အလင်းသစ်**



## ကိုဗစ်-၁၉ ရောဂါကြောင့် ခရစ္စမတ်ကာလအတွင်း ခရီးသွားလာခြင်းမပြုရန် ပြည်သူများအား ပိုလန်ဝန်ကြီးချုပ် တိုက်တွန်း

**ဝါဆော နိုဝင်ဘာ ၂၂**

ပိုလန်ဝန်ကြီးချုပ် မာတီးယားဇ်မိုရာဝစ်ကီသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရန်အတွက် ခရစ္စမတ်ကာလအတွင်း ခရီးသွားလာခြင်းမပြုကြရန် ပိုလန်ပြည်သူများအား တိုက်တွန်းလိုက်သည်။

"ကျေးဇူးပြုပြီး ခရစ္စမတ်ကာလအတွင်း ခရီးသွားလာရန် အစီအစဉ်မရှိကြပါနဲ့။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်မားလာတဲ့အတွက် အစိုးရအနေနဲ့ အသွားအလာကန့်သတ်မှု ချမှတ်ရေးနည်းလမ်းတွေကို လေ့လာနေပါတယ်" ဟု ဝန်ကြီးချုပ် မိုရာဝစ်ကီက ပြည်သူများအား တိုက်တွန်းလိုက်သည်။

ထို့အပြင် ပိုလန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရုပ်ရှင်ရုံများ၊ အရက်ဘီယာဆိုင်များနှင့် စားသောက်ဆိုင်များကို ခရစ္စမတ်နေ့ကုန်ဆုံးသည်အထိ ဆက်လက်ပိတ်သွားမည်ဖြစ်သည်။ သို့သော် စာသင်ကျောင်းများသည် ကျောင်းသားများကို အဝေးသင်စနစ်ဖြင့် ဆက်လက်သင်ကြားပို့ချသွားမည်ဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်းအခြေအနေ အလွန်ဆိုးရွားနေဆဲဖြစ်သည့်အတွက် စိုးရိမ်မိပါကြောင်း၊ သို့သော် ရောဂါထပ်မံကူးစက်မှု အခြေအနေမှာ အနည်းငယ်တည်ငြိမ်လာကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ပိုလန်နိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၇၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၃၂၈၈ ဦးရှိလာကြောင်း ပိုလန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ပြီးခဲ့သည့် သီတင်းပတ်က ပိုလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါနှင့် ဆက်စပ်သည့် ရောဂါကြောင့် သေဆုံးမှုဦးရေသည် အီတလီနှင့် ပြင်သစ်နိုင်ငံပြီးလျှင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား သေဆုံးမှု တတိယအများဆုံး ဖြစ်လာခဲ့သည်။

လာမည့်ရက် ၁၀၀ ကာလအတွင်း အစိုးရကချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာအစီအမံများကို လိုက်နာပြီး စည်းစည်းလုံးလုံးနေထိုင်ကြရန် လိုအပ်ကြောင်း၊ ယင်းရက် ၁၀၀ ကုန်ဆုံးသောအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိနိုင်ဖွယ် အလားအလာများပြားကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ပိုလန်အစိုးရက ယနေ့ကြေညာထားသည့် အသွားအလာကန့်သတ်ချက်အရ နိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်း၊ အားကစားရုံများနှင့် ဖျော်ဖြေရေးနေရာများကို ဒီဇင်ဘာ ၂၇ ရက်အထိ ဆက်လက်တားမြစ်ပိတ်ထားမည်ဖြစ်ပြီး ဈေးဆိုင်များကိုမူ နိုဝင်ဘာ ၂၇ ရက်မှစ၍ ပြန်ဖွင့်မည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၂၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ တွင် ပါရှိခဲ့သည့် "အမေရိကန်ပြည်ထောင်စု၏ အသက်အကြီးဆုံးသမ္မတအဖြစ် မှတ်တမ်းဝင်မည့် ရွေးကောက်ခံသမ္မတ ဘိုင်ဒင်မှာ မွေးနေ့ရက်ကို အလုပ်တာဝန်များဖြင့်ကုန်ဆုံး"သတင်းတွင် **အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ နန်စီပလိုစီ** အစား **အမေရိကန်ပြည်ထောင်စု အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီ** ဟုလည်းကောင်း၊ တတိယကော်လံ၊ စာကြောင်းရေ ၄ တွင် **သမ္မတလောင်းအဖြစ် တစ်ကြိမ်တစ်ခါမျှ ဝင်ရောက်ယှဉ်ပြိုင်မှုမပြုခဲ့ခြင်းဖြစ်သည်** အစား **၁၉၈၈ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းရွေးချယ်ပွဲအဆင့်ဆင့်၌ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ယင်းပါတီ၏ သမ္မတလောင်းအဖြစ် ဆန်ကာတင် ရွေးချယ်ခံရကာ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်** ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **ဘာသာပြန်စာတည်း**

## ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ နိုင်ငံတကာလေယာဉ်များကို ဒီဇင်ဘာ ၇ ရက်မှစတင်ကာ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်

**မဲလ်ဘုန်း နိုဝင်ဘာ ၂၂**

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ နိုင်ငံတကာလေယာဉ်များ ဝင်ရောက်ခွင့်ကို ငါးလကြာ ပိတ်ထားခဲ့သော်လည်း လာမည့် ဒီဇင်ဘာ ၇ ရက်မှစ၍ ပြန်လည်ဝင်ရောက်ခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

မဲလ်ဘုန်းလေဆိပ်သို့ ဆိုက်ရောက်လာသည့် ခရီးသည်များ အနေဖြင့် ဟိုတယ်တွင် အသွားအလာကန့်သတ်နေထိုင်ရန် သဘောတူညီမှသာလျှင် နိုင်ငံသို့ လာရောက်ခွင့်ပြုမည်ဖြစ်သည်။ သို့ရာတွင် ယခုအစီအစဉ်မှာ ပြည်ပရောက် ဩစတြေးလျနိုင်ငံသားများကို နိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေး အဓိကရည်ရွယ်ထားပြီး တစ်နေ့လျှင် ၁၆၀ သာ ဝင်ခွင့်ပြုမည်ဖြစ်သည်။ ဗစ်တိုးရီးယားပြည်နယ်၌ ၂၁ ရက်ဆက်တိုက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မရှိခဲ့ပြီးနောက် နိုင်ငံတကာလေယာဉ်များကို ပြန်လည်ခွင့်ပြုရန် ပြင်ဆင်လာခြင်းဖြစ်သည်။

**ကိုးကား- စကိုင်းနယူးစ်၊ ဘာသာပြန် - မေလွဲ့သင်း**

## ဥရောပနိုင်ငံများ၏ ကိုဗစ်-၁၉ တုံ့ပြန်မှုပုံစံကြောင့် ကိုဗစ်တတိယလှိုင်းဖြစ်မည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စိုးရိမ်

**ဇူးရစ် နိုဝင်ဘာ ၂၂**

ဥရောပနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း အနည်းငယ် ကျဆင်းသွားသည်နှင့် ကန့်သတ်ချက်များ ပြန်လည်ဖြေလျှော့ပေးခြင်းများ အလျင်စလိုဆောင်ရွက်ပေးနေသဖြင့် ၂၀၂၁ ခုနှစ် နှစ်စတွင် ကိုဗစ်-၁၉ တတိယလှိုင်း ဖြစ်ပေါ်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သံတမန် နက်ဘာရိုက သတိပေးပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသူ နက်ဘာရိုက "အခု ဒုတိယလှိုင်းဖြစ်နေတာပါ၊ ဥရောပနိုင်ငံတွေအနေနဲ့ ဒီပုံစံအတိုင်း ဆက်သွားရင်တော့ ၂၀၂၁ ခုနှစ် အစပိုင်းမှာ တတိယလှိုင်းဖြစ်လာဖို့ ရှိနေပါတယ်"ဟု ပြောကြားခဲ့သည်။ ဆက်လက်ပြီး ၎င်းက အာရှနဲ့ သမုဒ္ဒရာပိုင်းဇုန်က နိုင်ငံတွေဆိုရင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမြင့်မားလာတာနဲ့ ကန့်သတ်ချက်တွေကို လပေါင်းများစွာ တင်းကျပ်ထားတာပါ။ ဥပမာ တောင်ကိုရီးယားဆို ကူးစက်မှုနှုန်းလျော့သွားပေမယ့် ကန့်သတ်ချက်တွေ သိသိသာသာ ဖြေလျှော့တာမျိုး မလုပ်သေးပါဘူး"ဟု ပြောကြားခဲ့သည်။ **ကိုးကား - အေဘီစီ ဘာသာပြန် - မေလွဲ့သင်း**



ရုရှားငြိမ်းချမ်းရေးတပ်ဖွဲ့များ နာဂေါ်နို-ကာရာဘတ်ခ်ဒေသတွင် စစ်ဆေးမှုပြုလုပ်နေသည်ကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

## နာဂေါ်နို-ကာရာဘတ်ခ်ဒေသ တည်ငြိမ်မှုရရှိစေရေး ရုရှား ဆောင်ရွက်လျက်ရှိ

**မော်စကို နိုဝင်ဘာ ၂၂**

နာဂေါ်နို-ကာရာဘတ်ခ်ဒေသတွင် အခြေအနေတည်ငြိမ်စေရေးအတွက် ရုရှားငြိမ်းချမ်းရေးတပ်ဖွဲ့များကို ဖြန့်ကြက်ပေးထားပြီးနောက်ပိုင်း ယင်းဒေသ၌ တည်ငြိမ်မှုရှိလာခဲ့ပြီဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က ယနေ့တွင် ပြောကြားလိုက်သည်။

နိုဝင်ဘာလ အစောပိုင်းကတည်းက အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နှစ်နိုင်ငံတို့အကြား စေ့စပ်ညှိနှိုင်းပေးမှုများကို ရုရှားနိုင်ငံက ဆောင်ရွက်ပေးခဲ့ပြီး ပဋိပက္ခဖြစ်ပွားနေသည့် နာဂေါ်နို-ကာရာဘတ်ခ်ဒေသ၌ ရုရှားတပ်ဖွဲ့များကို အပစ်အခတ်ရပ်စဲရေးအတွက် တပ်ဖြန့်ထားခဲ့ခြင်းဖြစ်သည်။ ရုရှားတပ်များ ချထားပေးပြီးနောက် အခြေအနေမှာ တည်ငြိမ်လာပြီဖြစ်သဖြင့် ဒေသခံများကို နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရေးတို့ ဆက်လက်ဆောင်ရွက်ရန် ပူတင်က ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးများကို အွန်လိုင်းမှ ပြုလုပ်သည့် အစည်းအဝေးတွင် ညွှန်ကြားခဲ့သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး လာရော့ဗ်သည် ယမန်နေ့က အဇာဘိုင်ဂျန်နှင့် အာမေးနီးယားနှစ်နိုင်ငံစလုံးသို့ သွားရောက်ခဲ့ကာ အာမေးနီးယားဝန်ကြီးချုပ် ပါရှင်ယန်နှင့်တွေ့ဆုံခဲ့ပြီး အဇာဘိုင်ဂျန်သမ္မတ အလီယက်ဗ်နှင့်လည်း ထပ်မံတွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါဒေသ အပစ်အခတ်ရပ်စဲရေးတွင် ရုရှားနိုင်ငံနှင့်အတူ အမေရိကန်ပြည်ထောင်စုနှင့် ပြင်သစ်နိုင်ငံတို့က ပါဝင်ဆောင်ရွက်ရန် သဘောတူထားပြီးဖြစ်သော်လည်း တည်ငြိမ်မှုကင်းမဲ့သည့် အရေးပေါ်အခြေအနေကြောင့် အိမ်နီးချင်း ရုရှားနိုင်ငံကသာ အခြေအနေကို ဝင်ရောက်ထိန်းသိမ်းပေးနေခြင်းဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - မေလွဲ့သင်း**

# အောင်မြင်စွာကျင်းပနိုင်ခဲ့တဲ့ သမိုင်းဝင်ရွေးကောက်ပွဲကြီးနဲ့ MRTV




**သပြေ**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကတော့ အောင်မြင်စွာပြီးမြောက်ခဲ့ပြီ ဖြစ်ပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီးအဖြစ် ရွေးကောက်ပွဲ စောင့်ကြည့်အဖွဲ့တွေကရော နိုင်ငံတကာကပါ ချီးကျူးဂုဏ်ပြုမှုတွေ ထုတ်ပြန်နေကြပါတယ်။ ရွေးကောက်ပွဲကြီးအောင်မြင်ဖို့ ကဏ္ဍစုံကနေ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြတာပါ။

**သက်ဆိုင်ရာကဏ္ဍကနေ တက်ကြွစွာပါဝင်**

အဓိက ချီးကျူးဂုဏ်ပြုရမှာကတော့ နိုင်ငံရေးအသိရှိတဲ့၊ တာဝန်ကျေပွန်တဲ့ မြန်မာပြည်သူ ပြည်သားတွေပါ။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့လည်း သက်ဆိုင်ရာကဏ္ဍကနေ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ရွေးကောက်ပွဲကြီး အောင်မြင်ဖို့ လှုံ့ဆော်ပေးတာတွေ၊ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး တင်ဆက်မှုတွေနဲ့ သတင်းထုတ်ပြန်တာတွေကို MRTV အနေနဲ့ ၂၀၁၉ ခုနှစ် ဇွန်လမှ စတင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟာ ပြန်ကြားပေးရန်၊ ပညာပေးရန်နဲ့ ဖျော်ဖြေပေးရန်ဆိုတဲ့ ရည်မှန်းချက် (၃) ရပ်နဲ့ ပြည်သူအတွက် ဝန်ဆောင်မှုပေးနေတဲ့ ရုပ်သံလုပ်ငန်း ဖြစ်ပါတယ်။ ငါးနှစ် တစ်ကြိမ် ကျင်းပတဲ့ ရွေးကောက်ပွဲကြီး အောင်မြင်ဖို့အတွက် ဦးစားပေး တာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီး ရွေးကောက်ပွဲ မကျင်းပမီ အကြိုကာလ၊ ရွေးကောက်ပွဲကြီး ကျင်းပနေစဉ်ကာလနဲ့ ရွေးကောက်ပွဲပြီး ကျင်းပပြီးနောက်ကာလတွေ ခွဲခြားပြီး တိကျစွာတာဝန်တွေသတ်မှတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။




ရွေးကောက်ပွဲအကြိုကာလမှာ Voter Education ဖြစ်တဲ့ "ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို တေးသီချင်းတွေ၊ ဇာတ်လမ်းတိုတွေ၊ တွေ့ဆုံမေးမြန်းခန်းတွေ၊ ဆွေးနွေးပွဲတွေနဲ့ ပညာပေးစာတမ်း၊ ဒီဇိုင်း TV Spot" တွေကို ထုတ်လွှင့်တင်ဆက်ခဲ့တာပါ။

ဒီလိုထုတ်လွှင့်နိုင်ဖို့ ဆောင်ရွက်တဲ့အခါမှာ ကိုဗစ် – ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကာလနဲ့ ကြုံကြိုက်နေတာကြောင့် ကန့်သတ်ချက်တွေ၊ စိန်ခေါ်မှုတွေကြားကပဲ နာမည်ကျော် အနုပညာရှင်တွေ၊ အတတ်ပညာရှင်တွေနဲ့ပူးပေါင်းပြီး ကာကွယ်ရေးနည်းလမ်းတွေ လိုက်နာလုပ်ဆောင်ရပြုကာ အထူးသတိထား ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုကြောင့် တေးသီချင်း ၃၆ ပုဒ်ကို ၄၀၃ ကြိမ်၊ ဇာတ်လမ်းတို ခုနစ်ပုဒ်ကို အကြိမ် ၈၀၊ တွေ့ဆုံမေးမြန်းခန်း ၂၀ ကို အကြိမ် ၄၀၊ ဆွေးနွေးပွဲ နှစ်ခုကို နှစ်ကြိမ် ထုတ်လွှင့်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ရွေးကောက်ပွဲအသိပညာပေး TV Spot တွေကိုတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာချက်တွေနဲ့ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲနှင့် ဥပဒေစာအုပ်မှ ကောက်နုတ်ပြုစုပြီး ရွေးကောက်ပွဲ လှုံ့ဆော်တေးတွေနဲ့ အတူ နေ့စဉ်ထည့်သွင်းထုတ်လွှင့်ခဲ့တာပါ။

**ဗုဒ္ဓဟူးနေ့တိုင်းမှာ ထုတ်လွှင့်ပြသ**

တွေ့ဆုံမေးမြန်းခန်းအစီအစဉ်ကိုတော့ "ရွေးကောက်ပွဲအကြောင်း သိကောင်းစရာ" ခေါင်းစဉ်နဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်ကို တွေ့ဆုံမေးမြန်းပြီး အပိုင်း ၂၀ ခွဲကာ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်းမှာ ထုတ်လွှင့်ပြသခဲ့တာပါ။ ရွေးကောက်ပွဲဇာတ်လမ်းတို ခုနစ်ပုဒ်ကို နိုင်ငံကျော်အနုပညာရှင်တွေနဲ့ ရိုက်ကူးထုတ်လုပ်ခဲ့ပြီး စက်တင်ဘာလမှစပြီး တစ်ရက်ကို နှစ်ပုဒ်နှုန်းနဲ့ ထုတ်လွှင့်ပြသခဲ့ပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နိုင်ငံပိုင်ရုပ်သံလုပ်ငန်းဖြစ်တာနဲ့အညီ နိုင်ငံရေးပါတီတွေရဲ့ ဟောပြောစည်းရုံးမှုတွေကို မျှမျှတတထုတ်လွှင့်ပေးဖို့လည်း စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုထုတ်လွှင့်နိုင်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ စီမံမှု၊ သတ်မှတ်ပေးမှုတွေအတိုင်း စကားပြောစင်မြင့်၊ စားပွဲ၊ ထိုင်ခုံ၊ နောက်ခံ၊ ပါတီတွေရဲ့ အလံနဲ့ Logo တံဆိပ်စသည်ဖြင့် အသေးစိတ် စီမံဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

**ထပ်မံထုတ်လွှင့်ပေးနိုင်ခဲ့**

နိုင်ငံရေးပါတီတွေ ဟောပြောစည်းရုံးမှု ရိုက်ကူးဖို့အတွက် မူလက နေပြည်တော် (တပ်ကုန်း)မှာရှိတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တစ်နေရာတည်းမှာပဲ စက်တင်ဘာလ ၆ ရက်နေ့ကစပြီး ရိုက်ကူးဖို့ စီမံထားရှိသော်လည်း ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနဲ့ ခရီးသွားလာမှု ကန့်သတ်ချက်တွေကြောင့် ရန်ကုန်မြို့မှာရှိတဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာလည်း ရိုက်ကူးနိုင်ဖို့ အလျင်အမြန်ပဲ စီမံဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် အကြောင်းအမျိုးမျိုးကြောင့် နေပြည်တော်နဲ့ ရန်ကုန်ကို မလာရောက်နိုင်တဲ့ နိုင်ငံရေးပါတီ အချို့အတွက်လည်း ၎င်းတို့အစီအစဉ်နဲ့ ရိုက်ကူးပေးပို့တာကို ထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံရေးပါတီတွေရဲ့ စည်းရုံးဟောပြောမှုတွေကိုတော့ တစ်ပါတီကို ၁၅ မိနစ်စီ ရိုက်ကူး/ထုတ်လွှင့်ပေးခဲ့တာပါ။ နိုင်ငံရေးပါတီ ၅၆ ခုရဲ့ စည်းရုံးဟောပြောမှုတွေကို ပထမအကြိမ် ထုတ်လွှင့်ပေးမှုအပြင် ဒုတိယအကြိမ်အဖြစ်လည်း နိုဝင်ဘာလ ၆ ရက်နေ့အထိ ထပ်မံထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။


**အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့**


သတင်းထုတ်ပြန်ခြင်းအပိုင်းမှာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ ထုတ်ပြန်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးခဲ့တာပါ။ ဒါ့အပြင် ကော်မရှင်အဖွဲ့ဝင်တွေ နိုင်ငံတစ်ဝန်း လှည့်လည်သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်တာတွေ၊ မဲရုံပြင်ဆင်မှုတွေ၊ ဆန္ဒမဲပေးမှု သရုပ်ပြလုပ်ငန်းစဉ်ကိုလည်း ထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။


ဆန္ဒမဲပေးမှု သတင်းထုတ်ပြန်ခြင်းအပိုင်းမှာ ပြည်တွင်းက သတင်းတွေ ရိုက်ကူး/ ထုတ်လွှင့်မှုအပြင် ပြည်ပမှာ မဲပေးမှုတွေကိုလည်း ဆက်သွယ်ပေါင်းစပ်ညှိနှိုင်းပြီး သတင်းရယူထုတ်လွှင့်ပေးခဲ့တာပါ။


စာမျက်နှာ ၁၅ သို့ ✪

**ထူးခြားဖြစ်စဉ်ရှိတဲ့ဒေသက သတင်းတွေကိုလည်း သက်ဆိုင်ရာကော်မရှင်ရဲ့ အတည်ပြုချက်ရယူပြီး အရေးယူပုံကအစ သတင်းတွေ ထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။ ဒီလို သတင်းတွေ အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်နိုင်ဖို့ မြန်မာနိုင်ငံ တစ်ဝန်းမှာ ဖြန့်ခွဲထားတဲ့ MRTV သတင်းဗျူရိုတွေ၊ တိုင်းရင်းသားသတင်းဌာနတွေအပြင် အမြို့မြို့အနယ်နယ်မှာရှိတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ကြိုတင်စီမံထားတဲ့အတိုင်း ဆက်သွယ်ချိတ်ဆက်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်။**






❂ စာမျက်နှာ ၁၄ မှ

ဆန္ဒမဲပေးရမည့် တစ်ရက်အလို နိုဝင်ဘာလ ၇ ရက်နေ့မှာတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ လမ်းညွှန်ချက်နဲ့အညီ နိုင်ငံအကြီးအကဲတွေရဲ့ လှုပ်ရှားမှုတွေကစပြီး နိုင်ငံရေးပါတီတွေရဲ့ လုပ်ဆောင်မှုတွေကို ပြသခြင်းမပြုတော့ဘဲ လိုက်နာလုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ သို့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးတာနဲ့ မဲပေးဖို့ လှုံ့ဆော်တာတွေကိုတော့ အဲဒီနေ့မှာလည်း ထုတ်လွှင့်တင်ဆက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့ ဆန္ဒမဲပေးတဲ့နေ့မှာတော့ ပြည်သူတွေ နွေးထွေးလှုံ့ခြုံစွာနဲ့ လွတ်လပ်စွာ မဲပေးနေကြပုံတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်တင်ဆက်ပေးနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ထူးခြားဖြစ်စဉ်ရှိတဲ့ဒေသက သတင်းတွေကိုလည်း သက်ဆိုင်ရာကော်မရှင်ရဲ့ အတည်ပြုချက်ရယူပြီး အရေးယူပုံကအစ သတင်းတွေ ထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။ ဒီလို သတင်းတွေ အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်နိုင်ဖို့ မြန်မာနိုင်ငံတစ်ဝန်းမှာ ဖြန့်ခွဲထားတဲ့ MRTV သတင်းဗျူရိုတွေ၊ တိုင်းရင်းသားသတင်းဌာနတွေအပြင် အမြို့မြို့အနယ်နယ်မှာရှိတဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဝန်ထမ်းတွေနဲ့ ကြိုတင်စီမံထားတဲ့အတိုင်း ဆက်သွယ်ချိတ်ဆက်ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

### ပါဝင်ယှဉ်ပြိုင်ခဲ့ကြ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ နိုင်ငံရေးပါတီပေါင်း ၈၇ ပါတီမှ ကိုယ်စားလှယ်ပေါင်း ၅၆၃၉ ဦးတို့က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၃၁၅ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပေါင်း ၁၆၁ နေရာ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၆၁၂ နေရာ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်ပေါင်း ၂၉ နေရာအတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြတာပါ။

ဆန္ဒမဲပေးသူ ပြည်သူတွေအတွက် နိုင်ငံတစ်ဝန်းမှာရှိတဲ့ မြို့နယ် ၃၁၅ မြို့နယ်မှာ မဲရုံပေါင်း ၃၉၉၆၂ ရုံ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့တာ ဖြစ်ပါတယ်။

ယနေ့အချိန်မှာ Online Media ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ Mobile Phone တွေကတစ်ဆင့် သတင်းထုတ်ပြန်မှုကလည်း အလွန်အရေးပါနေပြီဖြစ်ပါတယ်။ ဒါကြောင့် MRTV ရဲ့ အစီအစဉ်တွေကို MRTV Webportal ကို တည်ထောင်ပြီး ပြည်သူတွေ Online မှတစ်ဆင့် ကြည့်ရှုနားဆင်နိုင်ဖို့ နေ့စဉ်လွှင့်တင်နေပြီ ဖြစ်ပါတယ်။

ဒီလိုလွှင့်တင်ရာမှာ Social Media Channel တွေ




**ယနေ့အချိန်မှာ Online Media ဖွံ့ဖြိုးတိုးတက်လာတာနဲ့အတူ Mobile Phone တွေကတစ်ဆင့် သတင်းထုတ်ပြန်မှုကလည်း အလွန်အရေးပါနေပြီဖြစ်ပါတယ်။ ဒါကြောင့် MRTV ရဲ့ အစီအစဉ်တွေကို MRTV Webportal ကို တည်ထောင်ပြီး ပြည်သူတွေ Online မှတစ်ဆင့် ကြည့်ရှုနားဆင်နိုင်ဖို့ နေ့စဉ်လွှင့်တင်နေပြီဖြစ်။**

အနက် ပြည်သူလူထု အများဆုံးအသုံးပြုတဲ့ Facebook Page အပြင် MRTV Live Streaming ကလည်း ထုတ်လွှင့်ပေးနေတာကြောင့် ယခုအခါမှာ Likes အရေအတွက် ပမာဏဟာ ၁၀ သန်းခန့် ရရှိနေပြီဖြစ်ပါတယ်။ ပြည်သူလူထု ကြည့်ရှုမှုများပြားတဲ့ MRTV ရဲ့ Online Media ကနေလည်း ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ဖို့အတွက် သတင်းအချက်အလက်တွေ၊ အသိပညာပေးအစီအစဉ်တွေနဲ့ လှုံ့ဆော်တေးတွေကို အချိန်နဲ့တစ်ပြေးညီ လွှင့်တင်ပေးနိုင်ခဲ့ပါတယ်။

### ရွေးကောက်ပွဲရလဒ်

ရွေးကောက်ပွဲရလဒ်တွေကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ဖို့အတွက် သီးခြားသတင်းတစ်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီး UEC မှာ တွဲဖက်တာဝန်ပေးခဲ့သလို တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်ရေးယာဉ် (DSNG Van)တစ်စီးကိုပါ အသင့်ပို့ဆောင်ထားပြီး စီစဉ်ဆောင်ရွက်ခဲ့တာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်တွေရဲ့ ရွေးကောက်ပွဲရလဒ်ထုတ်ပြန်မှုတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ပေးခဲ့သလို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ အတည်ပြုထုတ်ပြန်ချက်တွေကိုလည်း နိုဝင်ဘာလ ၉ ရက်နေ့ ညနေ ၄ နာရီမှစပြီး နာရီစဉ်တိုင်း နေ့စဉ်ထုတ်ပြန်ပေးခဲ့ပါတယ်။

ဒီလိုထုတ်ပြန်ရာမှာ UEC ရဲ့ ထုတ်ပြန်ချက် မူရင်းအတိုင်း ထုတ်ပြန်ပေးမှုအပြင် ပြည်သူတွေ လွယ်ကူရှင်းလင်းစွာ သိရှိနားလည်ဖို့ ရည်ရွယ်ပြီး ဇယား၊ Graphic Design မျိုးစုံနဲ့လည်း ရေးဆွဲပြီး ကြိုးစားတင်ဆက်ခဲ့ပါတယ်။

ဒါ့အပြင် နိုဝင်ဘာလ ၁၁ ရက်နေ့ ညနေ ၃ နာရီမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ဦးဆောင်တဲ့ တာဝန်ရှိသူတွေနဲ့ သတင်းမီဒီယာတွေ ရွေးကောက်ပွဲရလဒ်များ ထုတ်ပြန်ခြင်းဆိုင်ရာ တွေ့ဆုံပွဲကိုလည်း တိုက်ရိုက်ရိုက်ကူးပြီး (Live)ထုတ်လွှင့်တင်ဆက်ပေးခဲ့ပါတယ်။ ဆက်လက်ပြီးလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနဲ့ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်မှုနဲ့ပတ်သက်တဲ့ တွေ့ဆုံမေးမြန်းမှုအစီအစဉ်ကိုလည်း နိုဝင်ဘာလ ၁၄ ရက်နေ့ ညနေ ၃ နာရီမှာ ယခုလို ထုတ်လွှင့်တင်ဆက်နိုင်ခဲ့ပါတယ်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) ရဲ့ တစ်ပတ်အတွင်း ဆန္ဒမဲရလဒ်များ ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုနဲ့အတူ ထုတ်ပြန်ချက် စုစုပေါင်းကို နိုဝင်ဘာလ ၁၄ ရက်နေ့ နံနက် ၉ နာရီအထိ နာရီစဉ်တိုင်း တိကျခိုင်မာစွာနဲ့ အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။

### မဏ္ဍိုင်ကြီး (၃)ရပ်

နိုင်ငံတော်တည်ဆောက်ရေးမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဖြစ်တဲ့ မဏ္ဍိုင်ကြီး (၃)ရပ်တို့ဟာ အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ကြရတာပါ။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေကို ရွေးကောက်ပွဲကြီးကတစ်ဆင့် ပြည်သူတွေက ရွေးချယ်ပေးခဲ့ကြပြီ ဖြစ်ပါတယ်။ ဒီလိုနိုင်ငံအတွက် အရေးကြီးတဲ့ သမိုင်းဝင်ရွေးကောက်ပွဲကြီးကို ရွေးကောက်ပွဲအကြိုကာလမှသည် ရွေးကောက်ပွဲကျင်းပချိန်နဲ့ ရွေးကောက်ပွဲ ပြီးစီးချိန်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သတင်းအချက်အလက်များနဲ့အတူ အသိပညာပေးအစီအစဉ်တွေနဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ပြည်သူ့အတွက် ဂုဏ်ယူစွာ တင်ဆက်ခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV)အနေဖြင့် မူလတာဝန်များက မပြီးဆုံးသေးပါ။ MRTV ရဲ့ ကောင်းမြတ်တဲ့ အစဉ်အလာတွေကို ဆက်လက်ထိန်းသိမ်းရင်း ပြည်သူအတွက် အလုပ်အကျွေးပြုနေဆဲ၊ ဝန်ဆောင်မှုပေးနေဆဲ၊ ရှေ့သို့ချီတက်ဆဲပါ။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အောင်မြင်စွာ ပြီးစီးခဲ့တဲ့ သမိုင်းဝင်ရွေးကောက်ပွဲကြီးနဲ့အတူ မှန်မြတ်တဲ့ ကမ္ပည်းမှတ်တိုင်တစ်ခုကို မော်ကွန်းတင်ရေးထိုး စိုက်ထူလိုက်နိုင်ပါပြီ။ ။






# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာနေထိုင်ရေးအစီအစဉ်(Stay at home)"တွင် အကျုံးဝင်သောမြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသောမြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် -

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

❂ ကျောဖုံးမှ

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

### မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
### (၂၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၈၈၁) ဦး | (၁,၀၁၉,၂၃၈) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၃၉၈) ဦး | (၇၉,၂၄၆) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၀၇၉) ဦး | (၅၈,၇၅၈) ဦး |
| သေဆုံးလူနာ | (၁၇) ဦး | (၁,၇၃၉) ဦး |

- ယနေ့ သေဆုံးသူ (၁၇) ဦးအနက် ရောဂါအခံရှိသူ (၁၄) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေး ဌာနများမှ ဆေးရုံဆင်းခွင့် ရရှိသူ စုစုပေါင်း (၁,၀၇၉) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၃၄၅) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၇၃၄) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၄၁၉) ဦးတွင်-
  - Hotel Quarantine - (၁၅၈) ဦး
  - Facility Quarantine - (၂၉၂ ) ဦး
  - Community Based Facility Quarantine - (၇၁၈) ဦး
  - Anosmia Center - (၂၅၁) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၂၄၅၃၀၄၇ | ၇၄၀၄၄၂၀ | ၂၆၁၈၂၂ |
| ၂။ | အိန္ဒိယ | ၉၁၀၃၃၃၂ | ၈၅၂၇၉၆၇ | ၁၃၃၃၅၄ |
| ၃။ | ဘရာဇီး | ၆၀၅၂၇၈၆ | ၅၄၂၉၁၅၈ | ၁၆၉၀၁၆ |
| ၄။ | ပြင်သစ် | ၂၁၂၇၀၅၁ | ၁၄၉၅၂၁ | ၄၈၅၁၈ |
| ၅။ | ရုရှား | ၂၀၈၉၃၂၉ | ၁၅၉၅၄၄၃ | ၃၆၁၇၉ |
| ၆။ | စပိန် | ၁၅၈၉၂၁၉ | စိစစ်ဆဲ | ၄၂၆၁၉ |
| ၇။ | ဗြိတိန် | ၁၄၉၃၃၈၃ | စိစစ်ဆဲ | ၅၄၆၂၆ |
| ၈။ | အီတလီ | ၁၃၈၀၅၃၁ | ၅၃၉၅၂၄ | ၄၉၂၆၁ |
| ၉။ | အာဂျင်တီးနား | ၁၃၆၆၁၈၂ | ၁၁၈၇၀၅၃ | ၃၆၉၀၂ |
| ၁၀။ | ကိုလံဘီယာ | ၁၂၄၀၄၉၃ | ၁၁၄၄၉၂၃ | ၃၅၁၀၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၉၇၆၆၈ | ၄၁၈၁၈၈ | ၁၅၈၈၄ |
| ၂။ | ဖိလစ်ပိုင် | ၄၁၈၈၁၈ | ၃၈၆၄၈၆ | ၈၁၂၃ |
| ၃။ | မြန်မာ | ၇၉၂၄၆ | ၅၈၇၅၈ | ၁၇၃၉ |
| ၄။ | စင်ကာပူ | ၅၈၁၆၀ | ၅၈၀၆၄ | ၂၈ |
| ၅။ | မလေးရှား | ၅၄၇၇၅ | ၄၁၅၉၇ | ၃၃၅ |
| ၆။ | ထိုင်း | ၃၉၁၃ | ၃၇၆၁ | ၆၀ |
| ၇။ | ဗီယက်နမ် | ၁၃၀၇ | ၁၁၄၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၃၀၆ | ၂၉၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| ၁၀။ | လာအို | ၂၅ | ၂၃ | ၀ |



## ကလေးမြို့၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ငါးဦး ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှ ဆင်းခွင့်ပြု

**ကလေး နိုဝင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ခုတင်၃၀၀ ဆံ့ဆေးရုံ(တိုင်းရင်းဆေးရုံ) အထူးကြပ်မတ်ဆောင်တွင် ဆေးကုသမှုခံယူနေကြသည့် ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ငါးဦးသည် ဆေးရုံဆင်း သတ်မှတ်ချက်များနှင့်အညီ ကျန်းမာရေးကောင်းမွန်သောကြောင့် ယနေ့ နံနက် ၁၀ နာရီက ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအတည်ပြုလူနာငါးဦးတို့မှာ ကလေးမြို့ တပ်ဦးသီတာရပ်ကွက် နယ်မြေ(၃)မှ အမျိုးသားတစ်ဦး၊ တောင်ဖီလာ အစိုးရအိမ်ရာမှအမျိုးသမီးသုံးဦး၊ ခရိုင်ရဲစခန်းမှ အမျိုးသားတစ်ဦးတို့ဖြစ်ကြပြီး ခုတင်-၃၀၀ ဆံ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မျိုးဝင်းနှင့် တာဝန်ရှိသူများက ဆေးရုံဆင်းလက်မှတ်များ ပေးအပ်ကြကာ ဆေးရုံဆင်းပြီးနောက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍ သူနာပြု ဆရာ ဆရာမများက မှာကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကိုဗစ်-၁၉ကပ်ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာ စုစုပေါင်း ၁၅၅ ဦးရှိကာ ၁၂၅ ဦးတို့မှာ ဆေးရုံဆင်းခွင့်ရရှိကြပြီး ကျန်ရှိနေသည့် ၃၀ ကို ကလေးမြို့ခုတင်-၃၀၀ဆံ့ဆေးရုံကြီး (တိုင်းရင်းဆေးရုံ)နှင့် ပြည်သူ့အငှားအိမ်ရာ (အိတ်စွပ်) အထူးကြပ်မတ်ဆောင်တွင် ဆေးကုသမှုပေးလျက်ရှိကြောင်း သိရသည်။

**ထန်းဖုန်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်

## အသေးစားချေးငွေရရှိရေး ဆွေးနွေးနေ



အသေးစားငွေချေးရခြင်းဟာ ကျွန်မတို့ရဲ့ အခြေခံလူတန်းစား၊ ကျွန်မတို့ ပြည်သူလူထု တော်တော်များများအတွက် လိုအပ်ချက်တစ်ခုဖြစ်တယ်ဆိုတာတော့ သဘောပေါက်ပါတယ်။ ဒါကြောင့် ချေးငွေ လိုအပ်တဲ့ပြည်သူတွေ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းလေးတွေကို ပံ့ပိုးဖို့အတွက်၊ ချေးငွေလိုအပ်တဲ့ ပြည်သူများရနိုင်ဖို့အတွက် စီစဉ်နေပါတယ်။ ကျွန်မတို့ စပြီး ဆွေးနွေးနေပါတယ်။ မကြာမီ နှစ်ပတ်၊ သုံးပတ်လောက်အတွင်းမှာ ဘယ်လိုအစီအစဉ်တွေရှိတယ်ဆိုတာ ပြည်သူတွေကို တင်ပြနိုင်မယ်လို့ မျှော်လင့်ပါတယ်။ စီးပွားရေးနဲ့ပတ်သက်လို့လည်း ကျွန်မတို့ တတ်နိုင်သမျှလုပ်နေပါတယ်။ ပြည်သူတွေကလည်း ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်မယ်လို့လည်း ယုံကြည်ပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၁၆-၁၁-၂၀၂၀ ရက်နေ့တွင် ပြည်သူများသို့ အစီရင်ခံတင်ပြသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်းသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၁-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၃၄) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | လှိုင်သာယာ | ၉၀ |
| | | မရမ်းကုန်း | ၆၆ |
| | | ရွှေပြည်သာ | ၅၆ |
| | | မင်္ဂလာဒုံ | ၄၇ |
| | | အင်းစိန် | ၄၆ |
| | | တောင်ဥက္ကလာပ | ၄၄ |
| | | တာမွေ | ၄၃ |
| | | မှော်ဘီ | ၃၆ |
| | | မြောက်ဥက္ကလာပ | ၃၄ |
| | | သာကေတ | ၂၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၈ |
| | | သန်လျင် | ၂၈ |
| | | သင်္ဃန်းကျွန်း | ၂၈ |
| | | တွံတေး | ၂၇ |
| | | စမ်းချောင်း | ၂၅ |
| | | ထန်းတပင် | ၂၄ |
| | | ကျောက်တန်း | ၂၂ |
| | | လှိုင် | ၂၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂၁ |
| | | ဒလ | ၂၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၈ |
| | | ဆိပ်ကြီးခနောင်တို | ၁၆ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၁၅ |
| | | တိုက်ကြီး | ၁၅ |
| | | ရန်ကင်း | ၁၃ |
| | | အလုံ | ၁၃ |
| | | ကမာရွတ် | ၁၀ |
| | | လှည်းကူး | ၉ |
| | | ကျောက်တံတား | ၈ |
| | | မင်္ဂလာတောင်ညွန့် | ၇ |
| | | ကြည့်မြင်တိုင် | ၇ |
| | | လမ်းမတော် | ၆ |
| | | ပုဇွန်တောင် | ၅ |
| | | ဗဟန်း | ၄ |
| | | ဒေါပုံ | ၄ |
| | | ကွမ်းခြံကုန်း | ၄ |
| | | ကော့မှူး | ၄ |
| | | သုံးခွ | ၄ |
| | | ဒဂုံ | ၃ |
| | | လသာ | ၃ |
| | | ဗိုလ်တထောင် | ၁ |
| | | ခရမ်း | ၁ |
| | | ပန်းဘဲတန်း | ၁ |
| | | စုစုပေါင်း | ၉၁၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၃၈ |
| | | ပုသိမ်ကြီး | ၂၇ |
| | | ချမ်းမြသာစည် | ၂၆ |
| | | အောင်မြေသာစံ | ၂၄ |
| | | အမရပူရ | ၂၄ |
| | | မဟာအောင်မြေ | ၂၀ |
| | | ပြည်ကြီးတံခွန် | ၁၁ |
| | | ကျောက်ပန်းတောင်း | ၆ |
| | | မတ္တရာ | ၆ |
| | | ကျောက်ဆည် | ၃ |
| | | ဝမ်းတွင်း | ၂ |
| | | မလှိုင် | ၁ |
| | | မိတ္ထီလာ | ၁ |
| | | မြင်းခြံ | ၁ |
| | | စဉ့်ကိုင် | ၁ |
| | | တောင်သာ | ၁ |
| | | သာစည် | ၁ |
| | | ရမည်းသင်း | ၁ |
| | | စုစုပေါင်း | ၁၉၄ |
| ၃။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၆၀ |
| | | နတ်တလင်း | ၄ |
| | | တောင်ငူ | ၄ |
| | | ဒေါ | ၄ |
| | | ဖြူး | ၃ |
| | | အုတ်ဖို | ၂ |
| | | ရွှေတောင် | ၂ |
| | | ထန်းတပင် | ၁ |
| | | ကျောက်တံခါး | ၁ |
| | | ကဝ | ၁ |
| | | သနပ်ပင် | ၁ |
| | | စုစုပေါင်း | ၈၃ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၁၄ |
| | | ဒေးဒရဲ | ၁၀ |
| | | ရေကြည် | ၈ |
| | | ကျိုက်လတ် | ၅ |
| | | ကျောင်းကုန်း | ၄ |
| | | အိမ်မဲ | ၄ |
| | | ပုသိမ် | ၄ |
| | | ဝါးခယ်မ | ၃ |
| | | ပန်းတနော် | ၂ |
| | | ညောင်တုန်း | ၂ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | မြောင်းမြ | ၁ |
| | | စုစုပေါင်း | ၅၈ |
| ၅။ | မကွေးတိုင်းဒေသကြီး | စလင်း | ၉ |
| | | ချောက် | ၈ |
| | | နတ်မောက် | ၇ |
| | | မြိုင် | ၆ |
| | | ရေနံချောင်း | ၆ |
| | | မြို့သစ် | ၄ |
| | | မင်းဘူး | ၃ |
| | | တောင်တွင်းကြီး | ၂ |
| | | အောင်လံ | ၂ |
| | | ဂန့်ဂေါ | ၁ |
| | | ကံမ | ၁ |
| | | ပခုက္ကူ | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | ဆင်ပေါင်ဝဲ | ၁ |
| | | ရေစကြို | ၁ |
| | | စုစုပေါင်း | ၅၃ |
| ၆။ | ရခိုင်ပြည်နယ် | ရသေ့တောင် | ၁၀ |
| | | မင်းပြား | ၉ |
| | | စစ်တွေ | ၈ |
| | | အမ်း | ၈ |
| | | ကျောက်ဖြူ | ၆ |
| | | တောင်ကုတ် | ၂ |
| | | ဘူးသီးတောင် | ၁ |
| | | ကျောက်တော် | ၁ |
| | | မောင်တော | ၁ |
| | | မာန်အောင် | ၁ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၄၈ |
| ၇။ | မွန်ပြည်နယ် | ကျိုက်ထို | ၁၁ |
| | | သထုံ | ၁၁ |
| | | မော်လမြိုင် | ၈ |
| | | ဘီးလင်း | ၄ |
| | | ကျိုက်မရော | ၁ |
| | | သံဖြူဇရပ် | ၁ |
| | | စုစုပေါင်း | ၃၆ |
| ၈။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၁၅ |
| | | မြဝတီ | ၃ |
| | | စုစုပေါင်း | ၁၈ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၆ |
| | | ထီးချိုင့် | ၂ |
| | | ယင်းမာပင် | ၂ |
| | | ဆားလင်းကြီး | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၀။ | နေပြည်တော် | လယ်ဝေး | ၃ |
| | | ဥတ္တရသီရိ | ၂ |
| | | ပုဗ္ဗသီရိ | ၂ |
| | | ဇမ္ဗူသီရိ | ၂ |
| | | တပ်ကုန်း | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၁၁။ | ကချင်ပြည်နယ် | မြစ်ကြီးနား | ၂ |
| | | မိုးကောင်း | ၁ |
| | | ရွှေကူ | ၁ |
| | | စုစုပေါင်း | ၄ |
| ၁၂။ | ရှမ်းပြည်နယ် | လားရှိုး | ၁ |
| | | နမ့်စန် | ၁ |
| | | မိုင်းပန် | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော | ၂ |
| | | စုစုပေါင်း | ၂ |
| ၁၄။ | ချင်းပြည်နယ် | မင်းတပ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၅။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | | စုစုပေါင်း | ၁ |
| | (၂၁-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၃၄) ဦး |

မှတ်ချက်။ (၂၁-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၄၃၄)ဦး တွင် အနံ့မရရှိသူ (၄၀၄) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်တို့၌ တောင်တန်းများစိမ်းလန်းစိုပြည်ရေး တောင်တန်းစိုက်ခင်း ဧက ၉၀၀ ဖော်ဆောင်သွားမည်



**မုံရွာ နိုဝင်ဘာ ၂၂**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်နှင့် ယင်းမာပင်ခရိုင်အတွင်းရှိ တောင်တန်းများ စိမ်းလန်းစိုပြည်ရေး တောင်တန်းစိုက်ခင်းဧက ၉၀၀ ကို အကောင်အထည်ဖော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘလွင်ဦးထံမှ သိရသည်။

**ပြန်လည်ကျက်စားရန် ရည်ရွယ်**

အပူပိုင်းဇုန်အတွင်းရှိ တောင်တန်းများ မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုကို ထိန်းသိမ်းနိုင်ရန်နှင့် အပူချိန်ကို လျှော့ချနိုင်ရန်အတွက် သစ်ပင်ပေါက်ရောက်မှု နည်းပါးသည့် နေရာများ၌ တောင်တန်းစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးသွားမည်ဖြစ်ပြီး သဘာဝတောရိုင်းတိရစ္ဆာန်များ ပြန်လည်ကျက်စားလာစေရန် ရည်ရွယ်၍ တည်ထောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"တောင်တန်းတွေပေါ်မှာ သဘာဝအလျောက် ပေါက်နေတဲ့ အပင်တွေကိုလည်း ထိန်းသိမ်းမယ်၊ သစ်ပင်ပေါက်ရောက်မှုနည်းတဲ့နေရာတွေမှာ ထပ်ပြီးစိုက်ပျိုးမယ်၊ တောင်တန်းကြီးတစ်ခုလုံး ပြန်လည်စိမ်းလန်းပြီး ပတ်ဝန်းကျင်ဒေသတွေရဲ့ အပူချိန်တွေကို လျှော့ချပေးနိုင်ပြီး ရေဝေရေလဲဒေသတွေကိုလည်း အထောက်အကူဖြစ်စေဖို့ ရည်ရွယ်စိုက်ပျိုးတာ ဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဘလွင်ဦးက ပြောသည်။

**စိုက်ပျိုးသွားမည်**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တောင်တန်းစိုက်ခင်းများ တည်ထောင်မှုအဖြစ် မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ အရာတော်၊ ဘုတလင်နှင့် ချောင်းဦးမြို့နယ်တို့တွင် တောင်တန်းစိုက်ခင်း ဧက ၈၁၀ ကိုလည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ ဆားလင်းကြီးမြို့နယ်တွင် တောင်တန်းစိုက်ခင်း ဧက ၉၀ ကိုလည်းကောင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ လာမည့်နှစ်မိုးရာသီတွင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ကျောက်ထုမြို့၌ ကျေးရွာ ၂၈ ရွာ ဓာတ်အားရရှိသုံးစွဲနေပြီ

**ကျောက်ထု နိုဝင်ဘာ ၂၂**

ဆောမြို့နယ် ကျောက်ထုမြို့ရှိ ကျေးရွာ ၃၀ တို့တွင် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၂၈ ရွာတွင် လျှပ်စစ်ဓာတ်အားရောက်ရှိသုံးစွဲနေပြီဖြစ်ကြောင်း ကျောက်ထုမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ နိုဝင်ဘာ ၂၁ ရက်က သိရသည်။

**ကျေးရွာမီးလင်းရေး**

ကျောက်ထုမြို့၌ ကျေးရွာမီးလင်းရေးလုပ်ငန်းကို ၂၀၁၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ အဆိုပါနှစ်၌ ကျေးရွာ ခြောက်ရွာတွင် လျှပ်စစ်ဓာတ်အား ရောက်ရှိနိုင်ခဲ့သည်ဟု သိရသည်။ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာ ၂၂ ရွာတွင်ကျေးရွာမီးလင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်၍ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEPPhase-1)အစီအစဉ်ဖြင့် ကျေးရွာရှစ်ရွာ၌ မီးလင်းရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကျန်ရှိကျေးရွာ နှစ်ရွာမှာ အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း (NEP Phase-1) ဖြင့် ဆောင်ရွက်သည့် ကျေးရွာတို့ဖြစ်ကာ အဆိုပါ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကျောက်ထုမြို့ လျှပ်စစ်မှူး ဦးဗိုင်နော်ရိုန်းထံမှ သိရသည်။ **စိန်ကျော်**



# မြန်မာနိုင်ငံမှာသာရှိသည့် ပုပ္ပားမျောက်မြီးရှည်မျိုးစိတ်သစ် မျိုးတုံးပျောက်ကွယ်မှုမရှိစေရေး ထိန်းသိမ်းရန်လိုအပ်


**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၂**

ပြီးခဲ့သည့်နိုဝင်ဘာလ ဒုတိယအပတ်အတွင်း နိုင်ငံတကာသုတေသန အဖွဲ့အစည်းများက မျိုးစိတ်သစ်အဖြစ်အတည်ပြုသတ်မှတ်လိုက်သော ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှာသာရှိသည့် ပုပ္ပားမျောက်မြီးရှည်မျိုးစိတ်သည် မျိုးတုံးမည့်အန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းကြောင့် အချိန်မီဝိုင်းဝန်းကာကွယ် ထိန်းသိမ်းရန်လိုအပ်ကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့- (မြန်မာ)FFI မှ မြန်မာနိုင်ငံ အစီအစဉ်မန်နေဂျာ ဦးငွေလွင်က ပြောသည်။

မြန်မာနိုင်ငံ၏ ဒေသရင်းမျိုးစိတ်ဖြစ်သည့် ပုပ္ပားမျောက်မြီးရှည်မျိုးစိတ်သည် သစ်ရွက်စားမျောက်မျိုးစိတ်များမှ မျိုးစိတ်တစ်ခုဖြစ်ပြီး အခြားသိရှိပြီး မျိုးစိတ်များနှင့်လည်း အမွေးအရောင်၊ အမြီးအရှည်နှင့် အရိုးအဆစ်များ ကွဲပြားခြားနားကာ ကောင်းမွန်သော သစ်တောနယ်မြေများ၌ တွေ့ရလေ့ရှိသည်ဟု ဆိုသည်။

"ဒီမျောက်မျိုးစိတ်က တစ်ကမ္ဘာလုံးမှာ မြန်မာနိုင်ငံမှာပဲရှိတာ၊ အရင်တုန်းက မျောက်မျက်ကွင်းပြာလို့သိထားတာကနေပြီး DNA နဲ့စစ်ပြီးတဲ့အခါကြမှ မျိုးစိတ်အသစ်ပြန်ပြီးထွက်လာတာဖြစ်တယ်။ ပုပ္ပားတောင်ကို ဂုဏ်ပြုပြီး ပုပ္ပားမျောက်မြီးရှည်လို့ ခေါ်ဆိုတာဖြစ်တယ်။ အခုဆိုရင် ပုပ္ပားမျောက်မြီးရှည်မျိုးစိတ်ဟာ မျိုးတုံးလုနီးပါးအန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်"ဟု မြန်မာနိုင်ငံ အစီအစဉ်မန်နေဂျာ ဦးငွေလွင်က ပြောသည်။

ပုပ္ပားမျောက်မြီးရှည်ကို သုတေသနပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံ ဒေသလေးခုတွင် အကောင်ရေ ၂၀၀ မှ၂၅၀ သာကျန်တော့ကြောင်း၊ ပုပ္ပားတောင်တွင် အကောင်ရေ ၁၀၀ ကျော်ခန့်တွေ့ရှိရသဖြင့် အကောင်ရေအများဆုံးတွေ့ရှိသည့် ဒေသအဖြစ်မှတ်တမ်းတင်အတည်ပြုထားကာ အချိန်မီကာကွယ်ထိန်းသိမ်း မစောင့်ရှောက်နိုင်ပါက မျိုးတုံးပျောက်ကွယ်သွားနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်အဖွဲ့-(မြန်မာ)မှ တာဝန်ရှိသူများက ပြောကြားသည်။ **ပိန်းဇလုပ်သိန်းညွှန့်**



ပုပ္ပားမျောက်မြီးရှည်မျိုးစိတ်သစ်အား တွေ့ရစဉ်။ ဓာတ်ပုံ - FFI

# မင်းဘူး(စကု)မြို့နယ်၌ ဆောင်းမြေပဲသီးနှံ ဧက ၅၀၀၀ ကျော်စိုက်ပျိုး

**မင်းဘူး နိုဝင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်အတွင်း ဆောင်းမြေပဲသီးနှံ စိုက်ပျိုးရာသီတွင် မြေပဲစိုက်တောင်သူများအနေဖြင့် ဧက ၅၀၀၀ ကျော် စိုက်ပျိုးထားပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းမြေပဲ စိုက်ပျိုးရာတွင် သီးနှံအထွက်ကောင်းစေရေး မြေပွသောယာမြေကို ရွေးချယ်ပြီး မစိုက်ပျိုးမီ ယာမြေကို ထယ်ရေးခံ၍ နှစ်စပ်၊ သုံးစပ် ထွန်ယက်ကာ ကြောင်းဆွဲစိုက်ပျိုးလေ့ရှိကြောင်း၊ အများဆုံးစိုက်ပျိုးသော မြေပဲမျိုးစေ့များမှာ ဆင်းပဒေသာ(၁၁)၊ မကွေး(၁၆)နှင့် တွန်တာနီ မြေပဲမျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး တစ်ဧကလျှင် မြေပဲအဆန် တစ်တင်းခွဲနှုန်း ကုန်ကျကြောင်း မြေပဲစိုက်တောင်သူများထံမှ သိရသည်။



"မင်းဘူး(စကု)မြို့နယ်မှာ ဆီထွက်သီးနှံအနေနဲ့ မိုးနှမ်းပြီးချိန် ဆောင်းသီးနှံအဖြစ် နေကြာနဲ့ မြေပဲကို ဒုတိယအများဆုံး စိုက်ပျိုးကြပါတယ်။ မြေပဲမျိုးကို ဒေသတွင်း မိုးဦးစိုက်ခင်းတွေ၊ မကွေးစိုက်ပျိုးရေးခြံနဲ့ မကွေးမျိုးသန့်အရောင်းပွဲရုံတွေကနေ ရရှိစိုက်ပျိုးတာပါ။ အခု ဆောင်းမြေပဲစိုက်ပျိုးချိန်မှာတော့ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ယခုနှစ် ဆောင်းရာသီတွင် ဆောင်းမြေပဲသီးနှံကို စိုက်ဧကပေါင်း ၃၈၄၃ ဧက လျာထားဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ဧကပေါင်း ၅၇၈၇ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

မြန်မာ-အီတလီ နှစ်နိုင်ငံဆက်ဆံရေး နှစ် (၇၀) ပြည့်အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး

# အီတလီ (သို့မဟုတ်) လှပသောနိုင်ငံ

လင်းမာလာလွင်

အဘိုး ကျွန်တော်တို့ဌာနကိုရောက်လာတာ နိုဝင်ဘာလ ၁ ရက်နေ့မှာပါ။ အဘိုးရဲ့မွေးနေ့ကို ကြည့်လိုက်တဲ့ အချိန်မှာ ကျွန်တော့်အဖေထက် ရှစ်ရက်ကြီးပြီးတော့ မကြာခင်မှာ အသက် ၉၁ နှစ်ပြည့်တော့မှာကို ချက်ချင်း သတိပြုမိပါတယ်။

ဒုတိယရက်မှာတော့ အဘိုးရဲ့လိုအပ်တဲ့ အောက်ဆီဂျင်နည်းနေလို့ အောက်ဆီဂျင် ၁၀၀ ရာခိုင်နှုန်းရတဲ့ခေါင်းဆောင်းဟဲလ်မက်ကို ဆောင်းပေးဖို့ ဖြစ်ခဲ့ပါတယ်။

အဘိုးက ကျွန်တော့်လက်ကိုလှုပ်ကိုင်ပြီး “ဆရာ ကျွန်တော့်ဘဝမှာ ဖြစ်ချင်တာအားလုံးလုပ်ခဲ့ပြီးပါပြီ၊ အသက် ၉၀ ရှိပါပြီ၊ တခြားတစ်ယောက်ကို ဦးစားပေးပြီး ကျွန်တော့်ကိုသွားခွင့်ပြုပါ”လို့ ပြောခဲ့ပါတယ်။

အဘိုးရဲ့အပြုံးနဲ့ တည်ကြည်မှုကို နှလုံးသားထဲမှာ နက်နက်နဲနဲခံစားခဲ့ရပြီး အောက်ဆီဂျင်လိုအပ်သူ တစ်ယောက်လိုဖြစ်ခဲ့ရတာကျွန်တော်ပါ။

ကျွန်တော်တို့အတူ တိုက်ပွဲဝင်ခဲ့ကြတယ်။ အဘိုးရဲ့ ဆွေမျိုးသားချင်းတွေနဲ့ ဖုန်းကနေတစ်ဆင့်တွေ့ရအောင် ကျွန်တော်လုပ်ပေးနိုင်ခဲ့တယ်။ သူနာပြုတွေအဘိုးကို စောင့်ရှောက်ခဲ့ကြတယ်။ သန့်ရှင်းရေးလုပ်သားကလည်း အဘိုးအခန်းကို အမြဲသန့်ရှင်းပေးခဲ့တယ်။ အားလုံးသူတို့ အလုပ်ကို မေတ္တာနဲ့ လုပ်ခဲ့ကြတယ်။ ၁၅ ရက်ကြာပြီးတဲ့နောက် အဘိုးကို အထူးကြပ်မတ်ဆောင်ကနေ ကျွန်တော်တို့ ဆွဲထုတ်ခဲ့ကြတယ်။ အရင်လိုပဲ အဘိုး လန်းဆန်းနေတယ်။ အကြောအဆစ်ပညာရှင်ရဲ့ အကူအညီနဲ့ အဘိုးလမ်းပြန်လျှောက်ပြီး၊ မကြာခင် အဘိုးကို အိမ်ပြန်ပို့နိုင်ဖို့ ကျွန်တော်တို့ကြိုးစားနေကြတယ်။

အဘိုးက ကျွန်တော်တို့ကို အကြိမ်ပေါင်းများစွာ ကျေးဇူးတင်တယ်။ ဒါပေမဲ့ အမှန်မှာ ကျွန်တော်တို့က ကျေးဇူးတင်ရမှာပါ၊ အဘိုးကကျွန်တော်တို့ကို မျှော်လင့်ချက်တွေပေးတယ်၊ နေ့တိုင်းတိုက်ပွဲ ဆက်ဝင်ဖို့ ခွန်အားတွေပေးတယ်။

အဘိုးကိုကျွန်တော်တို့က ကယ်ခဲ့တယ်၊ အဘိုးက ကျွန်တော်တို့ကို ကယ်ခဲ့တယ်။

အဘိုးကိုအားပေးဖို့ အဘိုးရဲ့ခေါင်းကို ညင်ညင်သာသာ ထိလိုက်တဲ့အခိုက်အတန့်မှာ ကျွန်တော့်အဖေနဲ့ ချစ်စွာသောအဘိုးတို့ ပြုံးနေတာကို မြင်ရတယ်။ ကျေးဇူးတင်ပါတယ်။

အီတလီနိုင်ငံမြောက်ပိုင်း လွန်ဘာဒီဒေသ ကိုမိုမြို့ရှိ Cof Lanzo ဆေးရုံက Dr. Giuseppe Vallo က ၁၅-၁၁-၂၀၂၀ ရက်မှာ ရေးသားခဲ့ခြင်း ဖြစ်သည်။ ဥရောပတစ်လွှားတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်မှုက တစ်ကျော့ပြန်လာချိန်မှာ ပထမလှိုင်းကိုပြင်းထန်စွာ ခံစားခဲ့ရသည့် အီတလီနိုင်ငံကို ခြွင်းချန်ထားခြင်း မရှိသည်မှာ လတ်တလောပိုမိုထင်ရှားလာသည်။ တရုတ်နိုင်ငံတွင် ၂၀၁၉ ခုနှစ် နှစ်ကုန်၌ ကိုဗစ်-၁၉ ကူးစက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ကပ်ရောဂါကို ကြုံတွေ့ခဲ့ရသည့် အီတလီနိုင်ငံသည် မည်မျှပင်ခက်ခဲသည့် စိန်ခေါ်မှုကို ကြုံတွေ့ရသည်ဖြစ်စေ ဘဝတူနိုင်ငံများကို မျှော်လင့်ချက်ပေးမြဲဖြစ်သည်။ Dr. Giuseppe Vallo နှင့် ကျန်းမာရေးဝန်ထမ်းများက အသက် ၉၀ ကျော်အဘိုး၏အသက်ကို ကယ်ခဲ့ခြင်းသည် အီတလီပြည်သူများကိုသာမက မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီး၏နေရာအနှံ့အပြားမှ ကိုဗစ်-၁၉ ကူးစက်ခံရသူများ၊ ထိတွေ့ခံရသူများ၊ စိုးရိမ်ထိတ်လန့်ရသူများနှင့် ရှေ့တန်းမှ ကျန်းမာရေးဝန်ထမ်းသူရဲကောင်းများကို ခွန်အားနှင့်မျှော်လင့်ချက်များ ဆောင်ကြဉ်းပေးမည်ကို အငြင်းပွားဖွယ်မရှိဟု ယုံကြည်သည်။

**စစ်ဆေးမှုများ လုံလောက်စွာမပြုလုပ်နိုင်မည်ကို စိုးရိမ်**

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အီတလီနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်မှုကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ ရောဂါစစ်ဆေးသည့် နည်းလမ်းအပေါ် အများက အသိအမှတ်ပြုလေ့လာရပြီး ဥရောပနိုင်ငံများအနက် နာခေါင်းစည်း သုံးစွဲမှုမြင့်မားသည့်စံပြနိုင်ငံ ဖြစ်ခဲ့သည်။ ရောဂါပိုးရှိသူတစ်ဦးကို တွေ့ရှိရပါက မိသားစု၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်နှင့် အိမ်နီးချင်းများအပါအဝင် ပိုးတွေ့ရှိသူ၏ အဝိုင်းအဝန်းတွင် ရှိသူတိုင်းကို စစ်ဆေးခြင်းကြောင့် ရောဂါလက္ခဏာမပြသသူများကို ဖော်ထုတ်နိုင်ပြီး အလွန်အသေးစိတ်သည့် ခြေရာခံခြင်းလုပ်ငန်း၏ ကန့်သတ်ချက်များကို ကျော်လွှားနိုင်သည်ဟု ဆိုသည်။

စက်တင်ဘာလတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ လုပ်ငန်းများပုံမှန်လည်ပတ်နေခဲ့ပြီး နေ့စဉ်ကူးစက်မှုသစ်ပေါင်း ၂၀၀၀ အောက်တွင် ထိန်းထားနိုင်ခဲ့သည်။ သို့ရာတွင် ကျောင်းများဖွင့်လှစ်ခြင်း၊ အလုပ်များလည်ပတ်နေခြင်းနှင့် တုပ်ကွေးရာသီရောက်ရှိလာခြင်းတို့ကြောင့် ကူးစက်မှုမြင့်မားလာမည့်အလားအလာနှင့် ယင်းသို့မြင့်မားလာသည်နှင့်အမျှ စစ်ဆေးမှုများ လုံလောက်စွာမပြုလုပ်နိုင်မည်ကို စိုးရိမ်နေခဲ့ကြသည်။

**လိမ္မော်ရောင်နှင့် အဝါရောင်ဇုန်များ သတ်မှတ်**

စိုးရိမ်ထားသကဲ့သို့ပင် အောက်တိုဘာလဆန်းတွင် ကိုဗစ်-၁၉ ကူးစက်မှုများ မြင့်တက်လာရာ ပထမပတ်တွင် နေ့စဉ်ကူးစက်မှုပေါင်း ၃၀၀၀ ကျော်မှ အောက်တိုဘာလကုန်ပိုင်းတွင် ၃၀၀၀၀ ကျော်အထိ မြင့်တက်လာခဲ့ပါသည်။

> **အခြားသူတစ်ယောက်၏ အသက်ကိုကယ်တင်ရန် မိမိအသက်ကို ပဓာနမထားသူ Dr. Giuseppe Vallo ၏ လူနာကဲ့သို့သောသူပေါင်းများစွာ၊ အသက်စွန့်ကုသခဲ့သူ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းပေါင်းများစွာ၊ အသက် ၉၀ ကျော် ဘိုးဘွားများအပါအဝင် သိန်းဂဏန်းရှိသော သက်သာပျောက်ကင်းသူများစွာတို့ဖြင့် အီတလီနိုင်ငံသည် ကမ္ဘာပေါ်တွင် အလှဆုံးသော နိုင်ငံများအနက် တစ်ခုအဖြစ် ဆက်လက်ပနံသင့်နေဦးမည်ဖြစ်။**

သို့ဖြစ်ရာ အောက်တိုဘာလအတွင်း ဝန်ကြီးချုပ်က ဒီကရီလေးခုအထိ လက်မှတ်ရေးထိုးခဲ့ပြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေး အစီအမံများ ချမှတ်ခဲ့သည်။ ယင်းဒီကရီများအရ ညနေ ၆ နာရီနောက်ပိုင်း စားသောက်ဆိုင်နှင့် ဘားများပိတ်ရန်၊ အားကစားရုံများ၊ ရေကူးကန်များ၊ ရုပ်ရှင်ရုံနှင့် ပြဇာတ်ရုံများပိတ်ရန် ကန့်သတ်ချက်များ ပါရှိခဲ့သည်။ ယင်းနောက် နိုဝင်ဘာလဆန်းတွင် ကန့်သတ်ချက်သစ်များ ထပ်မံချမှတ်ခဲ့ရာ ဒေသအလိုက်ကူးစက်မှုအခြေအနေကိုလိုက်၍ အနီရောင်၊ လိမ္မော်ရောင်နှင့် အဝါရောင်ဇုန်များ သတ်မှတ်ခဲ့ပြီး အနီရောင်ဇုန်တွင် အလုပ်၊ ကျန်းမာရေးနှင့် မဖြစ်မနေလိုအပ်မှသာ သွားလာခွင့်ပြုခဲ့သည်။ ထို့ပြင် တစ်နိုင်ငံလုံး ည ၁၀ နာရီမှ နံနက် ၅ နာရီ အထိ ညမထွက်ရသတ်မှတ်ခဲ့ပြီး စနေ၊ တနင်္ဂနွေတွင် ဈေးဝယ်စင်တာများပိတ်ရန်၊ ပြတိုက်နှင့် အနုပညာပြခန်းများအားလုံးပိတ်ရန်နှင့် အထက်တန်းကျောင်းများ အဝေးသင်စနစ်ဖြင့် သင်ကြားရန်တို့ကိုလည်း သတ်မှတ်ခဲ့သည်။

အီတလီနိုင်ငံသည် နွေဦးကာလတွင် ကိုဗစ်-၁၉ ကူးစက်မှုကို ထိန်းချုပ်ရန် မတ်လနှင့် ဧပြီလတို့တွင် ကမ္ဘာပေါ်၌ အပြင်းထန်ဆုံးကန့်သတ်ချက်အဖြစ် နာမည်တွင်သည့် တစ်နိုင်ငံလုံး အသွားအလာပိတ်ပင်မှု (Lockdown) ချမှတ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် နိုင်ငံ၏ဖွံ့ဖြိုးမှုနှုန်းမှာ (-၉) ရာခိုင်နှုန်းမှ (-၁၃) ရာခိုင်နှုန်းအကြား ကျဆင်းဖွယ်ရှိသည်ဟု ခန့်မှန်းချက်များတွေ့ရှိရပါသည်။ အလားတူ မိသားစု၊ သူငယ်ချင်းများနှင့် သိုက်သိုက်ဝန်းဝန်း နွေးထွေးစွာနေတတ်သည့် အီတာလျံပြည်သူများသည် လုံးဝအသွားအလာပိတ်ပင်မှုမျိုးနှင့် နေသားမကျရှိခဲ့ရာ နောက်တစ်ကြိမ် အလားတူကြုံတွေ့ရမည်ကို စိုးထိတ်လျက်ရှိပါသည်။ အီတလီအစိုးရအနေဖြင့် ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုများကို ကုစားရန် ၂၀၂၀ ပြည့်နှစ် မတ်လတွင် ယူရို ၂၅ ဘီလီယံ၊ မေလတွင် ယူရို ၅၅ ဘီလီယံ၊ ဩဂုတ်လတွင် ယူရို ၂၅ ဘီလီယံနှင့် အောက်တိုဘာလတွင် ယူရို ၃၉ ဘီလီယံအသီးသီးသတ်မှတ်၍ ထိခိုက်သည့် လုပ်ငန်းများကို ချေးငွေပံ့ပိုးခြင်း၊ ချေးငွေပြန်ဆပ်ရမည့် ကာလများကို ရွှေ့ဆိုင်းပေးခြင်း၊ အခွန်အခများ ဆိုင်းငံ့ပေးခြင်း၊ အလုပ်သမားများကို အလုပ်ဖြုတ်ခြင်းမှ ကာကွယ်ပေးခြင်း၊ အလုပ်လက်မဲ့ခံစားခွင့်များပေးခြင်းနှင့် အာမခံများပေးအပ်ခြင်း စသည့်အစီအမံများပါဝင်ပါသည်။ ယင်းသို့စီးပွားရေးအစီအမံများရှိသည့်တိုင် အောက်တိုဘာလနှောင်းပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်မှုကို ထိန်းချုပ်ရေးအတွက် စားသောက်ဆိုင်နှင့် ဘားများ ညနေ ၆ နာရီတွင်ပိတ်ရန် မလွှဲမရှောင်သာသတ်မှတ်ခဲ့ရရာ လုပ်ငန်းများထိခိုက်သော အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များ၏ ဆန္ဒပြမှုများ အီတလီနိုင်ငံတစ်ဝန်း ပေါ်ပေါက်ခဲ့ပါသည်။ အများအားဖြင့် နစ်နာသောလုပ်ငန်းများကို အစိုးရက အကူအညီများ ပိုမိုပေးအပ်ရန် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ခြင်းဖြစ်ပြီး နေရာအချို့တွင် ဆိုင်များကို ဖျက်ဆီးမှုများဖြစ်ပွားခဲ့သည်။

**နိုင်ငံပေါင်းများစွာသို့ ရောက်ရှိပျံ့နှံ့**

အီတလီနိုင်ငံအစိုးရအနေဖြင့် တစ်နိုင်ငံလုံး အသွားအလာပိတ်ပင်မှု (Lockdown) သတ်မှတ်ရမည့် အခြေအနေကို ရှောင်ရှားနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိရာ လက်ရှိတားမြစ်ကန့်သတ်ချက်များ၏ အကျိုးသက်ရောက်မှုကို စောင့်ကြည့်လျက်ရှိသည်။ ဥရောပတိုက်တွင် ပထမဆုံး ကိုဗစ်-၁၉ ကူးစက်မှုကို အပြင်းအထန်ခံစားရသည့် အီတလီနိုင်ငံနှင့် အစိုးရ၏ တုံ့ပြန်မှုများကို နိုင်ငံအများအပြားက လေ့လာနမူနာယူခဲ့ကြရသည်။ စီမံခန့်ခွဲမှုအလေ့အထကောင်းများကို လေ့လာရသည့်နည်းတူ အီတာလျံပြည်သူများ၏ စိတ်ဓာတ်ကြံ့ခိုင်မှု၊ လူသားဆန်မှုနှင့် ရင့်ကျက်မှုတို့မှာလည်း နမူနာကောင်းများဖြစ်ခဲ့သည်။ ပထမလှိုင်းအစတွင် လက်အိတ်၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းစသည့် ပစ္စည်းပစ္စယ မလုံလောက်မှုများနှင့် အထူးကြပ်မတ်ဆောင်များ၊ ဆေးရုံများ မနိုင်နင်းနိုင်လောက်အောင် လူနာအရေအတွက်များပြားမှုများကြားက အသက်ပေးခဲ့ရသူ ဆရာဝန် နှင့် သူနာပြုတွေရာချီရှိခဲ့ပြီး ရောဂါပိုးကူးစက်ခံရသူ ကျန်းမာရေးဝန်ထမ်းပေါင်း သောင်းဂဏန်းရှိခဲ့သည်။ အရေးပေါ် Lockdown ကာလအတွင်း အခြားသူများ အိမ်ပြင်မထွက်ရန် တားမြစ်ထားချိန်၌ ဆရာဝန်နှင့် သူနာပြုများ ခွင့်ခံစားခွင့်ကို ဥပဒေဖြင့် ငြင်းပယ်ခဲ့ပါသည်။ ပင်စင်ခံစားနေသည့် ကျန်းမာရေးဝန်ထမ်းများကို ပြန်လည်ခေါ်ယူခဲ့သကဲ့သို့ ဆန္ဒအလျောက်တာဝန်ထမ်းဆောင်မည့် ဆရာဝန် ၃၀၀ လိုအပ်ကြောင်း ကြေညာခဲ့ရာ ဆရာဝန် ၈၀၀၀ ကျော် စာရင်းပေးခဲ့ကြသည်။ ညနေ ၆ နာရီထိုးလျှင် အီတလီပြည်သူများ ဝရန်တာထွက်ကာ ကျန်းမာရေးဝန်ထမ်းများကို ဂုဏ်ပြုသည့်အနေဖြင့် လက်ခုပ်တီး သီချင်းဆိုအားပေးခဲ့ကြရာ ယင်းအပြုအမူသည် ကျန်ဥရောပနိုင်ငံများမှသည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်းများစွာသို့ ရောက်ရှိပျံ့နှံ့ခဲ့သည်။

ယင်းနောက်မကြာမီမှာပင် အခြားဥရောပနိုင်ငံများတွင် ကိုဗစ်-၁၉ ပထမလှိုင်းကူးစက်ပျံ့နှံ့ ခဲ့ရာ ကူးစက်ခံရသူနှင့် သေဆုံးသူအရေအတွက်ဇယားတွင် အီတလီနိုင်ငံကို ကျော်လွှားခုန်တက်သွားကြသည်။ အီတလီနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုပုံ၊ ကိုဗစ်-၁၉ စစ်ဆေးပုံ၊ ဆေးရုံတင်ပုံ၊ ပြုစုကုသပုံ၊ ပညာပေးပုံ၊ တားဆီးကာကွယ်ပုံ စသည်တို့ကို လေ့လာနမူနာယူရသည်။ မာယာများသော ကိုဗစ်-၁၉ ရောဂါပိုးကို ကုသရန်ဆေးမရှိသေးသကဲ့သို့ လူမှုစီးပွားရေးဘဝများကို ထိခိုက်မခံဘဲ ထိန်းချုပ်နိုင်မည့် အကောင်းဆုံးနည်းကိုလည်း ရှာမတွေ့သေးရာ အီတလီနိုင်ငံ၏အတွေ့အကြုံများသည် အဖိုးမဖြတ်နိုင် ဖြစ်ရသည်။ အီတလီနိုင်ငံမှ ကျန်းမာရေးပညာရှင်များသည် ကိုယ်တိုင်အခက်အခဲ၊ စိန်ခေါ်မှုများ ကြုံရသည့်တိုင် ၎င်းတို့အတွေ့အကြုံများကို ဝေမျှရန်တုံ့ဆိုင်းခြင်း မရှိခဲ့ပေ။

**အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကာကွယ်ကုသရေးနှင့် စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ မြန်မာနှင့် အီတလီနှစ်နိုင်ငံ ကျန်းမာရေးပညာရှင်များအကြား အတွေ့အကြုံဖလှယ်သည့် ပထမအကြိမ် Video Conference ဆွေးနွေးပွဲကို ၂၉-၄-၂၀၂၀ ရက်တွင် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန်နှင့် အီတလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Sandra Zampa တို့ကဦးဆောင်ကျင်းပခဲ့သည်။ Italy-Myanmar Friendship Association ဥက္ကဋ္ဌနှင့် ဆီးနိတ်တာဟောင်း Ms Albertina Soliani၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မွေးမွေးခိုင်၊ မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mrs. Alessandra Schiavo၊ ရန်ကုန်ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ ပါးမားတက္ကသိုလ် ပါမောက္ခချုပ် Paolo Andrei နှင့် ပါးမားတက္ကသိုလ် ခွဲစိတ်ပညာဌာနမှ ပါမောက္ခ Leopoldo Sarli တို့ပါဝင်ဆွေးနွေးခဲ့ကြသည်။ အီတလီနိုင်ငံမှ ကျန်းမာရေးပညာရှင်များက ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့်ပတ်သက်၍ အီတလီနိုင်ငံအတွင်း အပြင်းထန်ဆုံးထိခိုက်ခံစားခဲ့ရသော Emilia Romagna ဒေသတွင် ကပ်ရောဂါဘေးကျရောက်စဉ် အုပ်ချုပ်ရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဆေးပညာရပ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ပတ်သက်သည့်အတွေ့အကြုံများ၊ အောင်မြင်မှုများနှင့်သင်ခန်းစာများကို သုံးသပ်ရှင်းလင်းပြောကြားခဲ့ပြီး နှစ်ဖက်ပညာရှင်များအကြား အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။ ပထမအကြိမ် ဆွေးနွေးပွဲနောက်ပိုင်း နောက်ဆက်တွဲအတွေ့အကြုံဖလှယ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

လက်ရှိအခြေအနေတွင် အီတလီနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံးအသွားအလာပိတ်ပင်ခြင်း၊ တစ်နည်းအားဖြင့် Lockdown ချမှတ်ခြင်းမရှိဘဲ အနီရောင်၊ လိမ္မော်ရောင်နှင့် အဝါရောင်ဇုန်များအလိုက် ကန့်သတ်မှုများ သတ်မှတ်ထားသည်။ အနီရောင်ဇုန်တွင် ဒေသ ခုနစ်ခု၊ လိမ္မော်ရောင်ဇုန်တွင် ဒေသ ကိုးခုနှင့် အဝါရောင်ဇုန်တွင် ဒေသ လေးခု ပါဝင်ကြောင်း တွေ့ရသည်။ ယင်းသို့ ဇုန်များ သတ်မှတ်ရန် ကူးစက်မှုနှုန်း (Transmission Rate – Rt) အပါအဝင် ညွှန်းကိန်း ၂၁ ခုအပေါ်အခြေခံသည်ဟု ဆိုသည်။ ကူးစက်နှုန်းမှာ ဒေသတစ်ခုနှင့်တစ်ခုမတူညီဘဲ အချို့ဒေသများတွင် Rt ကျလာသည်။ သို့ရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၇-၁၁-၂၀၂၀ ရက်တွင် ၂၄ နာရီအတွင်း အသက်ဆုံးရှုံးသူ ၇၃၁ ဦးရှိဖြင့် အထိမြင့်မားခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်များတွင် စတင်ခဲ့သော အစီအမံများ၏ အကျိုးသက်ရောက်မှုကို သိရှိရန် ရက်အတန်ကြာ စောင့်ကြည့်ရမည်ဖြစ်သည်။ အလုပ်အကိုင်၊ မိသားစု၊ စီးပွားရေးနှင့်လူမှုရေး နေရာတိုင်းတွင် အခက်အခဲများရင်ဆိုင်ရသည့်တိုင် ချမှတ်ထားသော စည်းကမ်းများကို အီတာလျံပေါင်းများစွာက လေးစားလိုက်နာလျက်ရှိကြသည်။ အခြားသူတစ်ယောက်၏ အသက်ကိုကယ်တင်ရန် မိမိအသက်ကိုပဓာနမထားသူ Dr. Giuseppe Vallo ၏ လူနာကဲ့သို့သောသူပေါင်းများစွာ၊ အသက်စွန့်ကုသခဲ့သူ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ပေါင်းများစွာ၊ အသက် ၉၀ ကျော် ဘိုးဘွားများအပါအဝင် သိန်းဂဏန်းရှိသော သက်သာပျောက်ကင်းသူများစွာတို့ဖြင့် အီတလီနိုင်ငံသည် ကမ္ဘာပေါ်တွင်အလှဆုံးသော နိုင်ငံများအနက် တစ်ခုအဖြစ် ဆက်လက်ပနံသင့်နေဦးမည် ဖြစ်သည်။

၂၄-၁၁-၂၀၂၀ ရက်တွင် ကျရောက်မည့် မြန်မာ-အီတလီ နှစ်နိုင်ငံဆက်ဆံရေးထူထောင်မှု နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

# COVID-19 Fund မှ ချေးငွေလျှောက်ထားသည့် လုပ်ငန်း ၆၉၈ ခုသို့ ခွင့်ပြုငွေကျပ် ၂၂ ဒသမ ၇၆၈၅ ဘီလီယံ ဒုတိယအကြိမ် ချေးငွေထုတ်ယူခွင့်ပြု

(ယမန်နေ့မှအဆက်)

**ဒုတိယအကြိမ် Covid-19 Fund မှ တတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း**

| စဉ် | ကုမ္ပဏီ/လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၃၆၈ | Shwe Mahni Myay ဆန်စက် | Parami Corner Village, Eainme |
| ၃၆၉ | MI CHIT DESIGNER SCHOOL | NO (44), ZAYYA THU KHA STREET, MOHTLATSAUNG KONE (S), SANCHAUNG TSP, YANGON |
| ၃၇၀ | ဆန်းသစ် ဆားလုပ်ငန်း | တ( 4/3)၊ 63-63 လမ်းကြား၊ ချမ်းမြသာစည်မြို့နယ် |
| ၃၇၁ | Trust Integrated Group Co., Ltd. | No. 46, Zezawar Garden, Than Thu Mar St, Ward No. 15, South Okkalapa Tsp, Yangon |
| ၃၇၂ | A1 ပဒေသာ မြေသြဇာထုတ်လုပ်ရေး | အမှတ် (၆၂)၊ ဂရုဏာလမ်း၊ ၁၄၄ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် |
| ၃၇၃ | ဦးထွန်းသန်း ကမ်းဝေးငါးဖမ်းလုပ်ငန်း | ထားဝယ်ကမ်းရပ်၊ မြိတ်မြို့ |
| ၃၇၄ | KHIN SAN WIN BEAUTY STUDIO & TRAINING | NO (247), 35 STREET, WARD (3), KYAUKTADA TSP, YANGON |
| ၃၇၅ | ဦးလှသန်း (ဦးဘသက်) ငါးကန်လုပ်ငန်း | ရွှေမယင်း၊ တွံတေးမြို့နယ်၊ ကွင်းအမှတ် (၂၇) |
| ၃၇၆ | "မြ" အိုင်အိုဒင်းဆားချော ထုတ်လုပ်ခြင်းလုပ်ငန်း | အမှတ် (၅၀)၊ ရွှေဝါလမ်း၊ စမ်းမြသီတာရပ်၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့ |
| ၃၇၇ | ရှု့မဝ စက်မှုလက်မှု စက်ရုံ | မြေကွက်အမှတ် (A-35, A-36)၊ မြင်းခြံစက်မှုဇုန်၊ မြင်းခြံမြို့ |
| ၃၇၈ | မြရတနာအောင် ဆန်စက် | ပျဉ်ချဆိပ်ကျေးရွာ၊ ကျုံပျော်မြို့နယ် |
| ၃၇၉ | သော်တာဆန်း ဆန်စက် | အမှတ် ၃၇၇/၃၇၈၊ ၂၃/ သရက်ချောင်းအရှေ့၊ ၁၀ ရပ်ကွက်၊ ဘိုကလေးမြို့ |
| ၃၈၀ | ဒေါ်ခင်နှင်းလွင် ဆားကြမ်းထုတ်လုပ်ငန်း | မဲခရဲကျေးရွာအုပ်စု၊ မဲခရဲကျေးရွာ၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၈၁ | KMD ကွန်ပျူတာ သင်တန်းကျောင်း (အမရပူရ) | အမှတ်-၁/၁၂၉၊ အာရှဘဏ်လမ်း၊ မှန်တန်းရပ်၊ အမရပူရမြို့ |
| ၃၈၂ | ယုဇန ဆန်စက် | သဖန်းကုန်းကျေးရွာ၊ ပျဉ်ပုံအုပ်စု၊ ပေါင်းတည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၈၃ | Seven Dragon သောက်ရေသန့်လုပ်ငန်း | ထီးဆောင်းကျေးရွာ၊ မြင်းမူမြို့ |
| ၃၈၄ | ရွှေအုန်းပင် သရက်တောထိုးမုန့် ဒေသအစားအစာ ထုတ်လုပ်ဖြန့်ချိရေး | အမှတ်(၂) ရပ်ကွက်၊ ချောင်းသာ၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၃၈၅ | လဝန်းသာ ဆန်စက်လုပ်ငန်း | ဒရယ်ချောင်းရွာ၊ သပြေချောင်းအုပ်စု၊ လပွတ္တာမြို့နယ် |
| ၃၈၆ | ဒေါ်စိန်စိန်ဝင်း (ကြက်မွေးမြူရေးလုပ်ငန်း) | အမှတ်-၄၄၊ ၁၂ လမ်း၊ အောင်ဇေယျာရပ်၊ မကွေးမြို့ |
| ၃၈၇ | ဦးဇင်ပိုင်လတ် ကြက်မွေးမြူရေးလုပ်ငန်း | ဇရပ်ဆိပ်၊ ကြောင်ပန်းကုန်းပိုင်၊ ပုသိမ်မြို့ |
| ၃၈၈ | ဦးကိုကိုနိုင် ဝက်မွေးမြူရေးလုပ်ငန်း | ကျုံပျော်မြို့နယ်၊ သရက်ရိုး၊ ပရကြီးအုပ်စု |
| ၃၈၉ | ဦးကျော်မင်းထိုက် (မွေးမြူရေး) | ထန်းရှစ်ပင်ရွာ၊ နွားတဲကုန်းအုပ်စု၊ ဇီးကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၃၉၀ | ဝင်းသစ္စာ အဆင့်မြင့် ဆန်စက် | မြို့မမြို့ကုန်း၊ ဥဝဏ္ဏာကွက်သစ်ရပ်ကွက်၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉၁ | ရှယ် မုန့်ဖက်ခြောက်လုပ်ငန်း | ကန်ရိုးကျေးရွာ၊ တောင်ငူမြို့ |
| ၃၉၂ | ဦးထွန်းထွန်းနိုင် ဆိတ်မွေးမြူရေးလုပ်ငန်း | အင်္ဂပူအုပ်စု၊ ကျွဲတဲကုန်းရွာ၊ ဟင်္သာတမြို့ |
| ၃၉၃ | ဦးအောင်တင်ထွန်း နို့စားနွားမွေးမြူရေးလုပ်ငန်း | ဘုရားငုတ္တို၊ ရှမ်းစုကျေးရွာ၊ မြောင်းမြမြို့ |
| ၃၉၄ | ရတနာထွန်း မွေးမြူရေးနှင့် မွေးမြူရေးအကျိုးဆောင်လုပ်ငန်း | ဝဲကရင်ကျေးရွာ၊ ဘားအံမြို့ |
| ၃၉၅ | ခနထွန်း ဒေသနွား မွေးမြူရေးလုပ်ငန်း | မြင်းခြံမြို့နယ်၊ ရှားတောကျေးရွာ |
| ၃၉၆ | မခင်သန်းအေး ပဲကြော်၊ ပဲလှော်လုပ်ငန်း | မြို့မရပ်ကွက်၊ မြစ်သားမြို့ |
| ၃၉၇ | မင်းသိန်းစံ ဆန်စက် | မြင်းကသာရွာ၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉၈ | အောင်ကမ္ဘာ ဆီးခွဲစက် | ဦးကုလား(၁)လမ်း၊ ဇေယျဝတီရပ်၊ အောင်လံမြို့ |
| ၃၉၉ | ဖွဲ့သစ် သရက်တော ထိုးမုန့်လုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ချောင်းသာ၊ ပုသိမ်မြို့နယ် |
| ၄၀၀ | ဒေါ်မီမီစောမိုး (မိုး) ပဲကြော်လုပ်ငန်း | ဗိုလ်ချုပ်လမ်း၊ ရွှေအိုး (၁) ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၀၁ | ပြည့်ဖြိုးအောင် ဆန်စက် | ပေကြီးကျေးရွာ၊ ရေဦးမြို့နယ် |
| ၄၀၂ | ရတီ အာလူးကြော်လုပ်ငန်း | ယောမင်းကြီး၊ ရေထွက်ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ် |
| ၄၀၃ | ရွှေတံခါးကုမ္ပဏီ | အမှတ် (၁၀၇)၊ ဈေးလမ်း၊ ကျေးပင်ကြီးရပ်ကွက်၊ စစ်တွေမြို့ |
| ၄၀၄ | နေဇော်လင်း (ရေယာဉ်လုပ်ငန်း) | အမှတ်(၈)၊ ကိုးဆူကျောင်းလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၀၅ | ဦးမျိုးမောင်မောင်သိန်း (သိန်းသန်းကြွယ်) ရေကြောင်း ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှု | အမှတ်(၁၄)၊ မြို့မတောင်ပိုင်းရပ်၊ အမှတ် (၆) ရပ်ကွက်၊ ရေစကြိုမြို့ |
| ၄၀၆ | ကျော်သန်းငွေး ကုန်တင်ရေယာဉ် | အုန်းပင်ဆိပ်ကမ်း၊ မုံရွာမြို့ |
| ၄၀၇ | မြဝစံ ဆန်စက် | ရန်ကုန်-ပုသိမ်ကားလမ်း၊ ခနုံးချောင်းကျေးရွာ၊ ကံကလေးကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၀၈ | ဦးကြာစိန် နေလှန်းဆားလုပ်ငန်း | ကျောက်ကြီးပြင်ရွာ၊ ကျောက်ကြီးပြင်အုပ်စု၊ ကျောက်ဖြူမြို့နယ် |
| ၄၀၉ | ရတီဦး ဆန်စက် | ဆင်ဖြူကုန်း၊ စဉ့်ကိုင်မြို့ |
| ၄၁၀ | ဒေါ်လှကျင် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၁၁ | ဦးပြေမင်းသီဟ (နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း) | ပလိုင်ကီးကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၄၁၂ | ထိန်ထိန်လင်း ဆန်စက် | စွန်သိုက်ကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၁၃ | ဦးသောင်းရှိန် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၁၄ | ဒေါ်အောင်မေမြ နေလှန်းဆား ထုတ်လုပ်ရေးလုပ်ငန်း | အမှတ်(၅)ရပ်ကွက်၊ (၂၃/၂၅) အောင်သုခလမ်း၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၁၅ | ရွှေလက် ဝါးတူစက်ရုံ | ကျွန်းကုန်းကျေးရွာ၊ တောင်ငူမြို့နယ် |
| ၄၁၆ | လင်းသုခ ဆန်စက်လုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ညောင်ခြေထောက်၊ အုပ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၄၁၇ | ဦးတင့်မောင် (စိန်သုံးလုံး ငါးပုံဆန်စက်) | ဈေးရုံ၊ ဗိုလ်တဲရပ်၊ ကောလင်းမြို့၊ စစ်ကိုင်း |
| ၄၁၈ | အောင်ဆုပန် ငါးပုံဆန်စက်လုပ်ငန်း | ဘိုင်းဒေါင့်ချောင်းရွာ၊ လပွတ္တာမြို့နယ် |
| ၄၁၉ | တိုးတက်အောင် ဆန်စက် | လမ်းမတော်လမ်း၊ အိုးသည်ကုန်းမြို့၊ အုတ်ဖိုမြို့နယ် |
| ၄၂၀ | မီးမီးလေး သရက်တော ထိုးမုန့်လုပ်ငန်း | ၂ ရပ်ကွက်၊ မကျီးချောင်ကားလမ်းမဘေး၊ ချောင်းသာမြို့ |
| ၄၂၁ | 777 ဆန်စက် | ဥယျာဉ်တော်ကျေးရွာ၊ အုပ်တွင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၂၂ | ကံပွင့်အောင် (ကြာဆံစက်ရုံလုပ်ငန်း) | ပုရစ်ကုန်း(မြောက်)ရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၂၃ | တက်နေဝင်း ဟာလာဆန်စက် လုပ်ငန်း | သနပ်ပင်လမ်း၊ ကမာနတ်ကျေးရွာ၊ ပဲခူးမြို့ |
| ၄၂၄ | ဒေါ်သန်းဦး နေလှန်းဆားကြမ်း ထုတ်လုပ်ခြင်းလုပ်ငန်း | ၆၂၂(က၊ခ)၊ ဥယျာဉ်ကုန်းဘောင်ကွင်း၊ ဆင်ခြေယာတိုက်နယ်၊ လပွတ္တာမြို့နယ် |
| ၄၂၅ | ရတနာအောင် ဆန်စက် | မြင်းစီးကျေးရွာ၊ ရွှေဘိုမြို့ |
| ၄၂၆ | ဦးကျော်နိုင်ဦး ကလောကြိတ်စက်လုပ်ငန်း | ဘောတလင်းရွာ၊ ပိန်းအင်းအုပ်စု၊ လေးမျက်နှာမြို့နယ် |
| ၄၂၇ | ကျော် မြေပဲခွဲစက်နှင့် သီးနှံစုံလုပ်ငန်း | နယ်မြေ ၁၂၊ အမှတ် (၃) ရပ်ကွက်၊ မလှိုင်မြို့ |
| ၄၂၈ | ဦးချစ်သန်း+ဒေါ်ကွန်နစ် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | အံခဲကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၄၂၉ | ဒေါ်ပြုံးပြုံးလှိုင် နေလှန်းဆားကြမ်း ထုတ်လုပ်ရေး | ချောင်းဝကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၃၀ | ဦးလှသောင်း နေလှန်းဆားကြမ်း ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း | မကျည်းပင်ကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၃၁ | ရွှေလင်းမြတ် ဆန်စက် | အေးငြိမ်းသာမြို့သစ်၊ ရွာမရပ်ကွက်၊ နတ္တလင်းမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၃၂ | ကျော်ရတနာ ဆန်စက် | နတ်တလင်းမြို့နယ်၊ တာပွန်မြို့၊ မင်းတဲလမ်း |
| ၄၃၃ | ပုလဲဝင်း ဆန်စက် | မုံသွင်ကျေးရွာ၊ ပုလဲမြို့နယ် |
| ၄၃၄ | ဦးအောင်သန်း (ဆန်းသော်တာအောင် ဆန်စက်) | သာယာကုန်းအုပ်စု၊ သပြေပင်၊ မိုးညိုမြို့ |
| ၄၃၅ | ဒို့မြင်းပျံ (ပဲလမုန့်လုပ်ငန်း) | ယောဝရပ်ကွက်၊ ဆိပ်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၃၆ | ဒေါ်ရွှေပု ပါ (၄) ဦး၊ ဆားကြမ်းထုတ်လုပ်မှုလုပ်ငန်း | ကုန်းတန်းရွာ၊ ကညင်ချောင်းအုပ်စု၊ ငပုတောမြို့နယ် |
| ၄၃၇ | ဒေါ်သက်နန္ဒာစိုး (7 Top ငါးမုန့်လုပ်ငန်း) | ကမ်းနားလမ်း၊ သန်ပန်ချောင်းရပ်ကွက်၊ ကျောက်ဖြူမြို့နယ် |
| ၄၃၈ | တင်အောင်လှိုင် (ပဲခွဲစက်လုပ်ငန်း) | အမှတ် (၈၇)၊ (၁၀) လမ်း ဆုံရပ်၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၃၉ | ကိုနိုင်နှင့် ညီအစ်ကိုများ ဆန်စက်လုပ်ငန်း | တပ်စုကျေးရွာ၊ ရွှေအင်းဒုံကျေးရွာအုပ်စု၊ ဒိုက်ဦးမြို့ |
| ၄၄၀ | သင်းသင်းငွေး ဆီစက် | အမှတ်(၃၆)၊ ငွေတော်၊ အမှတ် (၁) အောင်ငြိမ်းချမ်းရပ်ကွက်၊ ပြည်ကြီးတံခွန် |
| ၄၄၁ | ပါဝါ ဇီးခွဲစက်လုပ်ငန်း | ပ-၂၄၇၊ မလိခလမ်း၊ စက်မှုဇုန်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး |
| ၄၄၂ | ဦးရဲထွန်း (ရဲအေး) ဆန်စက် | အရှေ့လမ်း၊ နွယ်ချို (၁) ရပ်ကွက်၊ ပေါင်းတည်မြို့ |
| ၄၄၃ | ဦးခင်စိန် ဆားလုပ်ငန်း | သုံးခွကျေးရွာ၊ မကျည်းပင်/သုံးခွအုပ်စု၊ ငပုတောမြို့နယ် |
| ၄၄၄ | ရွှေအိမ်စည် ဆီးခွဲစက်နှင့် ဆီးမှုန့်လုပ်ငန်း | (ဒ-၃၈၆-၃၈၇)၊ ဇော်ဂျီလမ်း၊ စက်မှုဇုန်၊ ပခုက္ကူမြို့ |
| ၄၄၅ | ဦးထွန်းအောင်ဖြူ နေလှန်းဆားလုပ်ငန်း | ပေါက်ပြင်ကျေးရွာ၊ ဂန့်ဂါအုပ်စု၊ ကျောက်ဖြူမြို့နယ် |
| ၄၄၆ | ငွေစန္ဒာ ဆန်စက် | ကာသကာ်လမ်း၊ ဝင်းဘုရားသားရပ်ကွက်၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့နယ်၊ ပြည်ခရိုင် |
| ၄၄၇ | စိန် မွေးမြူရေးအစာ ထုတ်လုပ်ရေးလုပ်ငန်း | အမှတ် (၅၁)၊ မေတ္တာရိပ်မြုံလမ်း၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့ |
| ၄၄၈ | ဦးကျော်ကျော်မိုး ကျားပါးစပ် ကမ်းနီးငါးဖမ်းလုပ်ငန်း | ကျွန်းစုမြို့နယ်၊ ရေမြစ်ကြီးကျေးရွာအုပ်စု၊ မကျီးကျွန်းကျေးရွာ |
| ၄၄၉ | ဦးအောင်ဇော်ဦး (ငါးမွေးမြူရေးလုပ်ငန်း) | ငွေစိုးဆန်စက်၊ ရေလဲလမ်း၊ အင်းမ၊ အောင်ဟိတ်ကျေးရွာ၊ မအူပင်မြို့ |
| ၄၅၀ | ဦးအောင်မောင်း ငါးမွေးမြူရေးလုပ်ငန်း | အောက်စုရပ်ကွက်၊ သနပ်ပင်မြို့နယ် |
| ၄၅၁ | ဦးမင်းလွင် ရေငန်ပုစွန် မွေးမြူရေးလုပ်ငန်း | ငပုတောမြို့နယ်၊ ဝါးကုန်းကျေးရွာအုပ်စု၊ ကုန်းကြီးကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၅၂ | ဦးသန်းဝင်း "ကောင်းဇော်ကြီး" ကမ်းဝေးငါးဖမ်းလုပ်ငန်း | အောက်ကွင်းကျေးရွာ၊ ဖျာပုံမြို့ |
| ၄၅၃ | ဦးဝင်းထွန်း ပုစွန်၊ ငါး မွေးမြူရောင်းဝယ်ရေး | ကွင်းအမှတ် (၁၇၇၅)၊ သက္ကယ်သောင်ကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ် |
| ၄၅၄ | ဦးသက်နိုင်ဝင်း ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်ငန်း | ဗန်ဒါပင်ကျေးရွာ၊ ဒေါ်ငြိမ်းကျေးရွာအုပ်စု၊ အမာမြို့နယ် |
| ၄၅၅ | ဦးသောင်းစိန် သူ့ထက်သာ ကမ်းဝေးငါးဖမ်းလုပ်ငန်း | နောက်မီးကျေးရွာ၊ အမာမြို့နယ်၊ ဖျာပုံမြို့နယ် |
| ၄၅၆ | ရွှေသီး ကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ် (၄)၊ ဂျိတ္တောရပ်ကွက်၊ ငပလီမြို့နယ် |
| ၄၅၇ | ဦးကျော်အောင်နိုင် အင်္ဂလန်ကျားပိုက် ကမ်းဝေးငါးဖမ်လုပ်ငန်း | ခါးပြတ်ကျေးရွာ၊ ဖျာပုံမြို့နယ် |

စာမျက်နှာ ၂၁ သို့ ❍

❍ စာမျက်နှာ ၂၀ မှ

| | | |
|---|---|---|
| ၄၅၈ | တတိုင်းပြည့် ကမ်းဝေးငါးဖမ်းလုပ်ငန်း | ဗန္ဓုပင်ကျေးရွာ၊ ဖျာပုံမြို့နယ် |
| ၄၅၉ | ဒေါ်ညွန့်ညွန့်ကြည် ရေငန်ပုစွန်မွေးမြူရေး | ချောင်းဝကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၆၀ | ဦးကျော်သက်နိုင် ကမ်းနီးငါးဖမ်းလုပ်ငန်း | အမှတ် (၁) ရပ်ကွက်၊ ချောင်းသာမြို့ |
| ၄၆၁ | မြင့်မိုရ်ညွန့် ငါးပုံဆန်စက် | မေရီတောင်ကျေးရွာ၊ မေရီလန်းအုပ်စု၊ ဇလွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၆၂ | စိုးစံကောင်းကောင်း ဆန်စက် | ရန်ကုန်-ပြည်လမ်း၊ ဆင်ဂေါင်းအုပ်စု၊ အုတ်ဖိုမြို့ |
| ၄၆၃ | မင်းထက်သာ ဆန်စက် | ငပုတောမြို့၊ မြစ်ကျိုးရွာ |
| ၄၆၄ | ဦးမြင့်သန်းထွန်း ကုလားပဲခွဲစက်နှင့် အမှုန့်ကြိတ်ခွဲ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း | အမှတ် (၂) ရန်ကင်းရပ်၊ ရေစကြိုမြို့ |
| ၄၆၅ | ရေဦး ဝက်အူချောင်းလုပ်ငန်း | မြို့သစ်အောင်ချမ်းသာရပ်၊ မုံရွာမြို့ |
| ၄၆၆ | Water King သောက်ရေသန့်လုပ်ငန်း | ဥက္ကာပျံလမ်း၊ မြို့သစ်ရပ်ကွက်၊ ကျောက်တော်မြို့ |
| ၄၆၇ | ဦးသောင်းရွှေ နေလှန်းဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း | ဝါးကုန်းကျေးရွာ၊ လပွတ္တာမြို့နယ် |
| ၄၆၈ | ဦးသိန်းဇော်ဝင်း နေလှန်းဆားထုတ်လုပ်ခြင်းလုပ်ငန်း | မကျီးပင်တိုက်နယ်၊ ငပုတောမြို့နယ် |
| ၄၆၉ | ဦးသိန်းထွန်း ပါ (၂) ဦး (နေလှန်းဆားကြမ်းထုတ်လုပ်ငန်း) | မရမ်းကွင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၇၀ | ရွှေရိုးမေတ္တာ စားသောက်ကုန်ထုတ်လုပ်ငန်း | အမှတ် (၁၁)၊ မြိုင်လမ်း၊ ၇ လမ်း၊ ပခုက္ကူမြို့ |
| ၄၇၁ | အောင်သုခ (၂) ဆန်စက် | အမှတ် (၅) ရပ်ကွက်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ |
| ၄၇၂ | ဦးနိုင်လင်း (ရတနာလင်း ဆန်စက်) | လက်ပံပါးပျဉ်းရွာ၊ ကြို့ပင်သာအုပ်စု၊ ပေါင်းတည်မြို့နယ် |
| ၄၇၃ | စိမ်းလဲ့ရွှေရည် သဘာဝမြေသြဇာလုပ်ငန်း | ပြည်တော်သာရပ်၊ ကျောက်ပန်းတောင်းမြို့ |
| ၄၇၄ | ဦးကျော်မောင် စိုက်ပျိုးရေးလုပ်ငန်း | ကြိတ်ခွေမော်ကျေးရွာ၊ ပေါက်တောမြို့နယ် |
| ၄၇၅ | ဒေါ်ဖြူဖြူလွင် လျှော်ဖြူစိုက်ပျိုးရေးလုပ်ငန်း | အမှတ်(၂၈၁)၊ လယ်ကြီးကျေးရွာ၊ မလှိုင်မြို့နယ် |
| ၄၇၆ | ရွှေခြသေ့မင်း ဆန်စက် | မယားမာန်ကျေးရွာ၊ ရွှေတောင်မြို့ |
| ၄၇၇ | နေလစိန်မြ ဆန်စက် | ဈေး (၂) ရပ်ကွက်၊ (၄) လမ်း၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၇၈ | အောင်ဇင် သဘာဝမြေသြဇာ ထုတ်လုပ်ခြင်းလုပ်ငန်း | ညောင်ဝန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄၇၉ | ကောင်းခေတ်သစ် ဆန်စက် | သာစည်ကျေးရွာ၊ ရန်ကုန်-ပြည်လမ်း၊ ကြို့ပင်ကောက် |
| ၄၈၀ | ဦးစံရွှေ သီဟိုဠ်ဆံ ထုတ်လုပ်ရေးလုပ်ငန်း | ဆင်ပုရစ်ရပ်၊ အမှတ်(၂၆၅)၊ ထားဝယ်မြို့ |
| ၄၈၁ | မြန်မာ ဆီစက် | အမှတ် (၄) ရပ်ကွက်၊ ရွှေဘိုမြို့ |
| ၄၈၂ | ရွှေမင်းအောင် အဆင့်မြင့်ဆန်စက် | ကျုံတနော်ကျေးရွာ၊ ခနုဖြူကျေးရွာ၊ မအူပင်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၈၃ | စပါးနှံစံ ဆန်စက် | အောင်မင်္ဂလာလမ်း၊ ရွှေမာလာလမ်းတော်၊ စက်မှုဇုန်၊ ရွှေဘိုမြို့ |
| ၄၈၄ | သင်းသင်းစိုး ဆန်စက် | ပန်းပင်ဆိပ်ကျေးရွာ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၈၅ | ဒေါ်ရွှေဇင်ဝင်း ပဲကြော်လုပ်ငန်း | ရွာတောင်ရပ်၊ စစ်ကိုင်းမြို့ |
| ၄၈၆ | စိုးမိုးထွန်း ပဲခွဲစက်နှင့် ပဲမျိုးစုံရောင်းဝယ်ရေး | အမှတ် (၅၉၈)၊ ကနောင်မင်းသားကြီးလမ်း၊ ဗိုလ်တစ်ထောင် အပိုင်း(၁)၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၄၈၇ | စွန်ပျံမင်း ကြာဆံစက် | စက်မှုဇုန်၊ မုံရွာမြို့ |
| ၄၈၈ | ဦးစိုးဝင်း ဆားကြမ်းထုတ်လုပ်ရေး လုပ်ငန်း | သဃ်န်းကုန်းကျေးရွာ၊ သဃ်န်းကုန်းတိုက်နယ်၊ ငပုတောမြို့နယ် |
| ၄၈၉ | ပုစူးမ အဆင့်မြင့်ဆီသန့် အာလူးကြော်စက်ရုံ | ချင်းတွင်းလမ်း၊ ပခုက္ကူစက်မှုဇုန်၊ ပခုက္ကူမြို့ |
| ၄၉၀ | ဒေါ်သန္တာအေး (PT Kitchen Food) | ကျောင်းပိုင်းရပ်၊ သီရိမာလာလမ်းသွယ်၊ သံဖြူဇရပ်မြို့နယ် |
| ၄၉၁ | အောင်မြင့်မိုရ် ဆန်စက် (၁+၂) | ချောင်းတွင်းရွာ၊ ဖျာပုံ |
| ၄၉၂ | ဦးတိုးကြွယ် မြေပဲခွဲလုပ်ငန်း | (၈)လမ်း၊ အောင်စေတနာရပ်ကွက်၊ မကွေးမြို့ |
| ၄၉၃ | နိုင်နိုင် ဆီစက်လုပ်ငန်း | လမ်းမတော်လမ်း၊ ရန်အောင်မြင်ရပ်၊ နတ်မောက်မြို့ |
| ၄၉၄ | ဦးခင်ချို နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | အစင်ကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ် |
| ၄၉၅ | ဝင်းကျော်ကျော် (ရေခဲစက်လုပ်ငန်း) | ဦးအောင်ဇေယျလမ်း၊ (၃) ရပ်ကွက်၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၄၉၆ | ဦးဝင်းငွေဦး M3 သောက်ရေသန့်လုပ်ငန်း | စေတီယျရပ်ကွက်၊ ကျောက်ဖြူမြို့ |
| ၄၉၇ | ဦးတင်သိန်း နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း | မန်ကျည်းပင်တိုက်နယ်၊ ငပုတောမြို့နယ် |
| ၄၉၈ | စိန်ရွှေနီလာ ဆန်စက် | သလပ်ခွာကျေးရွာ၊ ပုသိမ်မြို့နယ် |
| ၄၉၉ | စိုးယဉ်မင်း ဆီစက်နှင့် ပွဲရုံလုပ်ငန်း | (၁၃၆) ပျော်ဘွယ်လမ်း၊ မြို့မကွက်သစ်ရပ်၊ နတ်မောက်မြို့ |
| ၅၀၀ | ဦးသန်းလှိုင် (ရွှေယာမြေ သောက်ရေသန့်) | အမှတ်-၄၊ စက်ကွင်းရပ်ကွက်၊ ဒဂုံ-မန်းလမ်း၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၀၁ | ကျော်လင်းဟိန်း (ဆားကြိတ်လုပ်ငန်း) | မင်းချောင်းကျေးရွာ၊ ကျောက်ဖြူမြို့နယ် |
| ၅၀၂ | ရှယ် မုန့်တိုက်၊ မုန့်မျိုးစုံထုတ်လုပ် ရောင်းချရေးလုပ်ငန်း | အမှတ်(၃၆/E)၊ ကျိုက္ခမီလမ်း၊ ဈေးကြိုရပ်ကွက်၊ မော်လမြိုင်မြို့ |
| ၅၀၃ | ဒေါ်အေးအေးမော် (နေလှန်းဆား ထုတ်လုပ်ရေး) | အမာမြို့၊ နောက်မီးကျေးရွာ၊ နောက်မီးကျေးရွာအုပ်စု၊ ဖျာပုံမြို့နယ် |
| ၅၀၄ | ဦးကျင်သိန်း နေလှမ်းဆား ထုတ်လုပ်မှုလုပ်ငန်း | ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ မန်ကျည်းပင်ကျေးရွာအုပ်စု၊ သုံးခွကျေးရွာ၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၀၅ | ဒေါ်လုံး နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | မဲခရဲကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၀၆ | စတားလိုက် ခေါက်ဆွဲခြောက်လုပ်ငန်း | ဆ ၁၂/၆၊ ခိုင်ရွှေဝါလမ်း (၆၈x၆၉) ကြား၊ အမှတ် (၂) မြို့သစ်၊ ချမ်းမြသာစည်မြို့နယ် |
| ၅၀၇ | ဒေါ်ငွေဝင်း (နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း) | ကညင်ငူကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၀၈ | ဦးမျိုးအာကာသိန်း (နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း) | အမှတ်(၇၅၄)၊ မညိမ်းလှကုန်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၀၉ | ကောင်းကျော်ဟိန်း မုန့်လုပ်ငန်း | အမှတ်(၇၄)၊ ချမ်းသာလမ်း၊ ရှမ်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ် |
| ၅၁၀ | လက်ကီး ရေခဲစက် | ငုဝါလမ်း၊ အောင်မင်္ဂလာရပ်၊ ခင်ဦးမြို့ |
| ၅၁၁ | ကြယ်စင်သစ် မုန့်မျိုးစုံ ထုတ်လုပ်ငန်း | ဆူးလေကုန်းရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁၂ | ငွေငါး (ငါးပိ၊ ငံပြာရည်လုပ်ငန်း) | အမှတ်(၈/၃၁၅)၊ အောင်သပြေလမ်း၊ မြဝတီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁၃ | ဒေါ်နော်နော်ဝင်း ဝဥခြောက်လုပ်ငန်း | အမှတ်(၁၄)၊ စက်ကွင်းရပ်၊ စမ်းမြသီတာ၊ ရွှေမြိုင်သီရိနယ်မြေ၊ မော်လမြိုင်မြို့ |
| ၅၁၄ | ယိုမင်းသမီး ယိုစုံ | အမှတ် ၂၇ (A)၊ သီရိသစ္စာလမ်း၊ တိုးချဲ့-၁၊ မှန်တန်းရပ်၊ အမရပူရ |
| ၅၁၅ | မင်းသိန်းစံ (၂) ဆန်စက် | ပေါက်တုံရွာ၊ ခင်ဦးမြို့နယ်၊ ရွှေဘိုခရိုင် |
| ၅၁၆ | ဦးအောင်သန်းဦး အောင်ရတနာ ဆန်စက် | နဝရတ်လမ်းမကြီး၊ ဘုရားချောင်း၊ မြောင်းမြမြို့ |
| ၅၁၇ | စေတနာရှင် (၂) ဆန်စက်လုပ်ငန်း | မိုးကုတ်ကျေးရွာ၊ ပုသိမ်မြို့နယ် |
| ၅၁၈ | မင်္ဂလာ မရွှေလုပ်ငန်း | ပတ္တမြားစက်မှုဇုန်၊ နီလာရပ်ကွက်၊ စစ်ကိုင်းမြို့ |
| ၅၁၉ | မြင့်မြန်မာ သီဟိုဠ်စိုက်ပျိုးရေးနှင့် သီဟိုဠ်စေ့ထုတ်လုပ်ရေးလုပ်ငန်း | အမှတ် (၆၂) ဘီ၊ လှျောပြာ (ပျဉ်းမပင်)၊ ပုသိမ်မြို့ |
| ၅၂၀ | စိမ်းလဲ့ဝေ သီဟိုဠ်စိုက်ပျိုးရေးနှင့် သီဟိုဠ်စေ့ ထုတ်လုပ်ရေးလုပ်ငန်း | မြတ်တို အကွက် အမှတ် (၁/ခ)၊ မုံရွာ-ရေဦးလမ်းမကြီး၊ ပုသိမ်မြို့ |
| ၅၂၁ | ဦးကျော်သူရ ပီလောပီနံ စိုက်ပျိုးရေးလုပ်ငန်း | အမှတ် (၆၅)၊ ယုဇနလမ်း၊ အောင်ဆန်းရပ်ကွက်၊ ကျုံပျော်မြို့နယ် |
| ၅၂၂ | ဒေါ်အေးအေးမော် နေလှန်းဆား ထုတ်လုပ်ရေး | ပြင်စလူတိုက်နယ်၊ ၅၃/ပြင် အလန်းကြီးဝိုင်း၊ လပွတ္တာမြို့နယ် |
| ၅၂၃ | ဒေါ်မြင့်မြင့်သန်း (နေလှန်းဆားကြမ်း ထုတ်လုပ်မှုလုပ်ငန်း) | မကျီးပင်သုံးခွကျေးရွာ၊ မကျီးပင်တိုက်နယ်၊ ငပုတောမြို့နယ် |
| ၅၂၄ | စတား မုန့်မျိုးစုံ ထုတ်လုပ်ရေး | ၇ ရပ်ကွက်၊ သကြားဘုရားကုန်းလမ်း၊ လပွတ္တာမြို့ |
| ၅၂၅ | ကောင်းထက်စံ အဆင့်မြင့်ဆန်စက်နှင့် ဆန်ရောင်းဝယ်ရေး | အင်ဒိုင်းလေးကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၂၆ | မြင့်မင်းရတနာ ဆန်စက် | မကျီးကန်ရွာ၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၂၇ | ရဲအောင် (ဆန်စက်) | ဗိုလ်ချုပ်လမ်း၊ ဆေးရုံရပ်ကွက်၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၂၈ | ဦးအောင်ထွေးမင်း ဥစားကြက် မွေးမြူရေးလုပ်ငန်း | စမ်းချောက်ကြီး၊ ဘုရားချောင်းအုပ်စု၊ မြောင်းမြမြို့ |
| ၅၂၉ | ဒေါ်တင်မြင့် ဆားကြမ်းထုတ်လုပ်မှု လုပ်ငန်း | ကုန်းတန်းရွာ၊ ကညင်ချောင်းကျေးရွာအုပ်စု၊ ဟိုင်းကြီးကျွန်းမြို့ |
| ၅၃၀ | ဒေါ်ကျင်ဆင့် နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း | မဲခရဲကျေးရွာ၊ ငပုတောမြို့နယ် |
| ၅၃၁ | အောင်သစ္စာ သောက်ရေသန့် | (၁/၈၅)၊ အမှတ် (၁) ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ နမ့်စန်မြို့ |
| ၅၃၂ | ဒေါ်ခင်မြင့် ဥစားကြက် မွေးမြူရေးလုပ်ငန်း | ပန်းတောကျေးရွာ၊ တောင်ကြီးမြို့နယ်၊ တောင်နီကျေးရွာအုပ်စု |
| ၅၃၃ | ဦးစိုးအောင် (ကြက်မွေးမြူရေးလုပ်ငန်း) | ဝွေးကုန်းကျေးရွာ၊ တောင်တွင်း-မြို့သစ်- နတ်မောက်လမ်းဘေး၊ မကွေးတိုင်းဒေသကြီး |
| ၅၃၄ | ဦးမြင့်အောင် (၂) ဥစားကြက် မွေးမြူရေးလုပ်ငန်း | တောင်ကုန်း (၄) လမ်း၊ မရမ်းကုန်းရပ်ကွက်၊ မြောင်းမြမြို့ |
| ၅၃၅ | ဦးခင်ရှိန် နေ့လှန်းဆားကြမ်း ထုတ်လုပ်ရေးနှင့် အိုင်အိုဒင်းဆားချော ထုတ်လုပ်ရေး ဆားကြိတ်စက် | ပြည်တော်သာရပ်၊ ပငကျေးရွာ၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ် |
| ၅၃၆ | ဦးလင်းသူဟန် (Just Coffee and Cake Bakery) | အမှတ်-၃၆၆၊ ကမ်းနားလမ်း၊ မရမ်းကုန်းရပ်၊ မော်လမြိုင်မြို့ |
| ၅၃၇ | ဒေါ်ငွေစိန် နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | မဲခရဲတိုင်နယ်၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၃၈ | ရတနာမိုး ဆန်စက် | တင်းတိမ်ရုံ စံပြကျေးရွာ၊ ရေဦးမြို့နယ် |
| ၅၃၉ | မိုးဆန်းပန်း (၂) ဆန်စက် | လက်ပံကုန်းရွာ၊ ပဲနွယ်ကုန်းမြို့၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးမြို့ |
| ၅၄၀ | ဦးအောင်ခိုင်လင်း (မွေးမြူရေးလုပ်ငန်း) | ဝင်းဘုရားသား ကာသိဂ်ါလမ်း၊ သုခဝေဖြာရပ်ကွက်၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၁ | ဒေါ်သန်းသန်းဝင်း (ကြက်မွေးမြူရေးလုပ်ငန်း) | တောင်လေးလုံးကျေးရွာ၊ တောင်ကြီးမြို့၊ ရွှေတောင်မြို့၊ ရှမ်းပြည်နယ် |
| ၅၄၂ | ဦးလွှမ်းမိုးအောင် ကြက်မွေးမြူရေး | နတ်မောက်လမ်း၊ ဒဟတ်ကန်ရပ်၊ မကွေးမြို့/ ဖိုကုန်းကျေးရွာ၊ ဖိုကုန်းကွင်း၊ မကွေးမြို့ |
| ၅၄၃ | ကိုဖြိုးလေး အသားတိုးကြက်မွေးမြူရေးလုပ်ငန်း | အမှတ် (၁၁၆၀)၊ ပပဝတီ (၁) လမ်း၊ အမှတ် (၅) ရပ်ကွက်၊ ပုသိမ်မြို့ |
| ၅၄၄ | ဦးနေစိုး နို့စားနွား မွေးမြူရေးလုပ်ငန်း | မြင်းကကုန်းကျေးရွာ၊ ဘိုကလေးမြို့နယ် |
| ၅၄၅ | ဦးထွန်းထွန်းဇော် ကြက်/ဝက်မွေးမြူရေး | ကြို့ပင်သာအုပ်စု၊ ဝက်ပုတ်ရွာမ၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၄၆ | CES Computer Training Center | အမှတ်(၄၀)၊ ဗဟိုလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့ |
| ၅၄၇ | စူပါဝမ်း ဆန်စက် | ရွှေကျောင်းကွက်သစ် (၄) လမ်း၊ အမှတ် (၄) ရပ်ကွက်၊ ကြာနီကန်ရပ်၊ မြန်အောင် |
| ၅၄၈ | အောင်သိဒ္ဓိ ဆန်စက် | ငှက်ပေါက်ကျေးရွာ၊ ငပုတော |
| ၅၄၉ | ဦးဝင်းစိုး (ထွန်းရွှေဝါ ဆန်စက်) | မြို့လယ်ချောင်းရွာ၊ ဂုမ္ဗကွင်းအုပ်စု၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၀ | ရွှေမေတ္တာမွန် ဆန်စက် | (၅) ရပ်ကွက်၊ သာပေါင်းကျေးရွာ၊ ဘိုကလေးမြို့ |
| ၅၅၁ | သုခဗလ ဆန်စက် | သာပေါင်းကျေးရွာ၊ ဘိုကလေးမြို့ |
| ၅၅၂ | ပြည်တော်ရွှန်း ဆန်စက် | ပြည်တော်သာရပ်၊ ပုတီးကုန်းမြို့၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၅၃ | ကျော်သူ ရေခဲမုန့်နှင့် ကိတ်လုပ်ငန်း | ကားကြီးကွင်းအနောက်ဘက်၊ စိန်ကုန်းရပ်၊ စစ်ကိုင်းမြို့ |
| ၅၅၄ | ဒေါ်ခင်လှ နေလှန်းဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်း | အမှတ် (၂/၅၇)၊ ရေးမြို့နယ်၊ နှစ်ကရင်ကျေးရွာ၊ မွန်ပြည်နယ် |
| ၅၅၅ | MK ဖျော်ရည်နှင့် ယိုစုံလုပ်ငန်း | ဈ-၃/၃၅၊ ၆၁-ချယ်ရီလမ်း၊ မြို့သစ်၊ မန္တလေး |
| ၅၅၆ | ဦးစံငွေး ကွမ်းစိုက်ပျိုးရေးလုပ်ငန်း | ကြို့ကုန်းကျေးရွာ၊ သရက်ငူအုပ်စု၊ ပန်းတနော်မြို့နယ် |
| ၅၅၇ | ဦးအောင်သူဇော် မြစားပွဲတင်ဆား လုပ်ငန်း | ဘီ-၁၃၊ ငန်းတေးလမ်း၊ ဖက်ခင်းရပ်၊ ဈေးကြို၊ မော်လမြိုင်မြို့ |
| ၅၅၈ | ဦးမြင့်မောင် နေလှန်းဆားကြမ်း ထုတ်လုပ်ခြင်း | မရမ်းကွင်းကျေးရွာ၊ မဲခရဲတိုင်နယ်၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၅၉ | ဦးမြင့်ဦး ငါးမွေးမြူရေးလုပ်ငန်း | ဘဝိုင်းကျေးရွာအုပ်စု၊ မန်ကျည်းကန်ကျေးရွာ၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၅၆၀ | မြင့်အောင် အထွေထွေ စက်မှုလုပ်ငန်း | ခွေးရဲလမ်း၊ အရှေ့ပိုင်ရပ်၊ ပေါင်းတလည်မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၁ | ဒေါ်သောင်းစိန် ရာဘာစိုက်ပျိုး ထုတ်လုပ်ရေးလုပ်ငန်း | မူးဒူးကျေးရွာ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၅၆၂ | ရွှေရတနာ ဆန်စက်နှင့် စိုက်ပျိုးရေးပစ္စည်းဆိုင် | အမှတ်(၆၈)၊ ဖိုးဂေါင်လမ်း၊ အလယ်ကုန်းရပ်ကွက်၊ သုံးဆယ်မြို့ |
| ၅၆၃ | သီရိထိုက်အောင် ဆန်စက်နှင့် ဆန်စပါး၊ ပဲရောင်းဝယ်ရေး | ဥယျာဉ်တန်းလမ်း၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| ၅၆၄ | တော်ဝင်နန်း သောက်ရေသန့် | ရွာငယ်ရပ်ကွက်၊ ပင်းတယမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) |
| ၅၆၅ | သန်းကြွယ်မင်း ဆန်စက် | အုတ်ဖိုမြို့နယ်၊ ဘလားကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး |

(ဆက်လက်ဖော်ပြပါမည်)

## ကျောင်းကုန်းမြို့နယ် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ထောက်ပံ့ငွေများပေးအပ်

**ကျောင်းကုန်း နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်သည် တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများအား အလေးထားဆောင်ရွက်လျက်ရှိပြီး ပုသိမ်ခရိုင် ကျောင်းကုန်း မြို့ထိပ်သို့ ယနေ့နံနက် ၈ နာရီတွင် ရောက်ရှိကာ မြို့အဝင်/အထွက် စစ်ဆေးရေးဂိတ်ကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းငွေ၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဂျိုးမြတ်မြတ်သူ၊ တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ စစ်ဆေးရေးဂိတ်အား ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ဆေးရေးဂိတ်များတွင် လိုအပ်သည်များသုံးစွဲရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ် ငါးသိန်းအား တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့သည် မြို့နယ်တိုင်းတွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ထားရှိပြီး အဆိုပါ စစ်ဆေးရေးဂိတ်များတွင် လိုအပ်သည့်နေရာ၌ သုံးစွဲရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျန်းမာရေးသုံးအထောက်အကူပြုပစ္စည်းများ ပြည့်ဝစွာထောက်ပံ့ပေးအပ်ထားသည်။ ယခုအခါတွင်လည်း မြို့နယ် ၂၆ မြို့နယ်အား တစ်မြို့နယ်လျှင် ငွေကျပ် ငါးသိန်းနှုန်းစီဖြင့် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**






## ပူတာအိုဒ္ဓ ဈေးကောင်းရနေသော ကျောက်ကြမ်းပိုး(ခေါ်) အင်းဆက်ကောင်ရှာဖွေသူများ မိသားစုအပိုဝင်ငွေရရှိ

**ပူတာအို နိုဝင်ဘာ ၂၂**

ကချင်ပြည်နယ် ပူတာအိုဒေသတွင် ဒေသအခေါ် ကျောက်ကြမ်းပိုး(အင်းဆက်ကောင်)များအား ဈေးကောင်းပေးဝယ်သူများရှိသဖြင့် ယခုနှစ်တွင် ကျောက်ကြမ်းပိုးရှာဖွေသူများပြားလာပြီး မိသားစုစားဝတ်နေရေးအတွက် ညအိပ်ညနေ ကျောက်ကြမ်းပိုး အရှာထွက်သူများပင်ရှိနေကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

"အရင်နှစ်က နို့ဆီဘူးတစ်ဘူးကို ကျပ် ၈၀၀၀ ကနေ ကျပ် ၁၀၀၀၀ လောက်အထိရခဲ့တယ်။ အခုနှစ် ဒေသပေါက်ဈေးက ကျပ် ၆၀၀၀ ဝန်းကျင်ပဲရတယ်။ ဒါပေမယ့် ညနေပိုင်းအားတဲ့အချိန်ခဏလေးအတွင်းမှာ ဘယ်လောက်ရရမိသားစုဝင်ငွေအတွက် လာရှာကြတယ်။ ကျွန်တော်တို့ကျေးရွာကတော့ တစ်ရွာလုံးနီးပါး ရှာကြပါတယ်"ဟု ရီဂျော်ဒီကျေးရွာမှ ကိုအေဒီယိုးက ပြောကြားသည်။

ပူတာအိုဒေသတွင် နိုဝင်ဘာမှ မတ်လအထိသာ တွေ့ရှိရသည့် ကျောက်ကြမ်းပိုးသည် အင်းဆက်နွယ်ဝင် အမျိုးအစားတစ်မျိုးဖြစ်ပြီး အကောင်ကြီးဆိုလျှင် နို့ဆီဘူး တစ်ဘူးကျပ် ၃၀၀၀၊ တစ်ပိဿာ ကျပ် ၅၀၀၀၀ အထိရှိပြီး အကောင်သေးအမျိုးအစားတစ်ဘူးကို ကျပ် ၆၀၀၀မှ ၆၅၀၀၊ တစ်ပိဿာဈေးနှုန်း ငွေကျပ် ၉၀၀၀၀ အထိ ဈေးရရှိကြောင်း သိရသည်။

ကျောက်ကြမ်းပိုးရှာဖွေသူများအနေဖြင့် သွားရောင်းရန်မလိုအပ်ဘဲ ဝယ်ယူချင်သူများက အိမ်တိုင်ရာရောက်လိုက်ဝယ်နေသောကြောင့် မိသားစုဝင်ငွေ အဆင်ပြေနေပြီး ညနေပိုင်းအချိန်ခဏအတွင်း၌ တစ်နေ့လုပ်စာဝင်ငွေထက် များစွာရရှိသောကြောင့် ကျောက်ကြမ်းပိုးရှာဖွေသူများက မူလာချောင်း တစ်လျှောက် အထူးများပြားလျက်ရှိကြောင်း ကျောက်ကြမ်းပိုးရှာဖွေသူ မအားချီက ပြောကြားသည်။

"ကျောက်ကြမ်းပိုးကို တရုတ်က ဒိုင်ခံဝယ်နေလို့ ဒီမှာတော့ ထပ်ဆင့်ဝယ်ယူ စုဆောင်းသူတွေများတယ်။ နို့ဆီဘူးတစ်ဘူးကို ကျပ် ၆၅၀၀ နဲ့တွက်ရင် တချို့မိသားစုလိုက်ရှာဖွေသူတွေက အချိန်ခဏအတွင်းမှာ နှစ်ဘူး သုံးဘူးလောက်ရတယ်လေ။ တစ်ညနေမှာ တစ်သောင်းခွဲ၊ နှစ်သောင်းလောက်ရတာပေါ့။ ဒါကြောင့် တချို့ဆိုသူတို့ရဲ့လယ်ယာအလုပ်တွေကိုခဏပစ်ထားပြီးရှာကြတယ်။ အခုအချိန်မှာတစ်နေ့ကောက်ရိတ်တဲ့ လုပ်အားခက ကျပ် ၄၀၀၀ ပဲရတာဆိုတော့ ရာသီပေါ် ကျောက်ကြမ်းပိုးရှာဖွေတာက မိသားစုစားဝတ်နေရေးအတွက် အခွင့်အရေးတစ်ခုလိုဖြစ်နေတာပေါ့" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကျောက်ကြမ်းပိုးအကောင်များကို တရုတ်က ဝယ်ယူနေပြီး ဆေးဖော်စပ်ရာတွင် အသုံးပြုကြောင်းနှင့် ပူတာအိုဒေသတွင် ကျောက်ကြမ်းပိုးကို လွန်ခဲ့သည့် ငါးနှစ်ခန့်က နို့ဆီတစ်ဘူးလျှင် ကျပ် ၂၀၀ ခန့်သာ ရရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် တစ်ဘူးလျှင် ကျပ် ၅၀၀၀ အထက်ရရှိကာ ယခုနှစ်တွင်မူ တစ်ဘူးလျှင် ကျပ် ၆၅၀၀ အထိရောင်းရပြီး မြစ်ချောင်းကမ်းစပ်များတွင် ကျောက်ကြမ်းပိုးရှာဖွေသူ များပြားလာခြင်းဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

အဆိုပါကျောက်ကြမ်းပိုး အင်းဆက်ကောင်များသည် လူသူအရောက်အပေါက်နည်းသော ချောင်းများ၊ ချောင်းစပ် ကျောက်ကြိုကျောက်ကြားများတွင် တွေ့ရပြီး နံနက်ပိုင်းတွင် ကျောက်ခဲများအောက် ရှာဖွေရကာ ညနေပိုင်း အစာရှာထွက်ချိန်တွင် ဝါး၊ ခြင်ထောင်၊ ဆန်ခါခြင်း၊ ရိုက်တံရှည်များဖြင့် ဖမ်းလေ့ရှိကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**

## ပြည်ပနိုင်ငံများသို့တင်ပို့နေသည့် ပုစွန်ခြောက်များ ပြည်တွင်းဈေးကွက်၌ ရောင်းချ

**ရန်ကုန် နိုဝင်ဘာ ၂၂**

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခင် ပြည်ပနိုင်ငံများသို့ တင်ပို့နေသည့် ပုစွန်ခြောက်အကောင်များအား တင်ပို့နိုင်ခြင်း မရှိတော့ဘဲ လက်ရှိ ပြည်တွင်းဈေးကွက်၌ ဈေးချရောင်းချနေရကြောင်း လှိုင်မြို့နယ် သီရိမင်္ဂလာဈေးရှိ ပုစွန်ခြောက်အရောင်းဆိုင်များမှ သိရသည်။

"ပြည်ပတင်ပို့တဲ့ ပုစွန်ခြောက်အကောင်တွေက ပြည်တွင်းမှာတောင်ပေါက်ဈေး အရမ်းကျဆင်းနေပါတယ်။ ပုစွန်ခြောက်အကောင်က ရောင်းလိုအားများပေမယ့် အဝယ်မလိုက်ဘူးဖြစ်နေတယ်။ နောက်တစ်ခုက ကိုဗစ်ကာလဆိုတော့ အရင်လို တင်ပို့လို့မရတော့ဘူးလေ၊ အဲဒီတော့ ကုန်သည်တော်တော်များများကလည်း ပုစွန်ခြောက်တွေကို အအေးခန်းထဲမှာ သိုလှောင်ထားကြရတာဆိုတော့ သူတို့ကိုယ်တိုင်ကလည်း ဈေးကိုင်လို့ မရတော့ဘူးဖြစ်နေတယ်။ ရတဲ့ဈေးနဲ့ ထုတ်ရောင်းနေကြတာပေါ့။ ပုစွန်ခြောက်အကောင်ကြီးတွေက အရင်တုန်းကဆိုရင် ပြည်တွင်းမှာ တစ်ပိဿာကို ငွေကျပ် တစ်သိန်းဈေးပေါက်တာမှာ ခုဆိုရင် တစ်ပိဿာကို ငွေကျပ် ခြောက်သောင်းဝန်းကျင်လောက်နဲ့ပဲ ဈေးနှုန်းရှိပါတော့တယ်"ဟု သီရိမင်္ဂလာဈေး၌ ပုစွန်ခြောက်အရောင်းအဝယ်ပြုလုပ်နေသည့် ဦးခင်ထွန်းက ရှင်းပြသည်။

ယခင်က ပုစွန်ခြောက်အကောင်ကြီးများအား အရှေ့တောင်အာရှနိုင်ငံများနှင့် အာရှနိုင်ငံများအသီးသီးသို့ တင်ပို့ရောင်းချလျက်ရှိရာ ကိုဗစ်ကာလဖြစ်ပွားချိန်မှစ၍ ယနေ့အထိ တင်ပို့ရောင်းချနိုင်ခြင်းမရှိတော့ကြောင်း၊ ရခိုင်ပြည်နယ် ပေလဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တို့မှထွက်ရှိသော ပုစွန်ခြောက်အကောင်များမှာ လူကြိုက်များသောကြောင့် ဈေးကွက်ဝင်ကြောင်းလည်း သိရသည်။

ပုစွန်ခြောက်အကောင်တွင် ပင်လယ်ပုစွန်ခြောက်နှင့် ချောင်းတွင်းပုစွန်ခြောက်ဟူ၍ နှစ်မျိုးနှစ်စားရှိပြီး ပင်လယ်ပုစွန်ခြောက်တွင် အငန်ဓာတ်ပါဝင်ကာ ချောင်းတွင်း ပုစွန်ခြောက်မှာမူ ချိုသောအရသာရှိသည်။

**ပွင့်သစ္စာ**

## မန္တလေးတိုင်းဒေသကြီး၌ ယခုနှစ်တွင် လူကုန်ကူးမှု ၁၀ မှုသာရှိပြီး ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုံးပုံနှစ်ပုံခန့်လျော့ကျ

**မန္တလေး နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၂၀ ပြည့်နှစ်တွင် လူကုန်ကူးခံရမှု ၁၀ မှုသာရှိပြီး ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သုံးပုံနှစ်ပုံခန့်လျော့ကျသွားကြောင်း အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့(မန္တလေး) မှ သိရသည်။

"၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလကနေ အောက်တိုဘာလအထိ လူကုန်ကူးမှု ၁၀ မှု စုံစမ်းဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်၊ မနှစ်ကထက် သုံးပုံနှစ်ပုံလောက် လျော့နည်းကျဆင်းသွားပါတယ်" ဟု အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှူး (မန္တလေး)မှ ရဲမှူးမျိုးဇင်က ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က လူကုန်ကူးမှုပေါင်း ၂၈ မှုရှိခဲ့ပြီး ၂၄ မှုမှာ နိုင်ငံရပ်ခြားသို့ ရောင်းစားခံရသော အမှုများဖြစ်ပြီး ကျန်အမှုလေးမှုမှာ ပြည်တွင်းလူကုန်ကူးမှုများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ၂၀၁၉ ခုနှစ်တွင် လူကုန်ကူးမှု ၂၈ မှုရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ အောက်တိုဘာလကုန်အထိ စာရင်းများအရ လူကုန်ကူးခံရမှု ၁၀ မှုသာရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ ဓာတ်အားခွဲရုံအသစ်တစ်ရုံ တိုးချဲ့ဆောက်လုပ်

**ကျောက်ဆည် နိုဝင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ဟံမြင့်မိုရ်ကျေးရွာအနီး မင်းစု-ဟံမြင့်မိုရ်ကျေးရွာချင်းဆက် လမ်းဘေးတွင် (၃၃/၁၁)ကေဗွီ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ် တစ်ရုံ တိုးချဲ့ဆောက်လုပ်သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ပြီး ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် ပြည်သူများအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် ကြက်မင်းတွန်ရပ်ကွက်ရှိ (၃၃/၁၁)ကေဗွီ ဓာတ်အားခွဲရုံနှင့် ၄က္ကတောင်ရပ်ကွက်ရှိ (၃၃/၁၁)ကေဗွီ ဓာတ်အားခွဲရုံ နှစ်ရုံမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိရာ မြို့နှင့်အလှမ်းဝေးသည့် ကျေးရွာများ၌ လျှပ်စစ်မီးသုံးစွဲရာတွင် ဗို့အားပြည့်ဝစွာ မသုံးစွဲနိုင်ခြင်း၊ ဓာတ်အားပြတ်တောက်ခြင်းများ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။

မြို့နှင့်အလှမ်းကွာဝေးသည့်ကျေးရွာများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် ခရိုင်လျှပ်စစ်မန်နေဂျာရုံး၏ကြီးကြပ်မှုဖြင့် ဟံမြင့်မိုရ်ကျေးရွာအနီးတွင် (၃၃)ကေဗွီ ဓာတ်အားလိုင်း နှစ်မိုင်၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ၊ (၁၁) ကေဗွီလိုင်း တစ်မိုင် အသစ်တစ်ခု ဆောက်လုပ်ပြီး ဓာတ်အားများ စတင်ဖြန့်ဖြူးလိုက်သဖြင့် မြို့နှင့်အလှမ်းဝေးသည့်ကျေးရွာများတွင် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီဖြစ်ကာ ပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူ အိမ်ထောင်စုပေါင်း ၄၂၅၅၇ စုရှိကြောင်း ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရေး လူထုလှုပ်ရှားမှုဆောင်ရွက်



**သထုံ**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ဈေးများ၊ လူစည်ကားရာနေရာများတွင် နိုဝင်ဘာ ၂၁ ရက် နံနက်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များ လိုက်လံဝေငှပြီး အသိပညာပေးခြင်း လှုပ်ရှားမှုများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နန်းစံဝင့်ခိုင်၏ ဦးဆောင်မှုဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောညီညီထွေးနှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့သည် သထုံမြို့နယ်အတွင်းရှိ ယာယီပွဲကျဈေး၊ အေးမြခိုင်ဈေးနှင့် သုဝဏ္ဏဝတီမြို့ဈေးတို့၌ ဈေးရောင်းချနေသူများ၊ ဈေးဝယ်သူများ၊ ဈေးအနီးဝန်းကျင်သွားလာလှုပ်ရှားနေသူများအား နှာခေါင်းစည်းများ၊ မျက်နှာအကာအကွယ်များ ဝေငှပေးခြင်း၊ ဈေးသည်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ရောင်းချခြင်း ရှိ/မရှိ စစ်ဆေးခြင်းနှင့် ပြည်သူများ သိရှိလိုက်နာ ဆောင်ရွက်ရမည့်အချက်များကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့ကြသည်။

အဆိုပါ နှာခေါင်းစည်းဝတ်ဆင်ရေးလူထုလှုပ်ရှားမှုနှင့် စစ်ဆေးအသိပညာပေးခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်အထိ တာဝန်ရှိသူများပူးပေါင်းကာ နေ့စဉ် အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကိုဗစ်-၁၉ကူးစက်ရောဂါ ကာကွယ်နိုင်ရေးအတွက် မြို့မ ကညင်တန်း သား၊ ငါးဈေးတွင် ဈေးရောင်း၊ ဈေးဝယ်သူများအား ကျန်းမာရေးအသိပညာပေးမြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် နိုဝင်ဘာ ၂၁ ရက် နံနက် ၇ နာရီ နှာခေါင်းစည်းနှင့် မျက်နှာအကာအကွယ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနကေသီစံနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် မြို့မ ကညင်တန်း သား၊ ငါးဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်သူများအား နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်၊ လက်သန့်စင်ဆေးရည်နှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

အဆိုပါပူးပေါင်းအဖွဲ့သည် နှာခေါင်းစည်း ၅၀၀၀၊ မျက်နှာအကာအကွယ် အခု ၇၀၊ လက်သန့်စင်ဆေးရည်ဘူး ၁၀၀၊ ဆပ်ပြာခဲ ၆၅၀ နှင့် အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **သက်လွင်စိုး(ပြန်/ဆက်)**

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျော့နည်းစေရေးနှင့် ပပျောက်စေရေးအတွက် ပြည်သူလူထုက ရောဂါကာကွယ်ရေးနည်းလမ်းများကို ပိုမိုအလေးပေးဂရုစိုက်လာစေပြီး အလေ့အကျင့်မှ အလေ့အထသို့ ရောက်ရှိစေရန် ရည်ရွယ်၍ လူစည်ကားရာနေရာများတွင် နှာခေါင်းစည်းဝတ်ဆင်ရေး လူထုလှုပ်ရှားမှုကို နိုဝင်ဘာ ၂၁ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြိုင်ကြီးငူအထူးဒေသ တိုက်နယ်ဆေးရုံဆရာဝန် ဒေါက်တာသန်းထိုက်အောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တာဝန်ရှိသူများက လူစည်ကားရာနေရာများတွင် နှာခေါင်းစည်းများနှင့် မျက်နှာအကာအကွယ်များ အခမဲ့ဖြန့်ဝေခြင်း၊ ရေမလိုလက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်း၊ လူစုလူဝေးရှောင်ကြဉ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကျောက်ကြီး**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ နှာခေါင်းစည်း စနစ်တကျဝတ်ဆင်သွားလာခြင်းမရှိသူများအား အသိပညာပေးခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက် ၇ နာရီက ကျောက်ကြီးမြို့နယ် ဈေးလမ်းဆုံ၊ ကျောက်ကြီး-ရန်ကုန် ကားလမ်းဆိပ်ကြီးကျေးရွာ တာဆုံနှင့် မြို့အတွင်း ဗိုလ်ချုပ်ကြေးရုပ်တု အဝိုင်းနှင့် စည်ပင်ဈေးတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ဆောင်ရွက်မှုအား မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၏ စီစဉ်ညွှန်ကြားမှုဖြင့် ကော်မတီအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့များ ပူးပေါင်းပါဝင်ပြီး နှာခေါင်းစည်း ၂၀၀၀ ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြသည်။

**ကိုသားကြီး( ကျောက်ကြီး)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် မော်ကွန်း

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## ရွှေခေတ် ဂန္ထဝင်မင်းသား မင်းသမီးများ(၂)

စာရေးသူ မောင်နေကြည် စီစဉ်ရေးသားသည့် ရွှေခေတ် ဂန္ထဝင်မင်းသား မင်းသမီးများ(၂) စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည့် မြန်မာ့ရုပ်ရှင်၏ နှစ် ၁၀၀ ခရီးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်၊ ခေတ်အဆက်ဆက် ထင်ရှားခဲ့သည့် မြန်မာ့ရုပ်ရှင်ပညာရှင်များ၏ အနုပညာနှင့် အတတ်ပညာစွမ်းပကားကို ရုပ်ရှင်လောကသားများ အားကျအတုယူ၍ မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ရန်၊ ရုပ်ရှင်လောကသားများ၏ ညီညွတ်မှုစွမ်းအား၊ အနုပညာဖန်တီးမှုစွမ်းအားများဖြင့် နိုင်ငံနှင့် ပြည်သူအကျိုးကို တိုးမြှင့်ဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေးသားထားသည်။

စာအုပ်ကို ပန်းဆွေမွန်စာပေ၊ အမှတ်(၂၆)၊ အောင်သပြေအရှေ့(၁)လမ်း၊ (၇) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၀၀၁၉၈၅၈ မှ တန်ဖိုးငွေကျပ် ၇၀၀၀ ဖြင့် ဖြန့်ချိသည်။




## မြန်မာ့အသံမှာ ၁၅ နှစ်တာ

စာရေးသူ ကိုရွှေအောင် စီစဉ်ရေးသားသည့် မြန်မာ့အသံမှာ ၁၅ နှစ်တာစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူ ၁၉၉၁ မှ ၂၀၀၅ ခုနှစ်အထိ အလုပ်လုပ်ခဲ့သည့် မြန်မာ့အသံ၏ အသံလွှင့်လုပ်ငန်းများကိုထည့်သွင်းဖော်ပြထားသည်။ မြန်မာ့အသံ အသံလွှင့်ဝန်ထမ်းဘဝဖြင့် မြန်မာပြည် တစ်နံတစ်လျား ခရီးသွားခဲ့သည်များကို ခရီးသွားဆောင်းပါးများအဖြစ် ရေးသားထားသည်။ ထို့အပြင် မြန်မာ့အသံနှင့် ဒီမိုကရက်တစ်မြန်မာ့အသံ အသံလွှင့်ဌာနနှစ်ခု၏ မတူကွဲပြားမှုများကိုလည်း ရေးသားထားသည်။

စာအုပ်ကို Myanmar Harp Publishing House အမှတ်(၁၈၀)၊ မြေညီထပ်၊ ၃၅-လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၄၂၀၇၃၀၆၁၁ နှင့် ၀၉ ၇၇၇၀၀၁၀၁၇ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။




## မြေစာပြုန်းမှ မိုင်းတွေဆုံးမှာလား

စာရေးသူ ကိုကြီးဆွေ(ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ-ငြိမ်း) စီစဉ်ရေးသားသည့် မြေစာပြုန်းမှ မိုင်းတွေဆုံးမှာလားစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် မိုင်းဆိုသောအရာ၊ မြန်မာနိုင်ငံနှင့် မြေမြှုပ်မိုင်းများ၊ မြန်မာနိုင်ငံအတွင်း 'မိုင်း'ဖြစ်ပေါ်မှုအခြေအနေ၊ မပြီးဆုံးသေးသော မြေမြှုပ်မိုင်းအန္တရာယ်များ၊ 'မိုင်း' ဖြစ်စဉ်များ၊ မိုင်းဖြစ်စဉ်ဖြင့် သူရဘွဲ့ရခဲ့သူ၊ မိုင်းဆိုတာ ဒီလိုလုပ်ရတာ၊ မိုင်းပေါက်တာလောက်တော့ ရယ်တာပေ့ါ၊ စွန့်လွှတ်မိုင်းကြောင့်၊ အမိန့်ကိုမလိုက်နာခဲ့သော်လည်း၊ မြေမြှုပ်မိုင်းတွေကြောင့် ကျိုးပျက်သွားသောဘဝများ၊ မိုင်းတွေအဆုံးသတ်ကြပါစို့ စသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို မြရတနာစာပေ၊ အမှတ်(၂၃/၂၄)၊ မေတ္တာလမ်းသွယ်(၁)၊ (၁၄/၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၅၇၈၆၇၀ နှင့် ၀၁ ၃၇၉၇၇၃ တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။




## စိတ်ကူးဉာဏ်ကွန့်မြူးစေရန် နည်းလမ်းကောင်းများ

စာရေးသူ ခိုင်မင်းဆက် စီစဉ်ရေးသားသည့် စိတ်ကူးဉာဏ်ကွန့်မြူးစေရန် နည်းလမ်းကောင်းများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စိတ်ကူးဉာဏ်ဆိုတာဘာလဲ၊ ပျော်ပျော်နေပါ၊ အိုင်ဒီယာကောင်ကြီးဖြစ်ပါစေ၊ သင့်စိတ်အတွက် ရည်မှန်းချက်များချမှတ်ထားပါ၊ ကလေးတစ်ယောက်နဲ့တူအောင်နေ၊ ဖြည့်ဆည်းမှုတွေပြုလုပ်ပါ၊ သတ္တိမွေးပါ၊ သင့်အတွေးကို နောက်တစ်ကြိမ်ပြန်တွေးပါ၊ ဘယ်လိုပေါင်းစပ်ရမလဲဆိုတာ လေ့လာသင်ယူပါ၊ ပြဿနာကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အချက်အလက်များစုဆောင်းခြင်း၊ စိတ်ကူးဉာဏ်ကိုရှာဖွေခြင်း၊ မေ့ဖျောက်ပစ်ခြင်း၊ စိတ်ကူးဉာဏ်ကို အကောင်အထည်ဖော်ခြင်း စသည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်ကို ထီလာဝန်ဇင်းစာအုပ်တိုက် အမှတ်(၂၄၈/က)၊ ပထမထပ်၊ မင်းရဲကျော်စွာ (၂)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၉၇၀၆၆၆၇၆၅ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

# ဖယ်ခုံနှင့် လားရှိုးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၅ နာရီတွင် ဖယ်ခုံမြို့နယ် လွယ်ပေါ်-နားဟီးကျေးရွာသွားကားလမ်း နားဟီးကျေးရွာ လွယ်မိန်းခူတောင် (ဒေသအခေါ်) အနီးတွင် ကော်ပုံးထမ်းလာသည့် အမျိုးသားတစ်ဦးအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် ကော်ပုံးအားပစ်ချ၍ ပြေးခင်းအတွင်း ထွက်ပြေးလွတ်မြောက်သွားသဖြင့် ကော်ပုံးအား စစ်ဆေးရာ ဘိန်းစိမ်း ၁၄ ကီလိုကို လည်းကောင်း။



အိုက်ရီ၊ မအေးညွန့် တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူ တွေ့ရစဉ်။

အလားတူ ထိုနေ့ နံနက် ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားလမ်း အေတီတံတားအနီးတွင် အိုက်ရီမောင်းနှင်ပြီး မအေးညွန့် လိုက်ပါလာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆၂ စီး၊ သွင်းကုန် ၁၈၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု(ခန့်မှန်းတန်ဖိုးငွေကျပ် သုညဒသမ ၃၂၅ သန်း)တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Lipo (150 ml x 50 Bottles) (25 Pkgs)အား သိမ်းဆည်းရမိကြောင်း သိရသည်။

သတင်းစဉ်




# သီပေါမြို့၌ နှာခေါင်းစည်း၊ ဆိုင်ကယ်စီးဦးထုပ်နှင့် လက်ကမ်းစာစောင်များဝေငှပြီး ယာဉ်အန္တရာယ်အသိပညာပေး ပြုလုပ်



**သီပေါ နိုဝင်ဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မိုင်းပွန်လမ်းနှင့် ဗိုလ်ချုပ်လမ်းမကြီးထောင့်နှင့် စာတိုက်ထောင့်တို့တွင် အမှတ်(၁၂၄) ကျောက်မဲခရိုင် ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဝေလင်းနိုင်နှင့် ကျောက်မဲ-သီပေါ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ သီပေါမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မျိုးကျော်နှင့် တပ်ဖွဲ့ဝင်များပူးပေါင်း၍ လမ်းသွားလမ်းလာများ၊ ယာဉ်မောင်း/ယာဉ်နောက်လိုက်များ၊ ဆိုင်ကယ်စီးနင်းသူများအား ကိုဗစ်-၁၉ ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်း အခု ၅၀၀ ကို ယနေ့နံနက်က ဝေငှပေးကြသည်။

ထို့အတူ ဆိုင်ကယ်စီးဦးထုပ်မပါလာသူများအား အလှူရှင်များလှူဒါန်းထားသော ဆိုင်ကယ်စီးဦးထုပ် အလုံး ၈၀ ဝေငှပေးပြီး ဆိုင်ကယ်စီးနင်းလျှင် လိုက်နာရန်စည်းကမ်းများကို ဒုတိယရဲမှူးဝေလင်းနိုင်က အသိပညာပေးပြောကြားကာ ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင် ၃၀၀ ကို ဝေငှပေးခဲ့ကြောင်း သိရသည်။

သီပေါကိုလတ်



အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ယာယီရဲမှူးချုပ် ဝင်းမင်းသိန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၂၀ ရက်က အမှတ်(၆) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၃၇ ဦး၊ မိသားစုဝင် ၁၅ ဦးတို့က အမျိုးသားသွေးဌာန(ရန်ကုန်)၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

# ပုသိမ်မြို့၌ လွှစာမှုန့်မီးဖို မီးမွှေးရာမှ အိမ်တစ်လုံး မီးလောင်

**ပုသိမ် နိုဝင်ဘာ ၂၂**

ပုသိမ်မြို့ အမှတ်(၅) ပပဝတီရပ်ကွက် (၈)လမ်းတွင် နေထိုင်သော မုန့်စိမ်းပေါင်းဖောက်သည်ပေး လုပ်ငန်းလုပ်ကိုင်သူ ဦးတင်သန်း၏ နေအိမ်၌ ယနေ့နံနက် ၃ နာရီခွဲခန့်က မုန့်စိမ်းပေါင်းလုပ်ရန် လွှစာမှုန့်မီးဖိုများ မီးမွှေးရာမှ နေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့သည်။



မီးလောင်မှုသတင်းအရ မီးသတ်ဦးစီးဌာနမှ သနွေမီးသတ် ၄၅ ဦး၊ အရန်မီးသတ် ၃၀၊ ရေသယ်ယာဉ် တစ်စီး၊ အထောက်အကူပြုယာဉ် နှစ်စီး၊ လမင်းတစ်ရာ ဘက်စုံလူမှုကူညီရေးမှ မီးသတ်ယာဉ်တစ်စီးနှင့် အဖွဲ့ဝင် ၂၀ တို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲတွင် မီးထိန်းနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဦးတင်သန်းအား ပုသိမ်မြို့ အမှတ်(၂) နယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

ပုသိမ်လှကြည်

❖



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့မရဲစခန်းမှ ရဲအုပ်လှဝေ ဦးစီးပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်တွင် ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက် ဝမ်းတွင်းဈေး၌ ဈေးရောင်း/ဈေးဝယ် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ နှာခေါင်းစည်းများ ဝေငှခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြစဉ်။

ရဲပြန်ကြား

# လူထုမောင်နှံ၏ အလှူ (လူထုဒေါ်အမာ ၁၀၅နှစ်ပြည့် ဂါရဝ)

## ဆူးငှက်

ဇေယျာတု သာသနာတော် (၂၅၄၃) ခု၊ ကောဇာသက္ကရာဇ် (၁၃၆၁)ခု၊ ဂိမှ(နွေ)ဥတု လဆန်းပက္ခ ဇေဋ္ဌမာသ စန္ဒြမာသ နယုန်လဆန်း ၈ရက်၊ စနေနေ့၊ ညနေ စက်နာရီ ၃နာရီ ၅၈ မိနစ်အချိန်၌ မန္တလေးမြို့ ရတနာဘုမ္မိရပ်၊ မြတောင်ကျောင်းတိုက်၊ မဏိဥက္ကဋ္ဌ အဘယရုံသီ ခဏ္ဍသိမ်တော်ကြီးတွင်၊ မန္တလေးမြို့၊ လက်ဆည်ကန်ရပ်၊ ရဟန်းဒါယကာ လူထုဦးလှ၊ ရဟန်းဒါယိကာမ လူထုဒေါ်အမာတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော မန္တလေးမြို့၊ ရွှေဝါဝင်းကျောင်း၊ မဏိရတနာရာမ မြတောင်ကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍၊ မန္တလေးမြို့၊ မြတောင်ကျောင်းတိုက်၊ ဇမ္ဗူအေးစာချကျောင်းဆရာတော်ကို အနုသာသက ဆရာတော်ပြုပြီး

(၁) တောင်ထီးလင်းတိုက် ဘဒ္ဒန္တဇောတိကာဘိဝံသ ဆရာတော်၊

(၂) မစိုးရိမ်တိုက်သစ် ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ ဆရာတော်၊

(၃) မြင်းဝန်မင်းကြီးတိုက် ဘဒ္ဒန္တသုတာလင်္ကာရ ဆရာတော်

ဤအရှင်သုံးပါးကို ပဋ္ဌမကမ္မဝါဆရာပြုပြီးခါလျှင် ဩဝါဒါစရိယဆရာ မန္တလေးမြို့၊ မြတောင်ကျောင်းတိုက် ရွှေဝါဝင်းကျောင်း ဘဒ္ဒန္တသာသနာဘိဝံသ ဆရာတော်အရှင်သူမြတ်တို့နှင့်တကွ (၁၃)ပါးသော ကာရက သံဃာတော်အရှင်သူမြတ်တို့သည် ကာယသာမဂ္ဂီ နှစ်လီပေးခါ ညီညာဖေးမချီးမြှောက်ကြသဖြင့် သာမဏေ ရှင်ကောသလ္လသည် ဣဓပါတိမောက္ခသံဝရသံဝုတော ဥဘတောဝိဘင်းအလာ မာတိကာ ဥဒ္ဒေသအားဖြင့် (၂၂၇)ပါးသော၊ မဟာဝါ စူဠဝါ၊ ပရိဝါ ပါဠိတော် အရပ်ရပ် ဆုံးဖြတ်ပိုင်းခြား၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင့်တစ်ရာ့ ရှစ်ဆယ့်ငါးသန်း သုံးသောင်းခြောက်ထောင် များမြောင်လှစွာသော အာစာရ ဂေါစရနှင့်တကွ လောကစမ္မသမုဋ္ဌာန်၌ ထုတ်ပြန်တော်မူအပ်သော သိက္ခာပုဒ်တော်အပေါင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်သော ဒုလ္လဘအစစ် ဖြစ်နိုင်ခဲ့စွာ့ သာသနာ့ဝန်ထမ်း ရဟန်းကောင်း၊ ရဟန်းမြတ်အဖြစ်သို့ ကောင်းမွန်စွာ တက်လှမ်းအောင်မြင်ပါစေသတည်း။

### ခံစားမှုက ဝမ်းသာဝမ်းနည်း

ရဟန်းသစ် မင်္ဂလာ ရက်ချုပ်စာတမ်းကို အဆုံးထိ ဖတ်လိုက်သော်လည်း နောက်ပိုင်းစာလုံးတွေ သဲကွဲစွာ မမြင်မိတော့…။ ရင်ထဲ လှိုက်ခနဲ ဝင်ရောက်လာသော ခံစားမှုက ဝမ်းသာဝမ်းနည်းမို့ အင်အားပြင်းလှ၏။ "သိက္ခာပုဒ်အပေါင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်သော ဒုလ္လဘအစစ် ဖြစ်ခဲနိုင်စွ သာသနာ့ဝန်ထမ်း" ဖြစ်လေသောကြောင့် ခံစားရှိုက်လွယ် လူဝတ်ကြောင်ကဲ့သို့ ဣန္ဒြေဆည်မရ … မျက်ရည် ပိုးပိုးပေါက်ပေါက်ကျသလိုလည်း မဖြစ် …။ သို့သော် မတတ်နိုင် …။ ဘယ်လိုမှ ထိန်းမရသည့် မျက်ရည်တို့ တာကျိုးလေပြီ …။ ဦးပဉ္စင်း အသစ်မို့ ဖို့ရိုးဖားလျား ရုံတင်ထားသော ညာဖက်ပခုံးပေါ်မှ ကေသီနှင့် ခေါင်းငုံ့၍ မျက်ရည်သုတ်မိ၏။

အသက် ၄၀ ကျော်တွင် ကြုံတောင့်ကြုံခဲ ဝတ်ရသော ဒုလ္လဘရဟန်းဘဝတွင် ကျေးဇူးရှင် မိခင်အိုကြီးက အသက် ၉၀ အရွယ်မို့ မန္တလေးမြို့စွန် လယ်ကွင်းအိမ်ကလေးထဲမှာ သူ့မြေးနှစ်ယောက်နှင့် နေခဲ့ပေါ့…။ မနက်လင်းကတည်းက အလှူဝေယျာဝစ္စနှင့် ခင်ပွန်းသည် ဒုလ္လဘရဟန်းအတွက် လိုက်ပါလာသော ဇနီးသည်က မြတောင်ကျောင်းတိုက် ရာပြည့်ဗိမာန်တော်ကြီး ခြေရင်းသမံတလင်းတွင် ဒူးတုပ် လက်အုပ်ချီရင်း ငေးငိုင်နေသည်။

### ပဉ္စင်းအသစ်

ပဉ္စင်းအသစ်တို့သည် မြတောင်ရာပြည့်ဗိမာန်တော်ကြီးနှင့် သိမ်အကြား သစ်ပင်ရိပ်တွင် အသားမကျသေးသော သင်္ကန်းတို့ကို သေသပ်ပိရိဖို့ ကြိုးစားနေကြ၏။

"ပရိမဏ္ဍလံ = အဝန်းညီစွာ။

နိ-ဝါသေဿာမိ = သင်းပိုင်ကို ဝတ်အံ့။

ပါရုပိဿမိ = ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့။ ဣတိ = ဤသို့

သိက္ခာ = သင်ခြင်း၊ ကျင့်ခြင်း၊ အားထုတ်ခြင်းကို။

ကရဏီယာ = ပြုကျင့်အပ်၏" ဟူသော စာသားကို သတိတရအနေနှင့် ဦးစွာပထမ ကိုယ်ဝတ်ကိုယ်ရုံသင်္ကန်းတွေကို ပြင်ဆင်နေကြခြင်း ဖြစ်သည်။

### သမိုင်းဝင် မြတောင်ကျောင်းတိုက်ကြီးမှာ

ရဟန်းဒါယကာမကြီးက သားနှင့်မခြား ဦးပဉ္စင်းရဟန်းသစ်များကိုကြည့်ကာ ပီတိဖြာဝေနေသည်။ ထို့အတူ ဟောဒီသမိုင်းဝင် မြတောင်ကျောင်းတိုက်ကြီးမှာ အမှတ်တရ မည်စည်ပင်နှင့် အမှတ်တရ ကမ္ပည်းမော်ကွန်း ကျောက်စာရေးထိုး စိုက်ထူ ဂုဏ်ပြုအပ်သော ရဟန်းဒါယကာကြီးကလည်း တမလွန်မှသည် ပြုံးပန်းဖြာဝေနေမှာလည်း သေချာသည်။

ရဟန်းဒါယကာကြီးနှင့် ရဟန်းဒါယိကာမကြီး၏ ရင်နှစ်သည်းချာ သားအရင်း ဆရာညီပုလေးကလည်း အခုတော့ ဦးပဉ္စင်း ဦးဆေကိန္ဒ …တဲ့။

ဦးဆေကိန္ဒနှင့် ညီအစ်ကိုရင်းတမျှဖြစ်ရသော နာမည်ရ စီးပွားရေး မဂ္ဂဇင်းဆောင်းပါးရှင်ဆရာကျော်ရင်မြင့်က … ဦးဝိလာသ။

ဦးဆေကိန္ဒ၏ အစ်ကိုနှင့် ရဲဘော်ရဲဘက် ဦးတည်ချက်တူခဲ့သူ …၊ လူထုစာအုပ်တိုက်၏ စာပြင်စာတည်း ဆရာညီစေမင်းက ဦးကောသလ။

ရဟန်းဒါယိကာ၊ ရဟန်းဒါယိကာမတို့ အညာသူ အညာသားများ ပင်လယ်သွားကြသည့် စာပေခရီးစဉ် အစ … တူသား နောင်မယ်၊ ဆွေရင်းမျိုးရင်းမခြား … ကျွန်းစုဘိတ်သား ဆရာအောင်မှူး က … ဦးဉာဏိက …။

ဦးဆေကိန္ဒက ညီငယ်တစ်ယောက်လို ခင်မင် …၊ အနုပညာရောင်းရင်းတစ်ယောက်လို လေးစားသော ရန်ကုန်ရောက် မန္တလေးသား ပန်းချီဒီဇိုင်းဆရာစိုးဝင်းငြိမ်းက … ဦးစိန္တိတ …။

ကျွန်တော် ဆူးငှက်ကတော့ … ဦးကောသလ္လ …။



လူထုမောင်နှံ (ပန်းချီ ဦးဘရင်ကလေး)

ဦးပဉ္စင်း ၆ ပါးသာမက ရဟန်းဒါယကာ၊ ရဟန်းဒါယိကာမတို့၏ နှလုံးသည်းပွတ် မြေးနှစ်ယောက်ကလည်း သာမဏေ ၂ ပါးအဖြစ် အဘိုး၊ အဘွားကို ကျေးဇူးဆပ်ကြပြန်၏။ "ဒုလ္လဘ အစစ်ဖြစ်နိုင်ခဲ့စွာ့" … တဲ့ …။ သာသနာ့ဝန်ထမ်း ရဟန်းကောင်း၊ ရဟန်းမြတ်အဖြစ် ကျင့်ကြံရခြင်းက ဒုလ္လဘအစစ် ဖြစ်နိုင်ခဲ့စွာ့ … တဲ့။

### ဒုလ္လဘရဟန်းတစ်ပါးအဖြစ် ခံယူခွင့်ရခြင်း

မိရိုးဖလာ လက်လုပ်လက်စား သာမန်မိဘနှစ်ပါးမှ မွေးဖွားပြီး ကျောင်းပညာမှာလည်း သာမန်မျှဖြစ်သော ကျွန်တော့်အဖို့မှာကား ကမ္ဘာကျော်နိုင်ငံကျော် စာရေးဆရာ သတင်းစာဆရာကြီး၊ ဆရာမကြီးများဖြစ်ကြသော လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ အလှူမှာ စာရေးဆရာ၊ အယ်ဒီတာ၊ အနုပညာရှင်များနှင့်အတူ ဒုလ္လဘရဟန်းတစ်ပါးအဖြစ် ခံယူခွင့်ရခြင်းကား ကြီးစွာသော "ဒုလ္လဘ" ပင် ဖြစ်ပါ၏။

သည်အချက်ကို တွေးမိတော့ ရင်တွင်း လှိုက်လာသည်။ စောစောမိနစ်ပိုင်းကတွင်ပဲ ဥပဇ္ဈာယ် ဆရာတော်ကြီးများ ရှေ့မှောက်တွင် "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" ဟု သုံးကြိမ်သုံးခါ တောင်းဆို၍ ဆရာတော်ကြီးများက "ပါသာဒိကေန သမ္ပာဒေထ" ဟု ဆုပေးအပ်၍ ရှင်ရဟန်း သိက္ခာဝတ်နှင့်အညီ နေထိုင်ပါမည်ဟု ဝန်ခံခဲ့ပြီးပါမှ ပုထုဇဉ်မို့ ဝမ်းသာ ဝမ်းနည်း မျက်ရည်တွေ ကျချေပြီ …။

### ဝမ်းသာပီတိမျက်ရည်

ဣဓပါတိမောက္ခသံဝရသံဝုတော ဥဘတောဝိဘင်း အလာ မာတိကာ ဥဒ္ဒေသအားဖြင့် (၂၂၇)ပါးသော၊ မဟာဝါ စူဠဝါ၊ ပရိဝါ ပါဠိတော် အရပ်ရပ် ဆုံးဖြတ်ပိုင်းခြား၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင့်တစ်ရာ့ ရှစ်ဆယ့်ငါးသန်း သုံးသောင်းခြောက်ထောင် များမြောင်လှစွာသော အာစာရ ဂေါစရနှင့်တကွ လောကစမ္မသမုဋ္ဌာန်၌ ထုတ်ပြန်တော်မူအပ်သော သိက္ခာပုဒ်တော်အပေါင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်သော ဒုလ္လဘအစစ် ဖြစ်နိုင်ခဲ့စွာ့ သာသနာ့ဝန်ထမ်း ရဟန်းကောင်း၊ ရဟန်းမြတ်အဖြစ်သို့ ကောင်းမွန်စွာ တက်လှမ်းအောင်မြင်နိုင်ရန် ကျွန်တော်တို့ကို ဒုလ္လဘရဟန်းခံ ကုသိုလ်ယူ လှူဒါန်းပေးသည့် သာသနာ့ဒါယကာကြီး လူထုဦးလှနှင့် သာသနာ့ဒါယိကာမကြီး လူထုဒေါ်အမာကိုယ်စား ဒေါ်ဒေါ်လူထုဒေါ်အမာကို ကျွန်တော်တို့ သင်္ကန်းမစည်းမီ လူဝတ်ကြောင်ဘဝနှင့် ကန်တော့ကြတော့ ဝမ်းသာပီတိမျက်ရည် ဖြိုင်ဖြိုင်ကျမိသည်။ စာပေကျေးဇူးရှင် စာပေ့မိခင်ကြီးမို့လည်း ၃ ကြိမ်မက အကြိမ်ကြိမ် ဦးချနေမိပါ၏။ မျက်ရည်ကြားက မြင်ရသော ဒေါ်ဒေါ့်မျက်နှာမှာလည်း လွမ်းဆွတ်မှုနှင့် လောကဓံအရိပ်အရောင်တွေ ပျောက်ကာ ပီတိပြုံးချည်း လွှမ်းနေတာ သတိထားမိပါသည်။

ပီတိလွှမ်းသည့် ဒေါ်ဒေါ့်မျက်နှာ..၊ ၁၃၆၁ခုနှစ်၊ နယုန်လဆန်း၈ရက်၊ ၁၉၉၉ခုနှစ် မေလ ၂၂ ရက်။ မြတောင်သာသနာ နှစ်၁၀၀ဗိမာန်တော်ကြီးအတွင်း……။

### ထိန်းသိမ်းချုပ်တည်းရခက်ခဲသော စိတ်၏အဟုန်

ပခုံးပေါ်က လွှမ်းရုံထားသော ကေသီနှင့် ခေါင်းငုံ့ကာ မသိမသာ သုတ်သင်အပ်သော်လည်း မျက်ရည်တို့ တားဆီးမနိုင်…။ ရှိနေရာမှ မသိမသာ နေရာရွှေ့၍ မျက်ရည်တို့ တန့်စေဖို့ ခေါင်းကိုမော့၏။ ကောင်းကင်မော့ကြည့်မိ၏။ နယုန်လဆန်း၏ တိမ်စ တိမ်နတို့ ကောင်းကင်ပြာဝယ် ကြဲရဲရဲ ဖြစ်နေသည်။ ထိန်းသိမ်းချုပ်တည်းရခက်ခဲသော စိတ်၏အဟုန်ဖြင့် တိမ်စတိမ်နတို့ လွင့်မျောသွားသည် …။ တရိပ်ရိပ် …။

ဤသို့ဖြင့် မြစ်ရေတွေ တသွင်သွင် စီးဆင်း၊ ရာသီတွေ အလီလီပြောင်း….။ ဩော်.. ၂၁နှစ်ပင် ကျော်ခဲ့ပြီပေါ့။ ။

---

## စစ်တွေမြို့နယ်၌ အရှည်ပေ ၁၅၀ရှိ သံကူကွန်ကရစ် တံတား တစ်စင်း တည်ဆောက်မည်

**စစ်တွေ နိုဝင်ဘာ ၂၂**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စစ်တွေမြို့နယ် အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး(ပြည်ထောင်စု) ခွင့်ပြုရန်ပုံငွေကျပ် ၃၂၁ ဒသမ ၅၀၀ သန်းဖြင့် ကံ့ကော်ကျွန်း-ဇော်မတက် - ချောင်းနွယ် (ရွှေမင်းဂံ)လမ်းဆုံအထိ (၃/၁)မိုင် လမ်းပေါ်တွင် အရှည်ပေ ၁၅၀ရှိ သံကူကွန်ကရစ် တံတားတစ်စင်း တည်ဆောက်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ မြေလမ်း(၃/၁)မိုင်၊ အရှည်ပေ ၅၀ရှိ သံကူကွန်ကရစ်တံတားတစ်စင်း၊ အရှည်ပေ ၂၀ ရှိ သံကူကွန်ကရစ်တံတားတစ်စင်း၊ (၁၀ x ၂၆) ပေရှိ Box Culvert တစ်စင်း၊ (၆ x ၂၆) ပေ Box Culvert ရှစ်စင်းနှင့် ကျောက်စီ မြေထိန်းနံရံ ပေ ၁၃၂၀ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ် ၄၀၂ ဒသမ ၅၅၈ သန်းဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အရှည်ပေ ၁၅၀ရှိ သံကူကွန်ကရစ်တံတားအား လုပ်ငန်းစတင်ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဦးနှင့် တာဝန်ရှိသူများက ဆောင်ရွက်မည့်နေရာကို ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

အဆိုပါ အရှည်ပေ ၁၅၀ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ကျေးရွာနေပြည်သူများ စစ်တွေမြို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ကျေးရွာငါးရွာရှိ အိမ်ခြေ ၉၆၄အိမ်တွင်နေထိုင်သည့် လူဦးရေ ၃၇၀၀ ကျော်တို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးလေး(ပြန်/ဆက်)**

# အမာမြို့ ခါးပြတ်ကျေးရွာ၌ နေအိမ်ခြောက်လုံးမီးလောင်ဆုံးရှုံးမှုအား ထောက်ပံ့ငွေနှင့်ပစ္စည်း ၁၇ မျိုး ထောက်ပံ့ပေးအပ်

**ဖျာပုံ နိုဝင်ဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့ ခါးပြတ်ကျေးရွာတွင် မီးလောင်မှုကြောင့် နေအိမ်ခြောက်လုံးဆုံးရှုံးမှုအား ဖျာပုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေနှင့်ပစ္စည်း ၁၇ မျိုး ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ရွှေထီးကျေးရွာ အထကခွဲတွင် ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အဆိုပါ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေက အားပေးစကား ပြောကြားပြီး ဖျာပုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမော်နိုင်ထွန်းက မီးဘေးသင့်အိမ်ထောင်စုများသို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေါ်ညိမ်းကျေးရွာအုပ်စု ခါးပြတ်ကျေးရွာတွင် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက မီးဘေးသင့်ခဲ့ကြသော အိမ်ထောင်စုခြောက်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးပါပုံး တစ်လုံး၊ အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းစီနှင့် မီးဘေးသင့်အိမ်ထောင်စု ခြောက်စုရှိ လူဦးရေ ၃၀ အတွက် ဆန်ရိက္ခာ၊ တစ်ဦးလျှင် တစ်ရက်စာငွေကျပ် ၃၀၀၀ နှုန်း၊ ခုနစ်ရက်စာငွေကျပ် ၂၁၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၃၀၀၀၀ နှင့် မီးဘေးကြိုတင်ကာကွယ်ရင်း လူနေအိမ်အမိုးပျက်စီးနေအိမ် နှစ်လုံးအတွက် ထောက်ပံ့ငွေတစ်အိမ်ထောင်စုလျှင် ငါးသောင်းကျပ်နှုန်းဖြင့် အိမ်ထောင်စု နှစ်စုအတွက် တစ်သိန်းကျပ်စုစုပေါင်း ထောက်ပံ့ငွေကျပ် ၇၆၃၀၀၀၀ အား အမျိုးအားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေနှင့် တာဝန်ရှိသူများက ခါးပြတ်ကျေးရွာ မီးဘေးသင့်ပြည်သူများ၏လက်ဝယ်အရောက်ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။



အောင်ဝင်းနိုင်(ပြန်/ဆက်)

# မြန်မာအားကစားအဖွဲ့ ယှဉ်ပြိုင်မည့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပရန် စီစဉ်

**ရန်ကုန် နိုဝင်ဘာ ၂၂**
ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စခန်းဝင်လေ့ကျင့်နိုင်ခြင်းမရှိသေးပေ။

ယင်းပြိုင်ပွဲကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ဟန်နွိုင်းမြို့နှင့် အနီးတစ်ဝိုက်မြို့များတွင် ကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ရေကူး၊ မြားပစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်၊ ကာယဗလ၊ လက်ဝှေ့၊ ကနူး/ကယက်၊ စစ်တုရင်၊ စက်ဘီး၊ Dancesport ၊ ဒိုင်ဗင်၊ ဓားရေး၊ ဘောလုံး၊ ဂေါက်၊ ကျွမ်းဘား၊ Handball၊ ကရာတေး၊ ကစ်ဘောက်ဆင်၊ Kurash၊ ဂျူဒို၊ မွေထိုင်း၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ အပြည်ပြည်ဆိုင်ရာ လှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ နပန်း၊ ဝူရှူး၊ esport၊ ဂျူဂျစ်ဆု၊ ဘိုးလင်းနှင့် သုံးမျိုးစုံ (Triathlon) အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ ဗီယက်နမ်အိုလံပစ်ကော်မတီသည် ဇူလိုင်လတွင် အားကစားနည်း ၃၆ မျိုးစာရင်းအား စတင်ထုတ်ပြန်ခဲ့ပြီး အောက်တိုဘာလတွင် အားကစားနည်းလေးမျိုးဖြစ်သည့် esport၊ ဂျူဂျစ်ဆု၊ ဘိုးလင်းနှင့် သုံးမျိုးစုံပြိုင်ပွဲတို့ ထပ်တိုးခဲ့ခြင်းဖြစ်သည်။

ဆီးဂိမ်းအဖွဲ့ချုပ် ကောင်စီအစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အွန်လိုင်းမှတစ်ဆင့်ပြုလုပ်ခဲ့ပြီး ထည့်သွင်းကျင်းပမည့် အားကစားနည်းများကို အတည်ပြုခဲ့ကာ ပြိုင်ပွဲဝင်နိုင်ငံများ တောင်းဆိုထားသည့် အားကစားနည်းအချို့နှင့်ပတ်သက်၍ ဆီးဂိမ်းအဖွဲ့ချုပ်နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီတို့ တွေ့ဆုံရာတွင် ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲတွင် ရိုးရာလှေ၊ ခြင်းလုံးနှင့် ဟော်ကီ အားကစားနည်းများ ထပ်တိုးပေးရန် တောင်းဆိုခဲ့သော်လည်း ဗီယက်နမ်နိုင်ငံက အားသာခြင်းမရှိသောကြောင့် ထည့်သွင်းကျင်းပခြင်းမရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၉ ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေလေးခု၊ ငွေ ၁၈ ခု၊ ကြေး ၅၁ ခု ဆွတ်ခူးရရှိခဲ့သည်။

ရှိုင်းထက်ဇော်

# ဖယ်ခုံမြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု)ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၂**
နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အလယ်ကယန်းကျေးရွာအုပ်စု ကဖုကျေးရွာမှ ရီလုံရီကန်ကျေးရွာအုပ်စု ဖာလိုင်ကျေးရွာသို့ ဆက်သွယ်သည့် ကဖု-ဖာလိုင် မြေသားလမ်း နှစ်မိုင် ကျောက်ခင်းခြင်းနှင့် အလယ်ကယန်းကျေးရွာအုပ်စု ဘီစီကုန်-ခေါင်းကိန် ငါးမိုင် မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ၎င်းလမ်းပေါ်တွင် ငါးပေ Box Culvert ခြောက်စင်းတည်ဆောက်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေမှု အခြေအနေများကို ဖယ်ခုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း ဖယ်ခုံမြို့နယ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု)ရန်ပုံငွေကျပ် ၁၀၅၇ ဒသမ ၆၁ သန်းဖြင့် မြေသားလမ်း ငါးမိုင် ဖောက်လုပ်ခြင်း၊ ခြောက်မိုင် ကျောက်ခင်းခြင်း၊ ၃၅ ပေ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်းနှင့် ငါးပေ Box Culvert ခြောက်စင်း တည်ဆောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးရွာ ၃၁ ရွာမှ အိမ်ထောင်စု ၂၄၂၃ စုနှင့် လူဦးရေ ၁၃၁၈၇ ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ကာ လမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်လာခြင်းဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ငွေကြယ်

# ကုန်ထုတ်လမ်းဆောင်ရွက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဒိုက်ဦး နိုဝင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့သည် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးအဖွဲ့တို့နှင့် ပူးပေါင်းကာ စက်မှုလယ်ယာဦးစီးဌာနမှ အင်းသဇင်ကျေးရွာအုပ်စုတွင် ဧက ၁၀၀ အတွက် ကုန်ထုတ်လမ်းဆောင်ရွက်မည့်နေရာသို့ နိုဝင်ဘာ ၁၁ ရက်က ကွင်းဆင်းပြီး လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)



# စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်ခုနစ်မြို့နယ်၌ တစ်အိမ်သုံးနှင့် အများပြည်သူသုံး ဆိုလာစနစ် တပ်ဆင်ပေးမည်

**မုံရွာ နိုဝင်ဘာ ၂၂**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ကျေးရွာပေါင်း ၁၀၀ ကို တစ်အိမ်သုံးနှင့် အများပြည်သူသုံးဆိုလာစနစ် တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ခုနစ်မြို့နယ်ဖြစ်သည့် မင်းကင်း၊ တမူး၊ ဗန်းမောက်၊ ဖောင်းပြင်၊ ပုလဲ၊ လဟယ်နှင့် နန်းယွန်းစသည့် မြို့နယ်များအတွက် ဝပ် ၆၀ တစ်အိမ်သုံး ဆိုလာစနစ် ၈၅၉၄ ခု၊ ဝပ် ၁၀၀ တစ်အိမ်သုံးဆိုလာစနစ် ၄၃၅ ခုဖြင့် လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သောဆိုလာစနစ်များမှ ပညာရေးအဆောက်အအုံ၊ ကျန်းမာရေးအဆောက်အအုံ၊ ဘာသာရေးကျောင်းများနှင့် လမ်းမီးတိုင်များ စုစုပေါင်း ၈၃၅ ခု တပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မြို့နယ်ခုနစ်မြို့နယ်မှ အိမ်ခြေ ၁၀၂၄၄ အိမ်၊ လူဦးရေ ၆၂၆၇၀ အတွက် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မွေးကြူဇင်(သတင်းစဉ်)

## မတ္တရာ အထကမြတ်ဆရာပူဇော်မည်

မတ္တရာ၊ အထကကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ (၂၃)ကြိမ်မြောက်၊ အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပသကဲ့သို့အခမ်းအနားကျင်းပခြင်း မပြုလုပ်တော့ဘဲ၊ ကန်တော့ငွေများကို ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး(၁၉၀)ဦး၏ လက်ဝယ်အရောက်ပို့ပြီး ပူဇော်ကန်တော့သွားပါမည်။

ကန်တော့ငွေများကို (၂၁-၁၂-၂၀၂၀)ရက်မှစ၍ ပို့ပေးနိုင်ရန်အတွက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၏ လိပ်စာ၊ ဖုန်းနံပါတ်၊ ဘဏ်အကောင့်(ရှိလျှင်)တို့ကို (၁၄-၁၂-၂၀၂၀)ရက် အရောက် အောက်ပါတပည့်များထံ၊ ဆက်သွယ်ပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်-

တပည့်ကျောင်းသူ၊ ကျောင်းသားဟောင်းများအနေဖြင့် ပူဇော်ကန်တော့ငွေများ၊ ရာသက်ပန်၊ အလှူငွေများကို နှစ်စဉ်ကဲ့သို့ ကျင်းပရေးကော်မတီထံသို့ လှူဒါန်းပေးကြပါရန် နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| (၁) ဦးကျော်ဇော | ၀၉-၇၉၇၈၉၉၆၁၀ | (၂) ဦးမြစိန် | ၀၉-၇၉၆၉၁၄၉၀၅ |
| (၃) ဦးကျော်ငွေ | ၀၉-၇၉၇၉၇၇၉၁၀ | (၄) ဒေါ်ရီ | ၀၉-၄၂၁၂၈၇၆၁၄ |
| (၅) ဦးမင်းနောင်ဦး | ၀၉-၇၆၆၇၆၆၁၂၂ | (၆) ဦးတင်လှ | ၀၉-၇၇၃၆၀၈၈၈၅ |
| (၇) ဒေါ်စန်းစန်းကြီး | ၀၉-၂၅၆၄၉၀၃၄၅ | (၈) ဦးသီဟန်ဝင်း | ၀၉-၇၉၆၆၇၉၆၆၃ |

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

အားလုံးကျန်းမာရေး ဒေါ်ကြွယ်သွေးဆေး

ဒေါ်ကြွယ် အာယုဩဇ သွေးဆေး
အမှတ်တံဆိပ်

မောပန်းမူးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ ခေါင်းချွေးထွက်၊ ချိုင်းချွေးနံ၊ မီးယပ်ဖြူဆင်းခြင်းနှင့် သွေးဆုံးရောဂါများကို သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)

ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄၊ ၀၉-၈၅၉၈၄၅၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက် နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း၊ တင်ဒါအမှတ်စဉ်(ITCSD-၂၇/၂၀၂၁)

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| Lot.1 | Security Information and Event Management System(SIEM) ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey) |
| Lot.2 | Cyber Range System ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey) |
| Lot.3 | Penetration Testing System ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း (Turnkey) |
| Lot.4 | Intrusion Detection System(IDS)/ Intrusion Prevention System(IPS) ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း(Turnkey) |
| Lot.5 | Next Generation Firewall ဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်း (Turnkey) |
| Lot.6 | ၇၅ ပေ x ၈၀ ပေ RC (၄)ထပ် ရုံးအဆောက်အဦ(၁)လုံး၊ 11/0.4 KV, 315 KVA Transformer ဓာတ်အားခွဲရုံ (၁)ရုံ၊ 11 KV ဓာတ်အားလိုင်း၊ 400 V ဓာတ်အားလိုင်းနှင့် ဓာတ်လှေခါးတည်ဆောက်ခြင်းလုပ်ငန်း (Turnkey) |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၄-၁၁-၂၀၂၀(အင်္ဂါနေ့)
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၁၄-၁၂-၂၀၂၀(တနင်္လာနေ့)
၄။ တင်ဒါပုံစံတစ်စုံကျသင့်ငွေ(ကျပ်) - Lot တစ်ခုလျှင် ငွေကျပ် ၁၀,၀၀၀/-
၅။ တင်ဒါပုံစံရောင်းချမည့်နေရာ - ထောက်ပံ့ဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၆။ တင်ဒါတင်သွင်းရမည့်နေရာ - သင်တန်းကျောင်း၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၇။ တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန် - ၂၈-၁၂-၂၀၂၀(တနင်္လာနေ့) (၁၃:၀၀)နာရီ

၈။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၇၅၃ နှင့် အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ S-12 အိတ်ချိန်းရုံး၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၂၂၆၃၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ(ဆက်သွယ်ရေး)**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်(ရုံးခွဲ)၊ ရန်ကုန်မြို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (၆)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပိတ်သိမ်းမည့်နေ့ရက်မှာ (၂၁-၁၂-၂၀၂၀)ရက်၊ မွန်းတည့်(၁၂:၀၀)နာရီဖြစ်ပြီး တင်ဒါပုံစံများအား (၁-၁၂-၂၀၂၀)ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အားထပ်မံ အကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၁)စောင်လျှင် ငွေကျပ်(၁၀,၀၀၀/-)နှုန်းဖြင့် ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
### တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဒီဂရီကောလိပ်အတွက် Computer Numerical Control(CNC Machine)(၁)စုံ ဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပါပစ္စည်းအား ရောင်းချ/ဆောင်ရွက်လိုသော ဆိုင်/ကုမ္ပဏီများအနေဖြင့် တင်ဒါပုံစံပါ အချက်အလက်များအား ပြည့်စုံစွာဖြည့်စွက်ပြီး တင်ဒါခေါ်ယူရေးအဖွဲ့ထံသို့ သတ်မှတ်ရက်အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက်-၂၃-၁၁-၂၀၂၀ ရက်
တင်ဒါပုံစံအရောင်းပိတ်မည့်ရက် -၂၃-၁၂-၂၀၂၀ရက်၊ ညနေ ၄:၃၀နာရီ
တင်ဒါပုံစံရောင်းချမည့်နေရာ -ရုံးအမှတ်(၄၂)၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်(၀၆၇-၄၀၉၄၉၃)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန Website (www.moba.gov.com)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

“နာတာရှည် ကျောက်ကပ်ရောဂါ ဝေဒနာရှင်များ မဖြစ်မနေဖတ်ရှုသင့်သည့် စာအုပ်”

ကျောက်ကပ်ဆေးပင်
(ဒုတိယအကြိမ်)
ဒေါက်တာခင်မောင်လွင် (FAME)




နာတာရှည် ကျောက်ကပ်ရောဂါကို ကုသရာတွင် အစွမ်းထက်မြက်သည့် သဘာဝဆေးဖက်ဝင်အပင်အား သိပ္ပံနည်းကျစမ်းသပ်ချက်များကို အခြေခံ၍ သုတေသနပြုရေးသားဖော်ပြထားသည်။

ကျန်းမာသုတစာအုပ်များ အားလုံးကို ရန်ကုန်မြို့တွင်း **အိမ်အရောက်** ပို့ပေးနေပါပြီ။
09-75 272 1908, 09 75 273 1908, 09-95 426 1908, 09 95 427 1908

ကျောက်ကပ်ရောင်ခြင်း
ကျောက်ကပ်အားနည်းခြင်း
တို့အတွက်




ကျောက်ကပ်ဆေး FAME

ရန်ကုန်မြို့တွင်း **အိမ်အရောက်** ပို့ပေးနေပါပြီ။
09-75 272 1908, 09 75 273 1908
09-95 426 1908, 09 95 427 1908

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 012139 (0522)

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဒေသ(၂)ရောဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းထိန်းလုပ်ငန်း၊ ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်လုပ်ငန်းတစ်ရပ်လုံးတင်ဒါများခေါ်ယူမည် ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း -Online စနစ်(Mail Address) (Bank acc)
တင်ဒါပုံစံစိစစ်ရွေးချယ်ရာနေရာ -ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂) ရောဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့
တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်-၂၄-၁၁-၂၀၂၀ရက်မှစ၍ (ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာပိတ်မည့်ရက်၊ အချိန် -၂၃-၁၂-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)
တင်ဒါလျှောက်လွှာနှင့်နည်းပညာအဆိုပြုလွှာ (Technical Proposal) တင်ရမည့်ရက် -၂၃-၁၂-၂၀၂၀ရက် (ရုံးချိန်အတွင်း)
လုပ်ငန်းတစ်ရပ်လုံးတင်ဒါ (Price Proposal)ဖွင့်လှစ်မည့်ရက်/အချိန်/နေရာ -၃၀-၁၂-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀:၀၀)နာရီ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရောဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့။

၃။ အိတ်ဖွင့်တင်ဒါပုံစံ တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂) ရောဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့(ဖုန်း-၀၄၂-၂၉၁၅၄)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

Golden Land ReaL Estate အိမ်ခြံမြေအကျိုးဆောင် မှ
ရန်ကုန်မြို့ လူစည်ကားရာ Main လမ်းမပေါ်တွင် (၁)စတိုးဆိုင်ဖွင့်ရန်၊ (၂)ကားShow room နှင့်ရုံးခန်းအဖြစ် အသုံးပြုရန် မြေညီ အခန်းကျယ်အား ငှားလိုသူ များရှိပါသဖြင့် ပိုင်ရှင်များဆက်သွယ်အပ်နှံပေးပါရန်ဖိတ်ခေါ်အပ်ပါသည်။
09-443008848,09-964008848

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ဝေဇယန္တာလမ်းမကြီး၊ အမှတ်(၂၈၀-C)၊ ဝေဇယန္တာ Apartment၊ တိုက်ခန်းအမှတ်(G-၁၀၂)၊ မြေညီထပ်(ခေါင်းရင်းခန်း)၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နော်မဲခလေး[၁၂/သဃက(နိုင်)၀၂၃၉၂၇]ထံမှ ကျွန်ုပ်၏အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေးဘဏ်၏တာဝန်ရှိသူ ဒေါ်လှလှဝင်း[၁၂/မဂတ(နိုင်)၀၃၈၉၆၁]က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းပပသောင်း(L.L.B)(D.B.L)**
**တရားလွှတ်တော်ရှေ့နေအမှတ်(စဉ်-၁၀၄၀၆)**
**ဖုန်း-၀၉-၇၉၉၅၅၃၄၆**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထိုက်ဇော်
## အသက်(၅၁)နှစ်

၂၀၂၀ပြည့်နှစ်၊ ရွေးကောက်ပွဲတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ဦးထိုက်ဇော် အသက်(၅၁)နှစ်သည် ၂၁-၁၁-၂၀၂၀ရက် ညနေ ၆:၅၀နာရီခန့်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ**

## ယူပွေတုန်း(ခ)ဦးသိန်းဇံ(သုံးခွ)
## အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ 10(A)၊ အောင်သိဒ္ဓိရိပ်သာလမ်းနေ ဦးအောင်တင်-ဒေါ်မြသန်း(A-1 သကြား၊ ဘုရင့်နောင်)၊ ဦးအောင်မြ-ဒေါ်ခင်ခင်အေး(ရွှေဟင်္သာသကြား၊ ဘုရင့်နောင်)၊ ဒေါ်စန်းစန်းဝင်း-ဦးဝင်းမြင့်(WIN အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၊ ဘုရင့်နောင်)၊ ဒေါ်ခင်မာအေး-ဦးမျိုးအောင်(မင်းသိန်းထွန်းကုန်မာဆိုင်၊ Eရှ)၊ ဦးတင်ဝင်းနိုင်-ဒေါ်စုစုမာ(A-1 General Trading)တို့၏ ချစ်လှစွာသောဖခင်၊ မြေး (၁၃)ယောက်၊ မြစ် ငါးယောက်တို့၏အဘိုးသည် ၂၀-၁၁-၂၀၂၀ (သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ၂၆-၁၁-၂၀၂၀(ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ဇာလင်းကြိုင်
### အသက် (၃၉) နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ(၈) လမ်းအနောက် အမှတ်(၂၄၉)နေ ဦးခင်ကြိုင်(အလယ်တန်းပြဆရာ-ငြိမ်း) အလက-၂(သာကေတ)-ဒေါ်မြထွေးတို့၏ သမီး၊ ဦးသန်းလွင်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ MRTV)-(ဒေါ်အေးအေးသိန်း) အလက-၇(လှိုင်)တို့၏ ချွေးမ၊ ဦးဇော်လင်းကြိုင် (Second Engineer၊ Pacific International Line)- ဒေါ်ယုယုပိုင်တို့၏ ညီမ၊ ဗိုလ်မှူးကျော်လင်းကြိုင်-ဒေါ်ခင်ရတနာလတ်၊ ဦးထက်အောင်ဖြိုး(UTL Studio)၊ ဦးကောင်းမြတ်စံ(MRTV-4)-ဒေါ်စုစန္ဒာနှင်း(MRTV-4) တို့၏ အစ်မ၊ မောင်မင်းခန့်ကျော်(Grade-8၊ အထက-၅၊ နေပြည်တော်)၊ မသွန်းနဒီအောင်(Grade-3၊ အထက-၅၊ နေပြည်တော်)၊ မချောအိန္ဒြေခိုင်(Grade-1၊ အထက-၅၊ နေပြည်တော်)တို့၏ မိခင်၊ နေပြည်တော်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက်(၂၂၀၇)၊ အခန်း (၀၃)နေ ဦးမင်းလွင်သိန်း(အင်ဂျင်နီယာမှူးကြီး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)၏ ချစ်လှစွာသော ဇနီး ဒေါ်ခိုင်ဇာလင်းကြိုင်သည် ၂၂-၁၁-၂၀၂၀ ရက်တွင် ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၂၀ ရက်၊ မွန်းလွဲ ၁:၃၀ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁၁-၂၀၂၀ရက်(စနေနေ့) နံနက် ၇ နာရီ မှ ၁၀ နာရီအထိ နေပြည်တော်၊ ဗလသိဒ္ဓိရပ်ကွက်၊ တိုက်(၂၂၀၇)၊ အခန်း(၀၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အနိစ္စ**

## သင့်သွေးဖြင့် အသက်ကယ်ပါ




သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

## တပ်ကြပ်ကြီး ကြာဦး (အငြိမ်းစား)
### ကိုယ်ပိုင်အမှတ်-၂၂၅၆၈၉
### အသက် (၈၄) နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဇင်းကျေးရွာအုပ်စု၊ ဟွေခါးရွာနေ ဒေါ်ဂျင်း၏ခင်ပွန်း၊ ဦးယောဘ-ဒေါ်နာဟား၊ ဦးလှဖေ-ဒေါ်နာစော၊ ဗိုလ်မှူးလုကာ(ငြိမ်း)-ဒေါ်နန်းဝိုးဟွမ်၊ ဒေါ်ခင်လှ-ဦးပေါလု၊ (ဦးစတေဖန်)၊ ဒေါ်မြင့်မြင့်ခိုင်-ဦးအာလွန်တို့၏ချစ်လှစွာသောကျေးဇူးရှင် မွေးသဖခင် တပ်ကြပ်ကြီး ကြာဦး(ငြိမ်း)သည် ၂၀-၁၁-၂၀၂၀ (သောကြာနေ့) ည ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၁၁-၂၀၂၀ (တနင်္ဂနွေနေ့)တွင် ဟွေခါးသုသာန်၌ နှစ်ခြင်းခရစ်ယာန် ဘာသာထုံးစံအတိုင်း မြေမြှုပ်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စံပါယ်မြင့်
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တိုက်သစ်၊ တိုက်နံပါတ်(၅)၊ အခန်း(၁၉) နေ (ဦးဝင်းမြင့်- ဒေါ်ခင်ဌေး)၊ ဒေါ်မြမြတို့၏သမီး၊ (ဦးထွန်းဝင်း)-ဒေါ်မြမြသန်းတို့၏ သမီးချွေးမ၊ ဦးကျော်ကျော်မြင့်- ဒေါ်ခင်မေအောင်(NRDC)၊ ဦးမောင်မောင်မြင့်-ဒေါ်ဝင်းမြင့်ခိုင်၊ ဦးဝင်းဦးမြင့်-ဒေါ်ခင်သိန်းဝေတို့၏ ညီမ၊ ဦးဝင်းနိုင်မြင့်-ဒေါ်ဖြူဖြူတို့၏ အစ်မ၊ ဦးမြသန်းထွန်း၏ဇနီး ဒေါ်စံပါယ်မြင့်[အထက(၁)လမ်းမတော်]သည် ၂၁-၁၁-၂၀၂၀ (စနေနေ့) ည ၉:၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီး(သွေးဌာန)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၀ နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်ခင်မာဆန်း
### အသက် (၃၅) နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်(၂)၊ အခန်း(၄၀၉)၊ ငါးလွှာ၊ ရွှေဝါမြိုင်အိမ်ရာ၊ (၉) ရပ်ကွက်နေ ဦးအန်ဆန်း (ခ) U An Cang (ရဲတပ်ကြပ်ကြီး-ငြိမ်း)-(ဒေါ်စန်းမြင့်)တို့၏စတုတ္ထမြောက်သမီး၊ (ဒုရဲအုပ်ဆန်းမြင့်နိုင်)-ဒေါ်ပါရီကူး၊ ဒေါ်အေးခိုင်-ဦးမြတ်လင်း (USA)၊ ဒေါ်ဝေဝေခိုင်-ဦးထွန်းမင်းဗိုလ်(စွမ်းအင်ဝန်ကြီးဌာန၊ MOGE)တို့၏ညီမ၊ ဦးအောင်ဆန်းထွန်း-ဒေါ်ဇာလီဝင်းလွင် (USA)တို့၏အစ်မ၊ ဦးအောင်ကိုဦး၏ချစ်လှစွာသောဇနီး၊ မောင်ခန့်ဝေလျံဦး၏ချစ်လှစွာသောမိခင် ဒေါ်ခင်မာဆန်းသည် ၂၂-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၁၀ နာရီတွင် အနောက်ပိုင်းအထွေထွေအထူးကုဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၁၁-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ ရန်ကုန်

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ရင်ကြည်
### အသက်(၉၇)နှစ်

ဗိုလ်မှူးအောင်ဇော်ထိုက်(ငြိမ်း)-ဒေါ်နီနီအောင်တို့၏ မိခင်ကြီး ဒေါ်ရင်ကြည်သည် ၁၂-၁၁-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၃)မှ**
**အရာရှိများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကူးပါမာ်(ခ)ဒေါ်ချစ်
### အသက်(၉၃)နှစ်

ဦးမောင်စိန်(အလုပ်အမှုဆောင်-မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း)-ဒေါ်ကာမလာတို့၏ မိခင်ဖြစ်သူ ဒေါ်ကူးပါမာ်(ခ)ဒေါ်ချစ်သည် ၂၁-၁၁-၂၀၂၀ရက် (စနေနေ့) ည ၆:၁၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## တပ်ကြပ်ကြီး ကြာဦး (အငြိမ်းစား)
### ကိုယ်ပိုင်အမှတ်-၂၂၅၆၈၉
### အသက် (၈၄) နှစ်

သူငယ်ချင်း ဗိုလ်မှူးလုကာ(ငြိမ်း)၏ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင် တပ်ကြပ်ကြီးကြာဦး(ငြိမ်း)သည် ၂၀-၁၁-၂၀၂၀ (သောကြာနေ့) ည ၇:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ (၉) သူငယ်ချင်းများနှင့် မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကျော်ကျော်ဒွေး
### B.E (Mech:) (1982 Batch)
### အသက် (၆၅) နှစ်

ရန်ကုန်မြို့၊ ရေကျော်ရပ်ကွက်နေ ဦးကျော်ကျော်ဒွေး အသက် (၆၅) နှစ်သည် ၂၁-၁၁-၂၀၂၀ ရက် ညနေ ၅:၂၀ နာရီတွင် လှည်းကူးမြို့ (ဖောင်ကြီး)၌ (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုများနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်စက်မှုတက္ကသိုလ် (RIT) (1982 Batch)**
**အတန်းဖော် Mechanical ကျောင်းသား/သူများ**

## သွေးသည် အသက်

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးကြီးငွေ(ကြည်စတိုး)
### အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်မင်းလမ်း၊ အမှတ်(၅၄)နေ (ဦးအောင်ဖေ- ဒေါ်အေး)တို့၏သား၊ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဒေါ်ကြည်ကြည်ငွေ၊ ဒေါ်ကြည်ကြည်ရွှေ၊ ဦးထွန်းငွေ-ဒေါ်အုန်းမြင့်၊ ဦးညွန့်ငွေ-ဒေါ်ခင်သီသီတို့၏မွေးသဖခင်၊ ဒေါ်ညွန့်မေ၏ အစ်ကိုကြီး၊ မောင်အောင်ဆန်းညွန့်ဝေ၊ မရွှန်းပပသူ၊ မအိနန္ဒာခိုင်၊ မအိသန္တာခိုင်တို့၏ ဘိုးဘိုးကြီးသည် ၂၁-၁၁-၂၀၂၀(စနေနေ့) မွန်းလွဲ ၂:၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၂၀(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၂၀(သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယကာကြီး
## ဦးထွန်းမင်း(အငြိမ်းစားစစ်မှုထမ်း)
### အသက်(၈၅)နှစ်

နေပြည်တော်စာသင်တိုက်နေ အရှင်ဥူးဥတ္တမ၏ရဟန်းဒါယကာကြီး၊ ပဲခူးမြို့နေ (ဦးဘားမားသိန်း - ဒေါ်ငွေလှိုင်)တို့၏သား၊ (ဦးအုန်းမောင်-ဒေါ်ကျင်လှိုင်)တို့၏ သားသမက်၊ (ဦးခင်မောင်)-ဒေါ်အေးလှိုင်၊ (ဦးအေးကို)-ဒေါ်စန်းမြင့်၊ (ဦးမြင့်သန်း)-ဒေါ်သန်းသန်း၊ ဦးဝင်းရီ-(ဒေါ်တင်အုံး)၊ ဦးခင်ညို၊ ဦးမောင်မောင် -ဒေါ်မြမြမူ၊ ဦးသိန်းထွန်း-ဒေါ်ခင်မြင့်နွယ်၊ ဦးခင်စိုး-(ဒေါ်လှလှဝင်း)၊ ဦးမြင့်ဆွေ-ဒေါ်သင်းသင်းကြည်တို့၏ အစ်ကို၊ ပဲခူးမြို့၊ သွန်းဘုရားလမ်း၊ အိမ်အမှတ်(၃၇)နေ ဒေါ်ဌေးမြင့်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ခင်ဆွေဝင်း (အထက-၄)၊ ဒေါ်စိမ်းစိမ်းဝင်း(အထက-၂)၊ ဒေါ်တင်မာဝင်း (Admin Manager)(Gold Palm Royal Trading Co.,Ltd)၊ ဒေါ်ခင်သန္တာဝင်း (ပုလဲနှင့် ဓာတ်မြေသြဇာ)၊ မောင်ထက်ရန်နိုင်ဝင်းတို့၏ မွေးသဖခင်သည် ၂၂-၁၁-၂၀၂၀(တနင်္ဂနွေနေ့) နံနက်(၆:၀၀)နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၁-၂၀၂၀(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမြင့်အောင်
### အသက်(၇၁)နှစ်
### မကွေးတက္ကသိုလ်၊ ဓာတုဗေဒ (၆၈) ကျောင်းသား/ဟောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မေတ္တာ(၆)လမ်း၊ အမှတ် (၂၉၁/၂၉၃) ၄/ခ နေ ဒေါ်အေးမြင့်ဌေး၏ခင်ပွန်း၊ ဒေါ်အေးအေးအောင်၊ ဒေါ်နွေးနွေးအောင်၊ ဦးငြိမ်းချမ်းအောင်တို့၏ဖခင်၊ မြေး(၇)ယောက်တို့၏အဘိုးသည် ၁၇-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၂၀ရက် (သောကြာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၁-၂၀၂၀ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းသွတ်ပြီးပါကြောင်း အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမင်းအောင်(ခ)ဦးမြင့်လွင်
## အသက်(၆၇)နှစ်
## B.Sc(Geology)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက် A-1၊ အခန်း (3)နေ ဒေါ်ဝေဝေတင်၏ခင်ပွန်း၊ မဝေရည်မင်းအောင်၊ ကိုအာကာ-မရည်မွန်မင်းအောင်တို့၏ဖခင်၊ မခင်မြတ်နိုး၊ မခင်မြန်မာသွေး၊ သားသားလေးတို့၏အဘိုးသည် ၂၁-၁၁-၂၀၂၀ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူး ထွန်းအေး (ငြိမ်း)
### DSA (၂၅)
### ဒုတိယညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန
### အသက် (၅၉) နှစ်

မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်နေ (ဦးမောင်စိန်-ဒေါ်စိန်တင်)တို့၏သား၊ (ဦးခင်မောင်ဦး-ဒေါ်လှလှ)တို့၏သားသမက်၊ ဒေါ်သန်းစိန်၏မောင်၊ ဒေါ်သန်းရှိန်၊ ဒေါ်မြင့်မြင့်ရှိန်၊ ဒေါ်သန်းသန်းဝေ၊ ဦးလေးမောင်-ဒေါ်လှဲ့လှဲ့သန်းတို့၏အစ်ကို၊ ဒေါ်သိင်္ဂီဦး(အထက-၂၊ ဒဂုံ)၏ခင်ပွန်း၊ မောင်သက်မြတ်ထွန်း၏ဖခင် ဗိုလ်မှူးထွန်းအေး(ငြိမ်း)သည် ၂၁-၁၁-၂၀၂၀ (စနေနေ့) ည ၁၀:၃၀ နာရီတွင်(၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၁-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၁-၂၀၂၀ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စံပါယ်မြင့်
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးထွန်းဝင်း) (တိုင်းပညာရေးမှူး-ငြိမ်း)-ဒေါ်မြမြသန်းတို့၏သမီးချွေးမ၊ ဒေါက်တာမြမြထွန်း [ပါမောက္ခ ဌာနမှူး၊ သတ္တဗေဒဌာန (ငြိမ်း)/ILBC]၏ညီမ၊ ဦးမြသန်းဝင်း-ဒေါ်ခိုင်ခိုင်မြင့် (မူပြ-မင်္ဂလာဒုံ)တို့၏ အစ်မ၊ ဦးမြသန်းထွန်း၏ ချစ်လှစွာသောဇနီး ဒေါ်စံပါယ်မြင့် (အထက-၁၊ လမ်းမတော်)(စိန်ဂျွန်း)သည် ၂၁-၁၁-၂၀၂၀ ရက် (စနေနေ့) ည ၉:၀၅နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# နိုဝင်ဘာ ၂၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၃၉၈ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၁-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီမှ (၂၂-၁၁-၂၀၂၀) ရက်နေ့ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၈၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၃၉၈) ဦး တွေ့ရှိ**ရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၂၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၄၂၆) ခု | (၃၄၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၆၆၅) ခု | (၉၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၃၆) ခု | (၉၈) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၁၆၇) ခု | (၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၄၈) ခု | (၁) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၀) ခု | (၃၈) ဦး |
| ရန်ကုန်မြို့ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၆) ခု | (၂) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၇) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၇) ခု | (၃၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၃) ခု | (၂၉၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၉၀၆) ခု | (၄၇၇) ဦး |
| စုစုပေါင်း | (၁၄,၈၈၁) ခု | (၁,၃၉၈) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✪

# လေးမျက်နှာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာ လေးဦး ဆေးရုံမှဆင်းခွင့်ပြု

## ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူအားလုံး ဆေးရုံဆင်းခွင့်ရရှိပြီးဖြစ်

**လေးမျက်နှာ နိုဝင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာလေးဦးသည် ကျန်းမာရေးကောင်းမွန်သက်သာ၍ ယနေ့တွင် ဆေးရုံမှဆင်းခွင့်ပြုလိုက်ပြီဖြစ်သည်။ လေးမျက်နှာမြို့နယ်တွင် ပိုးတွေ့လူနာ ၃၅ ဦးစလုံး ဆေးရုံမှ ဆင်းခွင့်ရရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံဆင်းလူနာများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ စုစုလှိုင်က ဆေးရုံဆင်းလက်မှတ်ပေးအပ်ကာ နေအိမ်တွင်နေထိုင်ရေး စည်းကမ်းချက်များ ရှင်းလင်းပြောကြားခဲ့ကြောင်း၊ လေးမျက်နှာမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာမရှိကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**



# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် အားကောင်းလာနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၂**

ယနေ့ညနေ ၆ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

ကြေးမုံ ယနေ့ ဖတ်စရာ


တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်နှင့် ဆေးတက္ကသိုလ်(၁)ရဲ့တေးသီချင်းများ

ဆောင်းပါး စာမျက်နှာ » ၈

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ နိုင်ငံတကာလေယာဉ်များကို ဒီဇင်ဘာ ၇ ရက်မှ စတင်ကာ ပြန်လည်ဝင်ရောက်ခွင့်ပြုမည်

စာမျက်နှာ » ၁၃

မြန်မာနိုင်ငံမှာသာရှိသည့် ပုပ္ပားမျောက်မြီးရှည်မျိုးစိတ်သစ် မျိုးတုံးပျောက်ကွယ်မှုမရှိစေရေး ထိန်းသိမ်းရန်လိုအပ်



စာမျက်နှာ » ၁၈

# ကျိုက်မရောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်

ကျိုက်မရော နိုဝင်ဘာ ၂၂

**မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေး လှုပ်ရှားမှုကို ယနေ့ နံနက်ပိုင်းတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

ကျိုက်မရောမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဒေသခံပြည်သူများ လိုက်နာဆောင်ရွက်နိုင်ရေး၊ နေအိမ်ပြင်ပသို့ ထွက်ခွာသူတိုင်း နှာခေါင်းစည်း စနစ်တကျဝတ်ဆင်သွားလာရေးအတွက် ကျိုက်မရောမြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်၊ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များက ယနေ့ နံနက် ၈ နာရီတွင် နေရာသုံးနေရာ၊ အုပ်စုသုံးစုခွဲ၍ နှာခေါင်းစည်းများကို ဒေသခံပြည်သူလူထုများထံသို့ အခမဲ့လိုက်လံဖြန့်ဝေခဲ့ကြသည်။

အဆိုပါ နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုကို နိုဝင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိ နေ့စဉ်ပြုလုပ်သွားမည်ဖြစ်ပြီး တစ်ရက်လျှင် နှာခေါင်းစည်းအခုရေ ၁၀၀၀ ကို ဝေငှပေးသွားမည်ဖြစ်ကာ နှာခေါင်းစည်းမဝတ်ဆင်သူများအား အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် ချက်ချင်းဝတ်ဆင်စေခြင်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများက လမ်းဆုံများ၊ လူစည်ကားရာနေရာများ၌ လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချိုမြတ်မြတ်ထွေး(ပြန်/ ဆက်)**

